# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၄ ရက် စနေနေ့။ Saturday, 15 April 2017 (၈၈၉၇)




မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ရှေ့၌ ရေပက်ခံကားများနှင့် ရေကစားကြသူများ စည်ကားလျက်ရှိစဉ်။

# သင်္ကြန်မိုးနှင့်အတူ ရန်ကုန်မြို့၏ သင်္ကြန်အကျနေ့ ရေလောင်းရေပက်သူများ စည်ကားများပြား

ရန်ကုန် ဧပြီ ၁၄

**ကွက်ကျားရွာသွန်းလိုက်သည့် သင်္ကြန်မိုးရေကြောင့် ပူပြင်းနေသည့် ရာသီဥတုသည်လည်း တစ်ခဏအတွင်း အေးချမ်းသွားပြီး ရန်ကုန်မြို့၏ မဟာသင်္ကြန်အကျနေ့တွင် အေးမြသောရာသီဥတုကြောင့် ရေလောင်းရေပက်သူများဖြင့် ရန်ကုန်မြို့နေရာအနှံ့စည်ကားလျက်ရှိသည်ကို တွေ့ရသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၄**

ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression) တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✱**







# ကြေးမုံ

## သင်္ကြန်အခါတော် ရေကစားကြတာ ပျော်ရွှင်စရာ

သင်္ကြန်အခါတော်ကျရောက်သည်နှင့် မြို့ကြီး မြို့ငယ်များ၏ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များက တေးသံဒိုးသံ စည်စည်ဝေဝေဖြင့် ရောင်စုံအကများ၊ အဆိုများ တစ်နိုင်ငံလုံးဖုံးလွှမ်းသွားသည်ဟု ထင်ရသည်။

မြန်မာလူမျိုးအများစုအဖို့မှာ သင်္ကြန်ဆိုသည့် အသံကြားရုံမျှနှင့် ရင်ခုန်နှလုံးခုန် စိတ်လှုပ်ရှားသွားကြသည်ပဲဖြစ်သည်။ သင်္ကြန်က မြန်မာလူမျိုးတို့အတွက် ရိုးရာယဉ်ကျေးမှုပွဲဆိုသည်သာမက နှစ်ကူးနှစ်ဦးအခါသမယက လာမည့်နှစ်သစ်တစ်နှစ်တာအတွက် ကိုယ်ရောစိတ်ပါ ပြင်ဆင်ရန်ကြိုးစားကြသည့် အချိန်လည်းဖြစ်၏။

သင်္ကြန်ရောက်တော့မည်ဆိုသည်နှင့် အတာအိုးပြင်ဆင်သည်မှစ၍ အိမ်သန့်ရှင်းရေး၊ မိမိအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အားတက်သရောလုပ်ကြသည်။ လူတစ်ဦးချင်းလည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်တွင်းက အဟောင်းအမြည့်များကို လွှင့်ပစ်တန်လွှင့်ပစ်၊ ပေးကမ်းတန်ပေးကမ်း စသည်ဖြင့် နှစ်ဟောင်းက အညစ်အကြေးများကို နှစ်သစ်ထဲပါမလာဖို့ဆိုသည့် ရည်မှန်းချက်ဖြင့် ရှင်းလင်းကြ၏။ သည်နှစ်သစ်မှစလို့ မိမိကိုယ်ကို မည်သို့မည်ပုံ သန့်ရှင်းစင်ကြယ်အောင်၊ ကုသိုလ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်မည်ဆိုသည်ကို တွေးတောဆုံးဖြတ် အဓိဋ္ဌာန်ပြုကြ၏။

နှစ်သစ်နှစ်ဦးဆိုသည်နှင့်အညီ နှစ်ဟောင်းက အညစ်အကြေးများ၊ မကောင်းမှုများ နှစ်ဟောင်းမှာပဲ ကျန်ရစ်စေရမည်။ ယခုလာမည့် နှစ်သစ်မှာ ပိုမိုကောင်းမွန်သည်များ၊ ပိုမိုသန့်ရှင်းဖြူစင်သည်များ၊ ပိုမိုကုသိုလ်တရားများနှင့်သာ ပြည့်စုံရစေကြောင်း အချင်းချင်းဆုမွန်တောင်းရင်း မိမိကိုယ်တိုင်လည်း အားထုတ်ကြိုးပမ်းကြ၏။

မကောင်းမှုကို မည်သို့ရှောင်ကာ၊ ကောင်းမှုကုသိုလ်မည်သို့ပြုရင်း၊ ဖြူစင်သန့်ရှင်းသော စိတ်နှလုံး ဖြစ်ကြရေးကို ကိုယ့်နည်းကိုယ့်ဟန် သူ့နည်းသူ့ဟန်အမျိုးမျိုးဖြင့် ဆောင်ရွက်ကြခြင်းက မြန်မာနိုင်ငံတွင်း မြို့ပြကျေးလက်မဟူ ရှိနေသော ရိုးရာယဉ်ကျေးမှုအစဉ်အလာတို့ဖြစ်ပါ၏။ သင်္ကြန်ဆိုသည်နှင့် ယှဉ်တွဲနေသည့် မြန်မာနှစ်သစ်ကူး စိတ်ကူးများ၊ ပြုပြင်မှုများ၊ အားထုတ်ကြိုးပမ်းမှုများ. . .။

ဤသည်အပြင် နှစ်သစ်ကိုကြိုဆိုရင်း ရေပက်ရေလောင်းကာ ကစားမြူးထူးကြခြင်းသည်ကား နှစ်သစ်ကူးကာလ စိတ်လွတ်လပ်ပေါ့ပါးမှု၊ ရွှင်ပျမှုတို့၏ အထွတ်အထိပ်ဟုပင် ဆိုရမည် ထင်၏။ ကလေးလူငယ် လူရွယ် လူကြီးမရွေး ပါဝင်ပျော်ရွှင်ရသည့် ရိုးရာတစ်ခုပါပင်။ သပြေခက်နှင့် ရေပက်သည်မှစ၍ ရေပွတ် ရေပိုက် ပုံးကြီး ပုံးငယ်တို့ဖြင့် လောင်းကြပက်ကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင် ကျီစယ်ကြရင်း ပျော်ရွှင်မြူးထူးရသည့် အရသာမှာ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ရှိနေသည့် ရှင်သန်နေသော ယဉ်ကျေးမှုဖြစ်ပါ၏။

သည်မျှ ပျော်ရွှင်ငြိမ်းချမ်း ချစ်ခင်ဖွယ်ကောင်းသည့် သင်္ကြန်ယဉ်ကျေးမှုမှာ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလများအတွင်း မြို့ကြီးများမှာ တဖြည်းဖြည်းချင်း ပြောင်းလဲလာခဲ့၏။ သင်္ကြန်ယဉ်ကျေးမှုသည် တစ်စတစ်စချင်း စီးပွားရေးဆန်လာခဲ့၏။ ငွေကြေးတတ်နိုင်သူတို့က ရေပက်မဏ္ဍပ်ကြီးများ အကြီးအကျယ်တည်ဆောက်ပြီး စီးပွားရေးကြော်ငြာများ၊ ရေတစ်ခါပက် ငွေဘယ်ရွေ့ဘယ်မျှဆိုပြီး ကောက်ခံကြ ဖြစ်လာသည်။ ပျော်ရွှင်မှုမှာ ငွေကြေးနှင့် ရောယှက်လာသည့်အခါ ပျော်ရွှင်မှုဆိုသည် ငွေနှင့်ဝယ်နိုင်မှုဖြစ်လာသည်။

နိုင်ငံရေးအာဏာရယူထားသူတို့၏ အလွဲသုံးမှု၊ အလွဲစီမံမှုအမျိုးမျိုးတို့၏ အမှားဒဏ်ကြောင့် နိုင်ငံနှင့် ပြည်သူအများစုတို့က အကြွေးပတ်လည်ဝိုင်းကာ ဆင်းရဲမှုနွံတွင်းနစ်မွန်းနေရချိန်မှာ မလိုအပ်သော ငွေကုန်ကြေးကျများသော ပျော်ရွှင်မှုမျိုးလိုဦးမည်လား။ အတော်အသင့် ကုန်ကျရုံမျှနှင့် ပျော်ရွှင်နိုင်သော ယဉ်ကျေးမှုကြီးရှိပါလျက် ငွေနှင့်ကစားမှပျော်ရသည့် ယဉ်ကျေးမှုအဆင့်မြှင့်တင်ရခြင်းမျိုး ယနေ့ကာလမှာ မလိုအပ်သေးဟု ထင်ပါသည်။

ထိုင်းနိုင်ငံမှာ သင်္ကြန်ကို ထိုင်းရိုးရာပွဲအဖြစ်ကြေညာကာ နိုင်ငံတကာကို ဆွဲဆောင်ဖို့ ကြိုးစားသည်မှာ မကြာလှသေး။ များလှစွာသော နိုင်ငံခြားသားခရီးသွားတို့ဖြင့် စီးပွားရေးအရ အောင်မြင်နေသည်ကို တွေ့နေရ၏။ သို့သော်လည်း မြန်မာနိုင်ငံမှာက မှုတသော အမျိုးသားစီးပွားရေးမူဝါဒနှင့် စီးပွားရေး အခင်းအကျင်း အာဝါသ မပီပြင်သေးသည့်အတွက် သူတို့လို အမျိုးသားရေးပေါ်လစီဖြင့် ပြုလုပ်ရန် ခက်ခဲနေဦးမည်ဟုထင်ရသည်။

ထို့ပြင် ငွေကြေးအမြတ်အစွန်းကိစ္စတို့ပါဝင်လာသည့်အခါ အရက်သေစာ၊ မူးယစ်ဆေးဝါး၊ ခိုက်ရန်ဖြစ်ပွားမှုများနှင့် အထွေထွေသော လူမှုရေးပြဿနာများကလည်း ရောယှက်လာနေသည်မှာ မြင်သာထင်သာ ဖြစ်လာသည်။ အထူးသဖြင့် လူငယ်လူရွယ်များရှိသော အိမ်ထောင်စုများမှာ မိဘများက သင်္ကြန်ကာလကို စိုးရိမ်ပူပန်နေရသည့် အခြေအနေထိ ဖြစ်လာခဲ့သည်။ သို့သော်လည်း ရန်ကုန်မြို့က သင်္ကြန်ချိန်ခါ ပေါ်ပေါက်လာသည့် အခြေခံလူတန်းစားတို့၏ အစားအသောက်ကြော်ချက်ရောင်းချခြင်း လုပ်ငန်းများမှာမူ လျော့နည်းသွားသည်ကို မြင်ရ၏။ စီးပွားရေးသမားကြီးများ၏ စီးပွားရေးအကွက်များအတွက် မထောင်းသာသော်လည်း အလတ်စား၊ အငယ်စားရာသီပေါ်လုပ်ငန်းများကိုဖြင့် သင့်မြတ်အောင်စဉ်းစားကာ နောင်နှစ်များတွင် စီစဉ်ရလိမ့်မည်ဟု မြင်ပါသည်။

ပြည်သူ့အစိုးရသစ်ပေါ်ပေါက်လာသည့်အခါ ယင်းသို့သော ငွေကြေးပေါ် အလွန်အမင်း တည်မှီလာပြီး စီးပွားရေးအလွန်ဆန်လာသည်ကို ပြောင်းလဲရန်ကြိုးစားလာခြင်းဖြင့် သင်္ကြန်ယဉ်ကျေးမှု၏ မူလအနှစ်သာရ ပြန်လည်ပေါ်ပေါက်လာသည်ကိုမူ တွေ့မြင်ရပါသည်။ တစ်နည်းဆိုရသော် စီးပွားရေးအရ မဖြစ်သော်လည်း ပြည်သူတို့ အေးချမ်းပျော်ရွှင်မှုကိုဖြင့် ရရှိအောင်မြင်ကြသည်ဟု ယူဆပါ၏။ ခြုံ၍ဆိုရလျှင် ရန်ကုန်၊ မန္တလေး အပါအဝင် မြို့ကြီးများတွင် စီးပွားရေးအလွန်အမင်းဆန်သည့် လှုပ်ရှားမှုများ လျော့ပါးသွားခဲ့၏။ ရန်ကုန်မြို့ မြို့နယ်ရပ်ကွက်များ၊ ဆင်ခြေဖုံးဒေသများအားလုံးမှာ မမြင်ရသည်မှာကြာပြီဖြစ်သော အုန်းလက်မဏ္ဍပ်ငယ်များ ပြန်လည်ပေါ်ပေါက်လာကာ ကလေးများ၊ လူငယ်လူရွယ်များ ရေကစားပျော်ရွှင်နေကြသည်ကို တွေ့မြင်လာရသည့်အတွက် ရပ်ကွက်ပြည်သူလူထုတို့က ဝမ်းသာနေကြသည်ကိုလည်း သတိပြုမိပါ၏။

အထူးသဖြင့် သင်္ကြန်ယဉ်ကျေးမှု၏ မူလဘူတ မန္တလေးရွှေမြို့တော်မှာ ရေပက်မဏ္ဍပ်များ စနစ်တကျ နေရာချထားပေးခြင်း၊ ကားမပါ၊ ဆိုင်ကယ်မပါ၊ ယာဉ်လွတ်လမ်းလျှောက် ရေပက်ခံစနစ်ကို ဖန်တီးပေးခြင်း၊ ပြည်သူလူထုအများစု ပါဝင်ဆင်နွှဲနိုင်သော သင်္ကြန်ယဉ်ကျေးမှုအငွေ့အသက်များလွှမ်းခြုံသော ဝန်းကျင်နှင့်အာဝါသကို ဖော်ထုတ်ပေးခြင်းတို့ဖြင့် ပြည်သူတို့ ရွှင်မြူးပျော်ပါး ရေကစားနေကြသည်ကို နှစ်သစ်အကြိုနေ့မှာပင် စတင်တွေ့မြင်နေရပါ၏။ ကြိုတင်ပြင်ဆင် အစီအစဉ်တကျပြုလုပ်ထားပြီး ထိုအစီအစဉ်အတိုင်းဖြစ်အောင် အကောင်အထည်ဖော်ခြင်း၊ စေ့စပ်ခြင်း၊ ပြည်သူလူထု၏ တုံ့ပြန်ဝေဖန်မှုကို နားထောင်ခြင်း စသည်ဖြင့် သပ်သပ်ရပ်ရပ် ဆောင်ရွက်သွားနိုင်ခဲ့သည်။ ရေကစားမဏ္ဍပ်များက ထွက်လာသည့်အမှိုက်များကို နေ့ချင်းသန့်စင်ရှင်းလင်းခြင်း ပြည်သူလူထုကို နည်းမျိုးစုံဖြင့် အသိပေးလှုံ့ဆော်နိုင်ခဲ့ခြင်းတို့ကလည်း အားရစရာဖြစ်ပါသည်။ တတ်နိုင်သူတို့ပျော်ရွှင်မြူးကြသည်ကို ငေးမောကြည့်ရှုရင်း မုဒိတာဖြစ်ရသည့်သင်္ကြန်က ကိုယ်တိုင်ပါဝင်ရေကစားရင်း ရွှင်ပျော်မြူးရသည့် ပြည်သူ့သင်္ကြန်အဖြစ်သို့ မသိမသာပြောင်းလဲလာခဲ့သည်ဟု မြင်မိပါသည်။ မြန်မာပြည်သူတို့ နှစ်သစ်ကူးကာလမှာ အေးချမ်းစွာရေကစားရင်း ငြိမ်းချမ်းပျော်ရွှင်နိုင်ကြပါစေသတည်း။ ။

## သင်္ကြန်ပိတ်ရက်အတွင်း သတင်းစာအဆက်မပြတ်ဖတ်၍ရနေ

**ရန်ကုန် မေ ၁၄**

သင်္ကြန်ပိတ်ရက်များအတွင်း နိုင်ငံပိုင်သတင်းစာများ အဆက်မပြတ်အလှည့်ကျ ထုတ်ဝေပေးသည်မှာ နှစ်စဉ်ဖြစ်နေသည်။ အများပြည်သူအနေဖြင့် သတင်းအဆက်မပြတ်ဖတ်နိုင်လာသည်။

ယခင်ပိတ်ရက် ၁၀ ရက်ရှိစဉ် ငါးရက်စီအလှည့်ကျ ထုတ်ဝေပေးခဲ့သည်။ ယခုနှစ်ပိတ်ရက် ငါးရက်သို့ပြောင်းလဲသဖြင့် သုံးရက်၊ နှစ်ရက် အလှည့်ကျထုတ်ဝေမည်ဟု သိရသည်။ အခြားပုဂ္ဂလိက နေ့စဉ်သတင်းစာဂျာနယ်များမှာ အချို့ငါးရက် အချို့ ၁၀ ရက်ပိတ်မည်ဟု သိရသည်။

သို့ဖြစ်ရာ ပိတ်ရက်ငါးရက်တွင် ပထမလေးရက်အတွင်း ပုံနှိပ်မီဒီယာအဖြစ် နိုင်ငံပိုင်သတင်းစာ တစ်စောင်သာရှိသည်။ နိုင်ငံပိုင်သတင်းစာ ပိတ်ရက်များအတွက် သတင်းစာဖိုးပေးသွင်းရန်မလိုသဖြင့် ကိုယ်စားလှယ်ယူသူများ ယခင်နှစ်က ငါးရက်၊ ယခုနှစ် နှစ်ရက်ဖိုး ငွေသက်သာလာသည်။ လပေးဖတ်ရှုသူများ အပြည့်ပေးထား၍ ငွေအနည်းငယ်နစ်နာသော်လည်း အိမ်အရောက် သတင်းစာပို့ပေးသောကြောင့် သတင်းအဆက်မပြတ်ဖတ်၍ ရနေသည်ဟု လပေးမှာယူဖတ်ရှုသူတစ်ဦးက ပြောသည်။

ဒစ်ဂျစ်တယ်သတင်းစာအသွင်ပြောင်းမည်ဟု သတင်းများဖတ်ရသော်လည်း စာဖတ်သူအများစုမှာ ပုံနှိပ်မီဒီယာကို အားထားဖတ်နေရခြင်း၊ အွန်လိုင်းအသုံးပြုသည့် လက်ရှိသတင်းစာတန်ဖိုးထက် ကွာခြားမှု မည်မျှရှိနိုင်သည်ကို မသိနိုင်သေးသောအများစုမှာ အချိန်မမြန်သော်လည်း သတင်းစာကိုပင်ဖတ်နေရဦးမည်ဟုပြောဆိုသည်ကို ကြားသိနေရသည်။

သင်္ကြန်ပိတ်ရက်တွင် နိုင်ငံပိုင်သတင်းစာ တစ်စောင်တည်းသာထွက်၍ လပေးပို့သူအချို့သင်္ကြန်ပိတ်ရက်လွန်မှ စုပေါင်းပေးပို့ခြင်းများရှိနေဆဲဖြစ်သည်။ လက်လီရောင်းရသည့် စောင်ရေမှာနည်းသဖြင့် လက်လီဝယ်ရာတွင် တစ်စောင်ကျပ် ၂၀၀ နှုန်းပေးရသည်ဟု လမ်းမတော်နေသူတစ်ဦးက ဆိုသည်။ ပုံမှန်သတင်းစာရောင်းသည့် နေရာများတွင် သတင်းစာတစ်စောင်တည်းထွက်ရှိ၍ လမ်းမတော်မြို့နယ်တွင် ဆိုင်ခင်းရောင်းချသူနည်းပြီး နံနက်ပိုင်း ၈ နာရီကျော်လျှင် တစ်စောင်တည်းထွက်သော သတင်းစာဝယ်မရဘဲရှိနေကြောင်း ပြောသည်။

**(မောင်စေအောင်)**



## မြောက်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

**ပြည် မေ ၁၄**

မြောက်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရမည့် လက်ဝဲလက်တံ (၁၃) CL-13 မြောင်းအဖျားပိုင်းတွင် ပြည်းကျေးရွာအုပ်စု ကွင်းအမှတ်(၇၃၇)တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ JICA အတိုင်ပင်ခံအဖွဲ့မှ ဦးဝင်းဆွေ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိ နှစ်ဦးတို့သည် မေ ၉ ရက်က ဒေသခံတောင်သူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းရာတွင် CL-13 မြောင်းဆည်ရေသောက်စနစ်ရှိ တောင်သူများနှင့် တွေ့ဆုံပြီး ဆည်ရေသောက်မြောင်းများ၏ လက်ရှိအခက်အခဲများကို တောင်သူများက လိုက်လံပြသခြင်း၊ တောင်သူများအတွက် ပိုမိုအကျိုးရှိနိုင်သည့် နည်းလမ်းများ၊ လိုအပ်ချက်များဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်သည့်အခါ ထိထိရောက်ရောက် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေပိုင်ဆိုင်သူ တောင်သူများ၏ အကြံပြုချက်များ တောင်းခံခြင်း၊ လိုအပ်သည့်နေရာ အရောက် လိုက်လံကြည့်ရှုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထပ်မံဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းပြောကြားခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ရေသောက်မြောင်းများ၏ ယခင်ကအားနည်းချက်များရှိခဲ့သော်လည်း ယခုအခါ JICA ODA LOAN အကူအညီဖြင့် ဆောင်ရွက်ခြင်းတွင် တောင်သူများနှင့် သက်ဆိုင်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက အဆက်မပြတ်ဆွေးနွေးတိုင်ပင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည်များကို တောင်သူများက ကူညီဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**(မြင့်နိုင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေး

ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ချမှတ်ထားတဲ့ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးနဲ့ ပြည်သူအများစုရဲ့ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကိုရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့ မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်းစတဲ့ နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက် ပန်ကြားလိုပါတယ်။

**(၁၇-၄-၂၀၁၆ ရက်နေ့တွင် ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး သဝဏ်လွှာမှ)**

## ပြည်သူပြည်သားအားလုံး ဝိုင်းဝန်းကူညီ

ကျွန်မတို့နိုင်ငံရဲ့ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူရဲ့အားကို ကျွန်မတို့ယူသလို ကျွန်မတို့ရဲ့ စွမ်းအားတွေအားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများ အားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# သင်္ကြန်ကာလအတွင်း တရားရိပ်သာများတွင် လူငယ်များ တရားဘာဝနာကုသိုလ်ပွားများအားထုတ်


ဦးစိုးမင်းအောင်


မောင်ရန်ပိုင်


မောင်မျိုးမင်းကျော်


မနေမင်းစိုး

**ရန်ကုန် မေ ၁၄**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း လူငယ်အများစုသည် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသကဲ့သို့ ဘုန်းတော်ကြီးကျောင်းများနှင့် တရားစခန်းရိပ်သာများတွင်လည်း ဒါန၊ သီလ၊ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်လျက်ရှိကြသည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မင်းကွန်းတောရကျောင်းတိုက်တွင် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း တရားစခန်းဝင်ရောက်သူ ၈၀၆ ဦးရှိပြီး လာရောက်တရားအားထုတ်သူ ယောဂီအများစုမှာ လူငယ်များဖြစ်ကြောင်း ယင်းကျောင်းတိုက်ရှိ ဝေယျာဝစ္စအဖွဲ့မှ သိရသည်။

"မင်းကွန်းတောရမှာက ဒုလ္လဘ ၁၁၇ ပါး၊ ရှင်သာမဏေ ၁၁၆ ပါး၊ သီလရှင် ၂၁၆ ပါး၊ အမျိုးသားယောဂီ ၄၆ဦး၊ အမျိုးသမီးယောဂီ ၄၀၁ ဦးရှိတယ်။ ဒီနှစ်သင်္ကြန်မှာတော့ လူငယ်တော်တော်များများ တရားစခန်းဝင်ကြတယ်"ဟု မင်းကွန်းတောရကျောင်း ဝေယျာဝစ္စအဖွဲ့မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုးမင်းအောင်က ပြောသည်။

မင်းကွန်းတောရသို့ တရားစခန်းလာရောက်ဝင်ရောက်သူ အလုံမြို့နယ်မှ မောင်ရန်ပိုင်က "သင်္ကြန်ဆိုတစ်မိသားစုလုံး တရားစခန်းဝင်ကြတယ်။ ကျွန်တော်တရားစခန်းဝင်တာနှစ်ကြိမ်ရှိပါပြီ။ သင်္ကြန်တွင်းမှာ ဒီလိုပဲ ရိပ်သာဝင်နေကျဆိုတော့ အမြဲရိပ်သာဝင်ဖြစ်အောင် ကြိုးစားနေပါတယ်"ဟု ဆိုသည်။

ထို့အတူ မင်းကွန်းတောရရိပ်သာသို့ တရားစခန်းဝင်ရောက်သူ သာကေတမြို့နယ်မှ အသက်(၁၇)နှစ်အရွယ် မောင်မျိုးမင်းကျော်ကလည်း "အရင်တုန်းက တရားစခန်းမဝင်ဖူးတော့ အတွေ့အကြုံလိုချင်တာနဲ့ ကုသိုလ်လည်းရအောင် ဝင်ကြည့်တာပါ။ လူငယ်တရားစခန်းတော့ ဝင်ဖူးတယ်။ ဒီလိုသင်္ကြန်တရားစခန်းတော့ မဝင်ဖူးသေးဘူး။ ဒါပထမဆုံးပါပဲ။ ရှေ့နှစ်သင်္ကြန်မှာလည်း တရားစခန်းဝင်ဖို့ စဉ်းစားထားပါတယ်"ဟု ပြောသည်။

ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာတွင်လည်း ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် တရားစခန်းလာရောက်ဝင်ရောက်သူ အမျိုးသား၊ အမျိုးသမီး ယောဂီဦးရေ နှစ်ထောင်နီးပါးခန့်ရှိကြောင်း အဆိုပါရိပ်သာမှ သိရသည်။

"မနှစ်က သံဃာတော်အပါအဝင် အမျိုးသား၊ အမျိုးသမီးအားလုံးပေါင်း ၁၉၀၀ ကျော်လောက်ရှိတယ်။ ဒီနှစ် နှစ်ထောင်ဝန်းကျင်လောက် လက်ခံဖို့ စီစဉ်ထားတယ်။ ဒီနှစ်သင်္ကြန်မှာတော့ ဒီရိပ်သာမှာ တရားလာထိုင်တာ လူငယ်တွေများတယ်"ဟု မဟာစည်သာသနာ့ရိပ်သာမှ အရန်အမှုဆောင် လုပ်အားပေးတစ်ဦးဖြစ်သူ ကိုဇော်မြင့်က ဆိုသည်။

ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းရိပ်သာများတွင် ဝင်ရောက်တရားအားထုတ်သူများအား စားဝတ်နေရေး၊ ကျန်းမာရေးမှအစ အစစအရာရာ လိုလေသေးမရှိအောင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မဟာစည်သာသနာ့ရိပ်သာတွင် တောင်ဒဂုံမြို့နယ်မှ တရားလာရောက်အားထုတ်သူ အသက်(၁၉)နှစ်အရွယ် မနေမင်းစိုးက "သမီးမှာ အဖေ အမေ မရှိတော့ပါဘူး။ မရှိတော့ ကိုယ့်အဖေ၊ အမေအတွက်ရည်စူးပြီးတော့ ဝင်ဖြစ်တာပါ။ အေးလည်း အေးမြတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးချမ်းပါတယ်။ အရင်နှစ်တွေက ရိပ်သာမဝင်ပါဘူး။ ရိပ်သာဝင်တဲ့အတွက် ဘုရားရဲ့ဂုဏ်တော်တွေ၊ တရားရဲ့ဂုဏ်တော်တွေ၊ ဓမ္မအကျိုးကျေးဇူးတွေ၊ အသိပညာတွေရရှိပါတယ်။ နောက်နှစ်မှာလည်း ဝင်မယ်လို့ စိတ်ကူးထားပါတယ်"ဟု ပြောသည်။

မဟာသင်္ကြန်ကာလသည် နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေလူငယ်များအပြင် နိုင်ငံ့တာဝန် ထမ်းဆောင်နေသည့် သက်လတ်ပိုင်း ဝန်ထမ်းများလည်း တရားစခန်းရိပ်သာများသို့ ဝင်ရောက်၍ ဝိပဿနာတရားများ အားထုတ်လျက်ရှိကြောင်း သိရသည်။

တရားစခန်းရိပ်သာများတွင် တစ်ခုနှင့်တစ်ခု တရားရှုမှတ်ချိန်မတူညီသော်လည်း ပုံမှန်အားဖြင့် နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညပိုင်းများတွင် တရားရှုမှတ်ပွားများရပြီး ရိပ်သာအလိုက် ဆရာတော်၊ သံဃာတော်များက အလုပ်ပေးတရားတော်များ ဟောကြားကြောင်း သိရသည်။

ရပ်ကွက်များတွင်လည်း တရားဘာဝနာပွားများခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းများအပြင် ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားများတွင်လည်း သင်္ကြန်တွင်းကောင်းမှုကုသိုလ်ပြုသူများ၊ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း- မင်းသစ်၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ- ဇော်မင်းလတ်၊ ရဲထွန်း**


**ဗဟန်းမြို့နယ်ရှိ မင်းကွန်းတောရကျောင်းတိုက်၌ မဟာသင်္ကြန်ကာလအတွင်း တရားစခန်းဝင်ကြသည့် အမျိုးသမီးယောဂီများကို တွေ့ရစဉ်။**

# အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံတွင် အကြီးမားဆုံးဗုံးတစ်လုံး ကြဲချ

**ဝါရှင်တန် မေ ၁၄**

အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံတွင် အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး (အိုင်အက်စ်)အဖွဲ့ အခိုင်အမာခြေကုပ်ယူထားသည့်နေရာကို စစ်ပွဲများတွင် အသုံးပြုခဲ့သမျှ ဗုံးများအနက် နျူကလီးယားဗုံးမဟုတ်သည့် အကြီးမားဆုံးဗုံးတစ်လုံးကြဲချခဲ့ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားသည်။

ဗုံးအားလုံး၏ မိခင်ဟုတင်စားခေါ်ဆိုကြသည့် GBU-43B Massive Ordnance Air Blast (MOAB )ကို မေ ၁၃ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာပြည်နယ်အရှေ့ပိုင်း လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် ကြဲချခဲ့ခြင်းဖြစ်သည်။

တိကျသည့်ပဲ့ထိန်းစနစ်ပါရှိသည့် အဆိုပါဗုံးသည် ကိုးမီတာရှည်လျားကာ အလေးချိန်ကီလိုဂရမ် ၉၈၀၀ ရှိပြီး ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲကာလအတွင်း စမ်းသပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကြဲချခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်မှူး ကြည်းတပ်ဗိုလ်ချုပ်ကြီး ဂျွန်နီခိုဆန်က အိုင်အက်စ် စစ်သွေးကြွများသည် ယင်းနေရာတွင် အခိုင်အမာနေရာယူပြီး ခုခံကာကွယ်လျက်ရှိကြောင်း၊ ယခုဗုံးကြဲချလိုက်မှုကြောင့် အနည်းဆုံး အိုင်အက်စ်စစ်သွေးကြွ ၃၆ ဦး သေဆုံးခဲ့ကြောင်းနှင့် အရပ်သားများ ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း ပြောကြားသည်။

ယခုဗုံးကြဲတိုက်ခိုက်မှုသည် ဆီးရီးယားလေတပ်စခန်းကို ခရုစ်ဒုံးကြည်ဖြင့် တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်းနှင့် မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုများမြင့်တက်နေချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။




ယခုကဲ့သို့ အဖျက်စွမ်းအားကြီးမားပြီး အင်အားပြင်းထန်သည့်ဗုံးကို အသုံးပြုတိုက်ခိုက်ခဲ့ခြင်းမှာ ဆီးရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို သတိပေးလိုက်ခြင်းဖြစ်ဖွယ်ရှိကြောင်း အမေရိကန်သတင်းမီဒီယာများက ရေးသားဖော်ပြသည်။

**အင်န်အိတ်ချ်ကေ။**

# ထိုင်း ဆွန်ခရန်ရေသဘင်ပွဲတော်တွင် ယာဉ်မတော်တဆမှုများကြောင့် နှစ်ရက်အတွင်း ၈၂ ဦးသေဆုံး

**ဘန်ကောက် မေ ၁၄**

မေ ၁၁ ရက်တွင် စတင်ကျင်းပသည့် ထိုင်းဆွန်ခရန်ရေသဘင်ပွဲတော်ကာလ ပထမနှစ်ရက်အတွင်း ယာဉ်မတော်တဆမှုများကြောင့် အနည်းဆုံး လူ ၈၂ ဦး သေဆုံးခဲ့ရကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြသည်။

ဘန်ကောက်ပို့စ် သတင်းစာ၏ အဆိုအရ "အန္တရာယ်များသော ခုနစ်ရက်"ဟု ခေါ်ဆိုထားသည့် ပထမနှစ်ရက်အတွင်း ယာဉ်မတော်တဆမှု စုစုပေါင်း ၉၉၅ မှုဖြစ်ပွားပြီး လူ ၁၀၄၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဆွမ်အန်ချိုင် ဝပ်တာနီချိုန်းချိုက ယာဉ်တိုက်မှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အရေအတွက်များမှာ လွန်ခဲ့သည့်နှစ်ကထက် ပိုမိုများပြားလာခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက်မှာ လွန်ခဲ့သည့်နှစ် အလားတူကာလက ၁၁၆ ဦးရှိခဲ့သည့်အတွက် လျော့နည်းသွားသည်ဟု ပြောကြားသည်။

ထိုင်းအစိုးရက ပွဲတော်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စတင်ဆောင်ရွက်ချိန်မှစ၍ အာဏာပိုင်များသည် မော်တော်ဆိုင်ကယ် ၄၃၃ စီးနှင့် ပုဂ္ဂလိကနှင့် ပြည်သူပိုင်ယာဉ် ၁၀၂ စီးတို့ ဖမ်းယူသိမ်းဆည်းခဲ့သည်။ အရက်အလွန်အကျွံသောက်မောင်းနှင်သည့် ယာဉ်မောင်းများကို ရှာဖွေစစ်ဆေးပြီးနောက် ယာဉ်များကို သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောဆိုချက်ကို ကိုးကားလျက် အမျိုးသားငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဆီရိချန် နာဂသွန်က ပြောကြားသည်။

မေ ၁၂ ရက်က ယာဉ်စည်းကမ်းလမ်းစည်းကမ်းဥပဒေကို ချိုးဖောက်သည့် မော်တော်ဆိုင်ကယ်စီးနင်းသူ ၃၂၇၈၂ ဦးကို ရပ်တန့်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၃၀၀၇၁ ဦးသည် တရားဥပဒေအရအရေးယူမှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း နာဂသွန်က ဆက်လက်ပြောကြားသည်။



လွန်ခဲ့သည့်နှစ်က ခုနစ်ရက်ကြာကျင်းပသည့် ထိုင်းရေသဘင်ပွဲတော်ကာအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၄၄၂ ဦးရှိခဲ့ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်း သေဆုံးသူအများဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့သည်။

***Asian Correspondent***

# လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ၁၀ နှစ်တာ အစီအစဉ် တရုတ်အာဏာပိုင်များ ထုတ်ပြန်ကြေညာ

**ပေကျင်း မေ ၁၄**

လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ၁၀ နှစ်တာ အစီအစဉ်တစ်ရပ်ကို တရုတ်အာဏာပိုင်များက ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ နိုင်ငံတော်၏ လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်အားပေးရန် ရည်ရွယ်သည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ထုတ်ပြန်လိုက်သော အဆိုပါအစီအစဉ်တွင် အသက် ၁၄ နှစ်မှ ၃၅ နှစ်အထိ အသက်အရွယ်ရှိသူများကို 'လူငယ်'ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။

ကာလလတ်နှင့် ကာလရှည် လူငယ်ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆-၂၀၂၅) ဟူ၍ အမည်ပေးထားသော အစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ လူငယ်ဖွံ့ဖြိုးရေးစနစ်နှင့် လုပ်ငန်းစဉ်တို့ကို ထူထောင်ရန်နှင့် ၂၀၂၅ ခုနှစ်ထက်နောက်မကျဘဲ ယင်းစနစ်ကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ရည်မှန်းချက်များ ချမှတ်ထားသည်။

အဆိုပါအစီအစဉ်သည် အထူးအားဖြင့် ပညာရေးဆိုင်ရာ ရည်မှန်းချက်များကို အလေးအနက်ထားသည်။ လုပ်သားအင်အားစုတွင် အသစ်ပါဝင်လာမည့် လူငယ်များအနေဖြင့် ပျမ်းမျှအားဖြင့် ၁၃ ဒသမ ၅ နှစ် ပညာသင်ယူခွင့်ရရှိစေရေး၊ ၁၀ နှစ်တာကာလအတွင်း အဆင့်မြင့်ပညာရပ်များကို လူငယ်တို့ သင်ယူနိုင်မှုနှုန်း ၅၀ ရာခိုင်နှုန်းကျော် မြှင့်တင်နိုင်ရေး၊ လူငယ်များအား စိတ်ပိုင်းနှင့် ရုပ်ပိုင်းတို့အရ စောင့်ရှောက်ပေးမှု မြင့်မားတိုးတက်ရေး စသည့် ရည်မှန်းချက်များကို ရေးဆွဲသတ်မှတ်ထားသည်။

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်နှင့် နိုင်ငံတော်၏ မျှော်လင့်ချက်ဖြစ်သည်ဟု အဆိုပါအစီအစဉ်တွင် ဖော်ပြထားသည်။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တရုတ်နည်းတရုတ်ဟန်ဖြင့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးတို့အတွက် အသက်အရွယ် အပိုင်းအခြားအမျိုးမျိုးရှိ လူငယ်အုပ်စုများကို ဦးတည်ကာ ပညာရေးဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့ပြနှင့် ကျေးလက်လူငယ်များအကြား ပညာရေးကွာဟချက် လျှော့ချနိုင်စေရေး၊ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံအနောက်ပိုင်းဒေသများ၌ ပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် အရင်းအမြစ်များ တိုးမြှင့်ပြုလုပ်ရေးတို့ကိုလည်း ရည်မှန်းချက်တစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

**ဆင်ဟွာ။**



# မြောက်ကိုရီးယားအရေး တင်းမာမှုများမြင့်တက်နေချိန် အမေရိကန် ဒုတိယသမ္မတ ဆိုးလ်သို့ရောက်မည်

**ဝါရှင်တန် မေ ၁၄**

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို အကြောင်းပြု၍တင်းမာမှုများ မြင့်တက်လာနေစဉ်အတွင်း အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည် တောင်ကိုရီးယားနိုင်ငံသို့ မေ ၁၆ ရက်တွင် သွားရောက်ရန်စီစဉ်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အာရှဒေသ ၁၀ ရက်ကြာခရီးစဉ်ကို အစပျိုးမှုအဖြစ် ပန့်စ်သည် မြို့တော်ဆိုးလ်သို့ ရောက်ရှိလာမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ဆဋ္ဌမအကြိမ် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို မကြာမီပြုလုပ်ဖွယ်ရှိသည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေစဉ် ပန့်စ်က အာရှတစ်ခွင် ခရီးနှင်မည်ဖြစ်သည်။

ထိုစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယား၏ လက်နက်အစီအစဉ်နှင့်ပတ်သက်၍ သတိပေးပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ဆာရင်အာရုံကြောအဆိပ်ဓာတ်ငွေ့ထည့်သွင်းနိုင်သော ဒုံးကျည်ထိပ်ဖူးများကို ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ယူဆရကြောင်း ဝန်ကြီးချုပ်အာဘေးက ပါလီမန်အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

အာရုံကြောထိခိုက်စေနိုင်သော ဆာရင်အဆိပ်ဓာတ်ငွေ့ပါဝင်သော ထိပ်ဖူးများကို မြောက်ကိုရီးယားက ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ထင်မြင်ယူဆရကြောင်း ဝန်ကြီးချုပ်အာဘေးက အထက်လွှတ်တော်အမတ်များအား မေ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံရှိ ဘာသာရေးအယူသည်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သော ဉမ်ရှင်ရီကျိုဂိုဏ်းသည် ၁၉၉၅ ခုနှစ်က မြို့တော်တိုကျို၌ မြေအောက်ရထားဘူတာရုံများကို ပစ်မှတ်ထားကာ ဆာရင် အာရုံကြောအဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့ဖူးသည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်ရေးအစီအစဉ်ကို အကြောင်းပြု၍ ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှု ပိုမိုမြင့်မားလာနေချိန်တွင် အမေရိကန်က ယင်းကျွန်းဆွယ်အနီးအပါးသို့ ရေတပ်တိုက်ခိုက်ရေး အုပ်စုတစ်စုကို စေလွှတ်မည်ဟု ကြေညာခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံကို တစ်ဖက်သတ်အရေးယူမှုပြုလုပ်မည်ဟု အမေရိကန်အစိုးရက သတိပေးခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ထူထောင်သူခေါင်းဆောင်ကြီး ကင်အီဆွန်း၏ မွေးနေ့ ၁၀၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကာလအတွင်း ယင်းနိုင်ငံက လက်နက်စမ်းသပ်မှုအသစ်ပြုလုပ်ဖွယ်ရှိသည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

**ရိုက်တာ။**

# အင်္ဂါဂြိုဟ်သို့ လူသားများစေလွှတ်ရန် နာဆာ ရည်မှန်း

မောင် သာ ယာ

အင်္ဂါဂြိုဟ်သို့ လူသားများကိုယ်တိုင်သွားရောက်လေ့လာရေးအစီအစဉ်မှာ ယခုအခါ အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)၏ တရားဝင် ရည်မှန်းချက်တစ်ခုဖြစ်လာသည်။



လွန်ခဲ့သည့်လက အမေရိကန်သမ္မတဒေါ်နယ်လ်ထရန့်က နာဆာ၏ ဘက်ဂျက်ကိုတိုးမြှင့်ပေးသည့် ဥပဒေတစ်ရပ်ကို လက်မှတ်ရေးထိုးပေးခဲ့သည်။ အဆိုပါဥပဒေက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး ၁၂ လစာအတွက် ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံ အသုံးပြုခွင့်ပေးထားသည်။ အဆိုပါငွေပမာဏကို ကွန်ဂရက်က အတည်ပြုထောက်ခံသွားဖွယ်ရှိသည်။ အင်္ဂါဂြိုဟ်သို့ လူသားများစေလွှတ်စူးစမ်းလေ့လာရေး နာဆာအဖွဲ့၏ တရားဝင်ရည်မှန်းချက်အတွက် ဘက်ဂျက်တိုးမြှင့်ခွင့်ပြုပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အင်္ဂါဂြိုဟ်စီမံကိန်း ငွေသုံးစွဲရေး လက်မှတ်ရေးထိုးရသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ထရန့်က လက်မှတ်ထိုးပွဲတွင် ပြောကြားသည်။ နှစ်ပေါင်း ၆၀ နီးပါးခန့် ရှိနေပြီဖြစ်သည့် နာဆာအဖွဲ့သည် သန်းပေါင်းများစွာသောအမေရိကန်တို့၏ ဂြိုဟ်များနှင့် ကမ္ဘာမြေအတွက် ပိုမိုကောင်းမွန်သော အနာဂတ်များအတွက် စိတ်ကူးအိပ်မက်များကို ဖော်ဆောင်ပေးလျက်ရှိသည်ဟု ထရန့်က ပြောကြားသည်။ လက်မှတ်ရေးထိုးရန် အချိန်ကြာနေသည့် အဆိုပါဥပဒေကို နာဆာ၏အစီအစဉ်များဖြစ်သည့် အာကာသသို့ လူသားများစေလွှတ်စူးစမ်းလေ့လာရေး၊ အာကာသသိပ္ပံနှင့် အာကာသနည်းပညာအစီအစဉ်များအတွက် အမျိုးသားကော်မတီက ထပ်လောင်း အတည်ပြုသွားမည်ဖြစ်သည်။

## ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်

အင်္ဂါဂြိုဟ်သို့ အာကာသယာဉ်မှူးများ စေလွှတ်ရေးအစီအစဉ်မှာ နာဆာအဖွဲ့၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သည်။ နာဆာအဖွဲ့အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အင်္ဂါဂြိုဟ်သို့ လူသားများစေလွှတ်နိုင်ရန် ရည်မှန်းထားသည်။ နာဆာအဖွဲ့အနေဖြင့် အင်္ဂါဂြိုဟ်သွားရောက်ရေးစီမံကိန်း နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်ရေးမျှော်လင့်ပြီး ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်ခ်ပိုင်ဆိုင်သည့် SpaceX ကုမ္ပဏီသည် အင်္ဂါဂြိုဟ်သို့ သွားရောက်ရေးအစီအစဉ်များ လုပ်ဆောင်လျက်ရှိသည်။ အဆိုပါကုမ္ပဏီက ၂၀၁၈ ခုနှစ်တွင် အင်္ဂါဂြိုဟ်သို့ လူလိုက်ပါခြင်းမရှိသည့် အာကာသယာဉ်တစ်စင်းစေလွှတ်သွားရန် စီစဉ်ထားသည်။ မည်သည့်အရာပဲဖြစ်ဖြစ် အာကာသထဲသို့ နက်နက်ရှိုင်းရှိုင်း ပို့ဆောင်သည့်အခါ အဓိကရင်ဆိုင်ဖြေရှင်းရမည့်အခက်အခဲမှာ အပူရောင်ခြည်ဖြာထွက်ခြင်း သို့မဟုတ် ရေဒီယိုသတ္တိကြွခြင်းကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမလဲဆိုသည့် ပြဿနာဖြစ်သည်။ အာကာသယာဉ်ကို အပူရောင်ခြည်ဖြာထွက်မှုဒဏ်ခံနိုင်သည့် အရာဝတ္ထုများဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ သို့သော် စမ်းသပ်လုပ်ဆောင်မှုများ လိုအပ်လျက်ရှိသည်။



## အပူရောင်ခြည်ဖြာထွက်မှု ခုခံကာကွယ်ရန် လုပ်ဆောင်

အာကာသယာဉ်မှူးများ ကမ္ဘာ့လေထုအပြင်ဘက်သို့ ခရီးသွားသည့်အခါ အပူရောင်ခြည်ဖြာထွက်မှုမှ ခုခံကာကွယ်နိုင်မည့် နည်းလမ်းများကို သိပ္ပံပညာရှင်များက စမ်းသပ်လုပ်ဆောင်လျက်ရှိသည်။ ကျွန်ုပ်တို့ လူသားများကိုသေစေနိုင်သော နေမှထွက်ရှိသည့် ရေဒီယိုသတ္တိကြွပစ္စည်းများမှထုတ်လွှတ်သည့် လှိုင်းတိုရောင်ခြည် (ဂမ္မာရောင်ခြည်)များကို ကမ္ဘာ့လေထုနှင့် ကမ္ဘာ့သံလိုက်စက်ကွင်းများက အကာအကွယ်ပေးထားသည်။ မြင့်မားသည့် အပူရောင်ခြည်ဖြာထွက်မှုသည် ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပြီး တစ်ခါတစ်ရံ လူကိုသေစေနိုင်သည်။

ကမ္ဘာပေါ်တွင် နျူကလီးယားဘေးအန္တရာယ်တစ်ခုဖြစ်ပွားခဲ့လျှင် အပူရောင်ခြည်ဖြာထွက်မှု ကင်းဝေးစေရန် မီတာပေါင်းများစွာကွာဝေးသည့်နေရာသို့ ရှောင်ထွက်ခြင်း သို့မဟုတ် ထူထူထပ်ထပ်ဖြင့် ခိုင်ခိုင်လုံလုံကာကွယ်မှုများပြုလုပ်ရသည်။ အာကာသထဲရောက်ရှိနေသည့် အာကာသယာဉ်မှူးများအတွက်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့ကို လွှမ်းခြုံထားသောလေထုသည် ပါးလွှာသည့်အတွက် ယင်းနေရာများသို့ ခရီးသွားမည့်သူများ သို့မဟုတ် နေထိုင်မည့်သူများကို ခုခံကာကွယ်ပေးနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အင်္ဂါဂြိုဟ်တွင် လူသားများကို အပူရောင်ခြည်ဖြာထွက်မှုမှ ကာကွယ်ပေးသည့်နေရာသည် ကမ္ဘာ့လူသားတို့၏ ကိုလိုနီနယ်မြေတစ်ခုဖြစ်သည်။ သိပ္ပံပညာရှင်များသည် အပူရောင်ခြည်ဖြာထွက်မှုဒဏ်ကို ခုခံကာကွယ်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို စမ်းသပ်လုပ်ဆောင်လျက်ရှိသည်။

## ဓာတ်ရောင်ခြည်ကာကွယ်ရေးအင်္ကျီ

အာကာသယာဉ်မှူးများ ဝတ်ဆင်ရသည့်အရာများတွင် အာကာသဝတ်စုံသည် တစ်ခုအပါအဝင်ဖြစ်သည်။ StemRad ဟုခေါ်သည့် အစ္စရေးကုမ္ပဏီတစ်ခုက AstroRad Radiation Shield ဟုခေါ်သည့် ဓာတ်ရောင်ခြည် ကာကွယ်ရေးအင်္ကျီ ထုတ်လုပ်လျက်ရှိသည်။ အဆိုးရွားဆုံးနျူကလီးယားဘေးန္တရာယ်အခြေအနေတစ်ခုမှသည် အင်္ဂါဂြိုဟ်ပေါ်တွင် လမ်းလျှောက်နိုင်သည့် ဓာတ်ရောင်ခြည်ကာကွယ်ရေးအင်္ကျီများကို မိမိတို့ ထုတ်လုပ်လျက်ရှိကြောင်း StemRad နည်းပညာဆိုင်ရာအမှုဆောင်ချုပ် ဂီဒီအွန် ဝါတားမန်းက ပြောကြားသည်။

ဓာတ်ရောင်ခြည်ကာကွယ်ရေးအင်္ကျီသည် လူ၏လိင်အင်္ဂါနှင့် အဆုတ်များကဲ့သို့ မရှိမဖြစ် တစ်သျှူးများကို ဓာတ်ရောင်ခြည်အကာအကွယ်ပေးနိုင်ရန် ဒီဇိုင်းပုံစံထုတ်လုပ်ထားသည်။ ထို့ပြင် အဓိကအခြေခံကလာပ်စည်းများကို ခုခံကာကွယ်ပေးနိုင်သည်။

အဆိုပါ ဓာတ်ရောင်ခြည်ကာကွယ်ရေးဝတ်စုံကို ၂၀၁၈ ခုနှစ်တွင် အာကာသထဲတွင် ပထမဆုံးအကြိမ် စမ်းသပ်ဝတ်ဆင်သွားမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် နာဆာ၏အော်ရီယွန် အာကာသယာဉ်သည် ၎င်း၏ပထမဆုံးခရီးစဉ်အဖြစ် လကမ္ဘာဝန်းကျင်သို့ သွားရောက်ဖွယ်ရှိသည်။ အော်ရီယွန်၏ လကမ္ဘာခရီးစဉ်တွင် StemRad ကုမ္ပဏီက ဓာတ်ရောင်ခြည်ကာကွယ်ရေးဝတ်စုံကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီဝတ်စုံကို သရုပ်သကန်တူအောင်ပြုလုပ်ထားတဲ့ စမ်းသပ်မှုတွေအပေါ်အခြေခံပြီး ဖန်တီးထားတာပါ။ ဒါပေမယ့် ရာခိုင်နှုန်းပြည့် အကောင်းဆုံးဖြစ်အောင် ထုတ်လုပ်ထားပါတယ်။ နာဆာအဖွဲ့ရဲ့ နောက်ထပ် အော်ရီယွန် အာကာသလေ့လာရေးခရီးစဉ်အတွက်လည်း ဒီဝတ်စုံကို ပို့ဆောင်ပေးထားပါတယ်" ဟု StemRad ကုမ္ပဏီ၏ သိပ္ပံရေးရာ အရာရှိချုပ် အော်ရန်မီလ်စတင်းက ပြောကြားသည်။ အဆိုပါ ဓာတ်ရောင်ခြည်ကာကွယ်ရေးဝတ်စုံသည် ပေါ့ပေါ့ပါးပါးရှိပြီး ကလာပ်စည်း အတော်များများဖြင့် ပြုလုပ်ထားသည်။

## နာဆာအဖွဲ့၏ စဉ်းစားရွေးချယ်ခွင့်များ

နာဆာအဖွဲ့အနေဖြင့် အပူရောင်ခြည်ဖြာထွက်မှုကို အခြားနည်းလမ်းများဖြင့် စူးစမ်းလေ့လာလျက်ရှိသည်။ စိတ်ကူးတစ်ခုမှာ အော်ရီယွန် အာကာသယာဉ်၏ အောက်ခြေကြမ်းပြင်တွင် မုန်တိုင်းကာကွယ်ရေး အဆောက်အအုံတစ်ခု တည်ဆောက်ရန်ဖြစ်သည်။ အာကာသယာဉ်မှူးများအနေဖြင့် နေမှဖြာထွက်နေသည့် မီးတောက်မုန်တိုင်းနှင့် ကြုံရသည့်အခါတွင်လည်း အဆိုပါအဆောက်အအုံထဲတွင် အကာအကွယ်ရနိုင်မည်ဖြစ်သည်။ မီးတောက်မုန်တိုင်းများသည် နေ၏မျက်နှာပြင် အစိတ်အပိုင်းအချို့မှ အပူစွမ်းအင်များ ရုတ်တရက်ပေါက်ကွဲထွက်ပေါ်လာခြင်းဖြစ်သည်။ နာဆာအာကာသအေဂျင်စီအနေဖြင့် အပူရောင်ခြည်ဖြာထွက်မှုကို ကာကွယ်နိုင်ရန် anti-oxidants ကဲ့သို့သော ဆေးဝါးများကိုလည်း စမ်းသပ်လုပ်ဆောင်လျက်ရှိသည်။ ယင်းဆေးဝါးများသည် နေမှထွက်ရှိသည့် အပူစွမ်းအင်နှင့်ထိတွေ့မှုကြောင့် ဖြစ်ပေါ်သည့် ဓာတ်ရောင်ခြည်သင့်မှုကို ဖယ်ရှားသွားနိုင်ဖွယ်ရှိသည်။ (VOA)

# ဆီးရီးယားအစိုးရနှင့် သူပုန်အဖွဲ့များ၏ သဘောတူညီချက်အရ မြို့လေးမြို့မှ လူပေါင်း ၇၀၀၀ ကျော်အား စတင်ရွှေ့ပြောင်းပေး

**ဒမတ်စကတ် မေ ၁၄**

ဆီးရီးယားနိုင်ငံ၌ ပိတ်ဆို့ခံထားရသော မြို့လေးမြို့မှ လူပေါင်း ၇၃၅၀ အထိကို မေ ၁၄ ရက်တွင် ဘေးလွတ်ရာသို့ စတင်ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ဆီးရီးယားအစိုးရနှင့် သူပုန်များအကြား မကြာသေးမီက ရရှိခဲ့သည့် သဘောတူညီချက်တစ်ရပ်အရ ပိတ်မိနေသော ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း ဆီးရီးယားစစ်ဘက်သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။



မာဒါရာမြို့နှင့် အနီးရှိဒေသများမှ ဆီးရီးယားသူပုန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင် ဦးရေ ၂၃၅၀ ခန့်သည် ဘတ်စ်ကား အစီးရေ ၆၀ ဖြင့် နိုင်ငံအနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်ရှိ သူပုန်များ သိမ်းယူထားသည့် ဒေသများသို့ ဦးတည်ထွက်ခွာကြောင်း စစ်ဘက်သတင်းရပ်ကွက်မှ အမည်မဖော်သူတစ်ဦးက ပြောကြားသည်။

အပြန်အလှန်အားဖြင့် အီဒလစ်ပြည်နယ်ရှိ ရှီးယိုက်တို့ နေထိုင်ရာ ကာဖရာယာမြို့နှင့် ဖိုအာမြို့တို့ရှိ အစိုးရထိန်းချုပ်ထားသော ဒေသများသို့ တိုက်ခိုက်ရေးသမားများ အပါအဝင် အရပ်သား ၅၀၀၀ ခန့် တင်ဆောင်ထားသော ဘတ်စ်ကား ၇၅ စီး၊ အရေးပေါ် လူနာတင်ယာဉ် ၂၀ တို့ဖြင့် ရွှေ့ပြောင်းထွက်ခွာသွားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဆင်ဟွာ။

# မင်းသုဝဏ်နှင့် သင်္ကြန်ခံစားမှုများ

ကျော်မြင့်သစ်

ဆရာဇော်ဂျီ၏ "ပိတောက်ပန်း"ကဗျာသည် ခေတ်စမ်းစာပေ၏ ပထမဆုံး အရေးအသားဟု မြန်မာစာပေပညာရှင်များက သတ်မှတ်ထားကြသည်။ သည်လိုဆိုလျှင် ခေတ်စမ်းစာပေ၏ ပထမဆုံးခြေလှမ်းသည် သင်္ကြန်ခံစားမှုနှင့် ပတ်သက်နေသည်ဟု ဆိုရလိမ့်ဦးမည်။ ခေတ်စမ်းခေါင်းဆောင်ကြီးများ၏ အရေးအသားအချို့ကို ခံစားရသောအခါ သင်္ကြန်ခံစားမှု၊ သင်္ကြန်အဖွဲ့အနွဲ့များကို သတိထားမိလာ၏။

ဆရာဇော်ဂျီက "ပိတောက်ပန်း"ကဗျာအပြင် "နွေဦးကျက်သရေ"ထဲ၌ သင်္ကြန်ပုံရိပ်အချို့ကို ထည့်သွင်းရေးသားခဲ့သည်။ ဆရာမင်းသုဝဏ်ကမူ သင်္ကြန်ခံစားမှု ပိုမိုကြွယ်ဝသည်ဟု ပြောရလောက်သည်။ "သင်္ကြန်တုန်းက" ဟူသော ခေတ်စမ်းပုံပြင်စာအုပ်ပါ စကားပြေအပြင် သင်္ကြန်ရေစိုစွတ်သော ကဗျာများကို ရေးဖွဲ့ခဲ့သေးသည်။

ခေတ်စမ်းပုံပြင်စာအုပ်ပါ ဆရာမင်းသုဝဏ်၏ "သင်္ကြန်တုန်းက"သည် သင်္ကြန်အခါ၌ ဇာတိရပ်ရွာသို့ ခဏအလည်ပြန်သည့် တက္ကသိုလ်ကျောင်းသား တစ်ယောက်(ဝါ) ခေတ်ပညာတတ်တစ်ဦး၏ ဇာတိရွာမှ သင်္ကြန်အတွေ့အကြုံပင်။ "သင်္ကြန်တုန်းက"၏ အဓိကပေးလိုသည့် သင်္ကြန်ခံစားမှုသည် ရှေးကျေးလက်သဘာဝအတိုင်း ကုသိုလ်ရေးနှင့်တွဲ၍ အပျော်ရှာကြခြင်းဖြစ်သည်။

ဆရာမင်းသုဝဏ်သည် သင်္ကြန်ခံစားမှုကို ကဗျာအဖြစ်ရေးဖွဲ့မှု ပိုများခဲ့သည်။ ၁၉၄၁ ခုနှစ် မြန်မာပြည်စာအုပ်တိုက်မှ ထုတ်ဝေသော "သပြေညို" ကဗျာစာအုပ်ထဲ၌ပင် သင်္ကြန်ခံစားမှုကဗျာ သုံးပုဒ်အထိ တွေ့ရသည်။ ပထမတစ်ပုဒ်မှာ "အတာရေ"ဖြစ်သည်။ သပြေညို ကဗျာစာအုပ်ထဲတွင် ကဗျာအောက်ခြေ၌ ရေးဖွဲ့သည့်အချိန်ကာလကို ထည့်သွင်းမထားသော်လည်း ဆရာမင်းသုဝဏ်၏ စာပေလက်ရာများကို တစိုက်မတ်မတ် လေ့လာရေးသားသူ ဆရာမောင်ဟုန်ဝမ်(ကထိက)ကမူ ၁၉၃၃ ခုနှစ်ဟု "မင်းသုဝဏ်နှင့် ကဗျာ" စာအုပ်၌ ရေးသားထားသည်။

**"အတာရေ"**

"အတာ အတာ၊ ရေသီတာကို
သဟာအပေါင်း၊ သွန်းကာလောင်းအံ့
အကြောင်းသို့ ညွှန်၊ ကျွန်ုပ်ကျွန်ကို
လိုက်ရန်သူတို့ ခေါ်ဘိ၏။"

ကဗျာ၏ ပထမအပိုဒ်မှုပင် စာဆို၏ အထီးကျန်မှုကို တွေ့နေရသည်။ သင်္ကြန်အခါ ဖြစ်သည့်တိုင် အိမ်ထဲမှာပင် တွေငေးနေသော လူငယ်တစ်ယောက်၏ မျက်လုံးများက အိမ်ပြတင်းဝမှတစ်ဆင့် ငေးမောနေတော့မည်။ ဘာကြောင့်လဲ။

"သဟာ သဟာ၊ မခေါ်လှာနှင့်
သံသာလောက၊ ကျွန့်ဘဝ၌
ချမ်းမြကြည်စင်၊ ကျွန့်ရေစင်ကို
သွန်းချင်တစ်ယောက်တည်းရှိ၏။"

ဒုတိယအပိုဒ်မှာတော့ သင်္ကြန်တွင်းမှာ သူတစ်ပါးတွေလို ရေမကစားနိုင်သည့် လူငယ်လေးတစ်ယောက်၏ ဒဏ်ရာကို တစ်ပိုင်းတစ်စ မြင်ရပြန်လေပြီ။

"ဘဇာ ဘဇာ၊ မေးသောခါဝယ်
ဝေးမှာစံနေ၊ ကျွန့်သက်ဝေဟု
အဖြေပေးမည်၊ တွေးကြံစည်စဉ်
မတည်နှစ်ခွ၊ ကျွန့်ကြမ္မာ့ကြောင့်
နှုတ်အ၍သာ နေမိ၏။ ။"

သည်နောက်ဆုံးအပိုဒ်မှာတော့ သင်္ကြန်အခါမှာ ရေဖလားမကိုင်နိုင်သည့် စာဆို၏ဝေဒနာကို အပြည့်အစုံ မြင်လိုက်ရလေပြီ။ သူငယ်ချင်းများက လာရောက်ခေါ်ငင် အဖော်စပ်သည့်တိုင် လူငယ်လေးလိုက်မသွား။ "ဒီကမ္ဘာကြီးထဲမှာ ငါရေလောင်းချင်တဲ့သူတစ်ယောက်ပဲရှိတယ်။ ဒါပေမယ့် . . . . . ဟု စကားလက်စတန်းလန်းနှင့် တွေငေးနေသော လူငယ်တစ်ယောက်ကို "အတာရေ"ကဗျာထဲမှာ တွေ့လိုက်ရ၏။

"အတာရေ"ကဗျာကို ဆရာမောင်ဟုန်ဝမ် (ကထိက)က သုံးသပ်ရာတွင် ဆရာ မင်းသုဝဏ်၏ ဘဝနှင့်ပါ တွဲစပ်ခံစားသွားခဲ့သည်။

"၁၉၃၁ မှ ၁၉၃၅ ခုနှစ်လောက်အထိ လေးနှစ်တာအတွင်းဝယ် ချစ်ခြင်းနှင့်ယှဉ်သော စိုးရိမ်ခြင်းသောကကြောင့် ဆရာတစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်းဖြစ်သော မင်းသုဝဏ်သည် ဆောက်တည်ရာကို မရနိုင်ဘဲ၊ ဆင်းရဲသော ခံစားမှု၏ဒဏ်ကို အတော်ပင်ခံရသည်။ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ။ ချစ်အပ်သောသူ ရှိသည်ဟု ဆိုသော်လည်း ဘဝချင်းခြားနားနေသောကြောင့် ပိုင်ပိုင်နိုင်နိုင် မပြနိုင်ပါ။ ဒွိဟ သံသယဖြင့် နှုတ်အ၍သာ စိတ်ဆင်းရဲခြင်း ဖြစ်ရသည်။ ထိုသဘောကို "အတာရေ"ကဗျာက မင်းသုဝဏ်၏ ခံစားမှုကို ဖော်ပြလျက်ရှိသည်။"

(မင်းသုဝဏ်နှင့် ကဗျာ- မှ)

သပြေညို ကဗျာစာအုပ်ပါ နောက်ထပ် သင်္ကြန်ခံစားမှုကဗျာက "လက်ဆောင်ပြန်" ဖြစ်သည်။ သည်ကဗျာထဲမှာတော့ စာဆို၏ သင်္ကြန်ခံစားမှုအမြင်က ကြည်လင်နေသည်။ အိမ်ပြတင်းမှနေ၍ အဆွေးမျက်လုံးများဖြင့် တွေငေးမနေတော့။ မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရကို ထိုးဖောက်ရှုမြင်ထားသည်။

**"လက်ဆောင်ပြန်"**

"မိုးသင်္ကြန် ရေသောက်လို့
ရွှေပိတောက် တဝါဝါ
သင်းကြူနံ့ဖြာ။
ကျွန်တို့ဆီမှာ၊
သာပါရဲ့ ပုံမောင်း။"

သင်္ကြန်ပွဲတော်၏ မြင်ကွင်းကို သင်္ကြန်မိုးလေး တစ်ပြိုက်နှစ်ပြိုက်နှင့်ပင် ထိန်ဝေနေအောင် ပွင့်လာကြသော ပိတောက်ပန်းများနှင့် တင်စားဖွင့်လှစ်ပြသည်။ ပြီးတော့ ပိတောက်ရနံ့။ နွေနေပူကို ထိုးဖောက်ထွက်လာသည့်၊ သင်္ကြန်လေပြည်ကို ခိုစီးလွင့်မျောလာသည့် ပိတောက်ရနံ့။ ဒါ-သင်္ကြန်၏ သင်္ကေတများပင် မဟုတ်လား။

နောက်တစ်ချက်က သင်္ကြန်၏အသံ။ "ကျွန်တို့ဆီမှာ သာပါရဲ့ ပုံမောင်း" တဲ့။ ဆရာ မင်းသုဝဏ်တို့ ခေတ်ကာလဆီက တောမြို့ကလေးတွေ၊ တောကျေးလက်တွေမှာ ရှိတတ်ခဲ့သည့် သင်္ကြန်လူငယ်များ၏ အပျော်တမ်းအိုးစည်ဝိုင်းကလေးများ၊ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်များဆီမှ စည်တိုသံခပ်မြူးမြူး ကလေးများ။ သည်အသံများကလည်း သင်္ကြန်ပွဲ၏ အမှတ်တံဆိပ်များပင်။

လူငယ်အချင်းချင်း လောင်းကြပက်ကြသည့် "ရေ"သည် မည်ကာမတ္တ "ရေ"မဟုတ်။ ဆရာမင်းသုဝဏ် ဖွဲ့ဆိုထားသည့် နောက်ဆုံးအပိုဒ်ကို ကြည့်ပါဦး။

"မောင်ကြီး မာပါစေတဲ့၊
မလေး ချာပါစေတဲ့၊
အတာရေ ဖြာဝေသွန်းလို့ရယ်
ညွှန်းကြဆုတောင်း ။ ။"

လူလူချင်း မေတ္တာတရားများ ဖြည့်စွက်ထားသော ရေ။ လူလူချင်း မုဒိတာတရားများ မွမ်းမံထားသော ရေ။

"အတာရေ"ကဗျာဖြင့် သင်္ကြန်ကို အဆွေးငွေ့သန်းသော မျက်လုံးဖြင့် ကြည့်ခဲ့သည့် ဆရာမင်းသုဝဏ်သည် နောက်ပိုင်းမှာတော့ သင်္ကြန်အပေါ် အမြင်ပြောင်းလဲလာသည်။ သင်္ကြန်မြင်ကွင်းက ကြည်လင်လာသည်။ သင်္ကြန်၏ အဆီအနှစ်ကို ထုတ်ဖော်ခံစားတတ်လာသည်။ သည်လို ပြောင်းလဲလာမှုကို "လက်ဆောင်ပြန်"ကဗျာမှာကတည်းက တွေ့ခဲ့ရပြီးဖြစ်သည်။

နောက်ထပ်တစ်ကြိမ် သည်လိုပြောင်းလဲလာမှုကို တွေ့ရပြန်သည်။ "နှစ်ဦးမင်္ဂလာ" ကဗျာထဲတွင် ဖြစ်သည်။

**"နှစ်ဦးမင်္ဂလာ"**

"နှစ်ဦး သစ်မြူး၊ ခေတ်ဦးကောဇာ
ဆန်းစ ချမ်းမြ၊ စန်းလသော်တာ။
မြိုင်အောက်ကြိုင်လှော်၊ ပိတောက်ပမာ
ကျန်းရွှင်ကြောင်း သွန်းလောင်းရေသီတာ။ ။"

ကဗျာကလေးက တိုတိုကလေးပင် ဖြစ်သည်။ လေးကြောင်း ကဗျာကလေး။

နှစ်သစ်မှာ ဆန်းသစ်စ လမင်းအလင်းရောင်လို အေးမြပါစေတဲ့။ လင်းပပါစေတဲ့။ နှစ်သစ်မှာ ထိန်ထိန်ဝေဝေပွင့်နေကြသည့် ပိတောက်ပန်းများကဲ့သို့ မွှေးမြပါစေတဲ့။ လှပကြပါစေတဲ့။

ငွေဖလားထဲမှ ပိတောက်ခက်ကလေးကိုသာ ပြေးမြင်နေမိတော့သည်။

ဆရာမင်းသုဝဏ်သည် ခေတ်စမ်းစာပေလောက၏ ရှေ့ဆောင်တစ်ဦး ဖြစ်သည်ကို စာပေလိုက်စားသူတိုင်း အသိ။ ဆရာကြီး ရေးသားဖန်တီးသမျှ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးတို့၌ မြန်မာမှု၊ မြန်မာစာ၊ မြန်မာ့ရိုးရာကို မည်မျှအထိ ချစ်ခင်မြတ်နိုးတန်ဖိုးထားကြောင်းကို အထင်အရှားမြင်ကြသည်။

ဤဆောင်းပါးသည် ဆရာကြီး မင်းသုဝဏ်၏ မြန်မာမှုရိုးရာသင်္ကြန်ပွဲတော်အပေါ် မည်မျှခံစားကိုင်းညွှတ်ခဲ့သည်ကို လက်လှမ်းမီသလောက် မှန်းဆထားခြင်းမျှသာ ဖြစ်ပါသည်။ ။

**စာကိုး**
**၁ ။ မင်းသုဝဏ်၏ သပြေညိုနှင့် အခြားကဗျာများ (၁၉၄၁)**
**၂။ မောင်ဟုန်ဝမ် (ကထိက)၏ မင်းသုဝဏ်နှင့်ကဗျာ (၂၀၁၂)**



**ဧပြီ ၁၄ ရက် သင်္ကြန်ဒုတိယနေ့က အင်းတော်မြို့နယ် သတ္တယ်ကျင်းကျေးရွာအနီးရှိ မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးအင်းဖြစ်သည့် အင်းတော်အင်း အင်းဦးသင်္ကြန်တွင် လာရောက်ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

ကိုမင်း(အင်းတော်)

## နှစ်ဆန်းတစ်ရက်

☆ မြန်မာသက္ကရာဇ်၊ တွက်ရေစစ်သော်
(သည်နေ့ဟာ)နှစ်ဆန်းတစ်ရက်နေ့ပေကို။
☆ နှစ်ဟောင်းက အညစ်အကြေး
ဆေးကြောသန့်စင်ပြီးခဲ့ပြီ။
☆ နှစ်သစ်မှာ သန့်ရှင်းလျက်
ရှေ့သို့ချီတက်ကြတော့မည်။
☆ သည်နေ့မှ · · ·
အစပြုကာ၊ လောကရွာလည်း
သာယာငြိမ်းချမ်း၊ စိမ်းလန်းအေးမြဖို့
လောကသားတို့ တာဝန်
ငါတို့ကျေပွန်ကြရမည်။
☆ သည်နေ့ · · ·
အစပြုလျက်၊ သည်နံနက်ကိုတာထွက်မှတ်
မြင့်မြတ်ထည်ဝါ၊ ရပ်ဒေသာဆီ
ငါတို့ရောက်အောင်သွားရမည်။
☆ နှစ်ဆန်းတစ်ရက်၊ သည်နံနက်မှာ
အခက်အလက်အပွင့်အဖူး
တင့်ထူးဖြိုးလက် · · ·
မနက်ဖြန်တွေလှရမည်။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

# ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့၌ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာဆင်နွှဲ



စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဇလုံတောင်သို့ သင်္ကြန်ကာလ ဘုရားဖူးလာရောက်လည်ပတ်သူများကို ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့က တွေ့ရစဉ်။

ဓာတ်ပုံ-ချစ်လင်း(အင်းတော်)



မဟာသင်္ကြန်အကျနေ့တွင် မဟာဗန္ဓုလပန်းခြံအတွင်း ရေပန်းကန်၌ ပျော်ရွှင်စွာရေကစားနေကြသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ရဲထွန်း



မဟာသင်္ကြန်အကျနေ့တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဗညားဒလလမ်း၌ စတုဒိသာထမင်း ကျွေးမွေးလျက်ရှိစဉ်။

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



မဟာသင်္ကြန်အကျနေ့တွင် ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်များ၌ ရခိုင်ရိုးရာသင်္ကြန်ချစ်မြတ်နိုးသူ လူငယ်လူရွယ်များ တပျော်တပါးရေလောင်းကစားကြစဉ်။

ဓာတ်ပုံ-ဇော်မင်းလတ်



မဟာသင်္ကြန်အကျနေ့တွင် လသာမြို့နယ် အနော်ရထာလမ်းနှင့် (၁၉)လမ်းထောင့်ရှိ MNTV, Lifebuoy ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေမှုကို တွေ့ရစဉ်။

ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)



**❋ လေဖိအားနည်းမှု**

အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှနောက် ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**ကြိုတင်သတိပြုကြရန်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုသွားလာကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

**❖ ရှေ့ဖုံးမှ**

"ဒီနေ့က မိုးလေးကလည်း အုံ့တုံ့တုံ့ရှိနေတော့ ရေပက်ခံထွက်ရတာ သိပ်မပူဘူး။ ရာသီဥတုကလည်း သာသာယာယာလေး။ လမ်းတစ်လျှောက်မှာလည်း ရေပက်ခံကားတွေ၊ ရေပက်သူတွေနဲ့ စည်စည်ကားကား တွေ့ရတယ်" ဟု ဒဂုံမြို့နယ်နေ ကိုရဲထွန်းက ပြောသည်။

မဟာသင်္ကြန်အကျနေ့တွင် အလုံမြို့နယ် ကြည့်မြင်တိုင်လမ်း ပြည်ထောင်စုလမ်းသွယ်ထိပ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရေကစားမဏ္ဍပ်တွင် ရေလောင်းရေပက်သူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိပြီး ဂီတဝါသနာရှင်များကလည်း တေးသီချင်းများဖြင့် ဖျော်ဖြေလျက်ရှိသည်ကို တွေ့ရသည်။

"အလုံမှာက လျှပ်စစ်ဓာတ်အားပေးမဏ္ဍပ်ကလည်းရှိ၊ မျက်နှာချင်းဆိုင်မှာကလည်း မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မဏ္ဍပ်ကလည်းရှိတော့ ဒီနေရာလေးက ရေကစားသူတွေနဲ့စည်တယ်၊ မဏ္ဍပ်တွေကလည်း မနက်ကတည်းက တေးသီချင်းတွေနဲ့ သီဆိုဖျော်ဖြေနေတော့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေတယ်"ဟု အလုံမြို့နယ်နေ ကိုအောင်အောင်က ပြောသည်။

ထို့အတူ ရန်ကင်းမြို့နယ်၊ လသာမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်တို့တွင်လည်း မဏ္ဍပ်ကြီးများတွင် ရေလောင်းရေပက်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"(၁၉)လမ်းမှာရှိတဲ့ SkyNet မဏ္ဍပ်ကတော့ တိုးမပေါက်အောင် စည်တယ်။ ကားတွေလည်းပိတ်နေတော့ တော်တော်နဲ့ ရှေ့ဆက်သွားလို့မရဘူး။ နာမည်ကြီး အဆိုတော်တွေလည်း လာဖျော်ဖြေကြတယ်"ဟု ဒလမြို့နယ်မှ ရေပက်ခံလာသည့် မနွယ်နွယ်ထွန်းက ပြောသည်။

သင်္ကြန်အကျနေ့တွင် လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ သန်လျင်မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်နှင့် အခြားမြို့နယ်များတွင်လည်း ရေကစားမဏ္ဍပ်များ၊ အုန်းလက်မဏ္ဍပ်များဖြင့် ရေလောင်းရေပက်သူများ၊ လမ်းလျှောက်ရေပက်ခံသူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိသည်။

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏတွင်လည်း နံနက်ပိုင်းမှစတင်ကာ ညပိုင်းအထိ ရေပက်ခံကားများ၊ ဖျော်ဖြေရေးအလှပြယာဉ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရပြီး သုဝဏ္ဏပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ မဟာဗန္ဓုလပန်းခြံတို့တွင်လည်း မွန်းတည့်ရေပက်နားချိန်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မဟာသင်္ကြန်အကျနေ့ညပိုင်းတွင် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ်နှင့် အခြားမြို့နယ်များရှိ ဆုပေးမဏ္ဍပ်များတွင်လည်း အလှပြယာဉ်များ၊ သံချပ်အဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **သတင်း - မင်းသစ်၊ သန့်ဇင်ဝင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်အကျနေ့ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို ဒရုန်းဖြင့် ရိုက်ကူးထားမှုကို တွေ့ရစဉ်။** (အပေါ်ပုံ)

(ဓာတ်ပုံ-မင်းပိုင်ဖြိုး)



**မဟာသင်္ကြန်အကျနေ့တွင် အလုံမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ရေကစားမဏ္ဍပ်၌ ရေပက်ခံကားများနှင့် ရေကစားကြသူများအား တွေ့ရစဉ်။** (ယာပုံ)

(ဓာတ်ပုံ-ဇော်မင်းလတ်)



**သင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ Myint Tun Oo (Gems and Jewellery) မှ ကြီးမှူးသော ဆီဒိုးနားရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေမှုကို တွေ့ရစဉ်။** (ဝဲပုံ)

[ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)]

**မဟာသင်္ကြန်အကျနေ့တွင် ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော် အထက်လမ်း သျှိုင်းမြန်မာရိုးရာ ရေကစားမဏ္ဍပ်၌ ရေပက်ခံကားများနှင့် ရေကစားကြသူများကို တွေ့ရစဉ်။** (အောက်ပုံ)

(ဓာတ်ပုံ-ဇော်မင်းလတ်)



**ဧပြီ ၁၃ ရက် ညပိုင်းက ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်မှုများအား ပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။**

(ဓာတ်ပုံ-ဇော်မင်းလတ်)



# နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ အရာရှိစစ်သည်မိသားစုများ ပျော်ရွှင်စွာဆင်နွှဲ




**နေပြည်တော် ဧပြီ ၁၄**

ယနေ့အကျနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဟာသင်္ကြန်ရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှေ့ရှိ ရေကစားကမဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး မဏ္ဍပ်များအလိုက် ကပြဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

နေပြည်တော် ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်နှင့် နေပြည်တော် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိပြီး ရေကစားမဏ္ဍပ်များတွင် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ လာရောက်ရေကစားကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ **မန္တလေးမြို့မှ**

ဌာနဆိုင်ရာ သင်္ကြန်မိသားစုများ၊ ဧည့်သည်တော်များသည် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များမှ မန္တလေးခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့၏ သင်္ကြန်ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ သင်္ကြန်မဏ္ဍပ်များမှ ခေတ်ပေါ်တေးဂီတအဖွဲ့၊ ရုပ်ရှင်ဂီတအနုပညာရှင် အဆိုတော်များ၊ ယိမ်းအဖွဲ့တို့က အဆို၊ အတီး၊ အက၊ အလှတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြမှုတို့ကို ကြည့်ရှုအားပေးပြီး သင်္ကြန်မဏ္ဍပ်မှ မိသားစုတို့နှင့်အတူ သင်္ကြန်ရေကစားကာ ချမ်းမြေ့ပျော်ရွှင်စွာ ရေသဘင်ပွဲကို ပါဝင်ဆင်နွှဲခဲ့သည်။

ယနေ့မွန်းလွဲပိုင်း အပူလွန်ကဲချိန်တွင် ရေသဘင်ပွဲဆင်နွှဲကြသူများ၊ ရေပက်ခံထွက်သူများသည် မန္တလေးမြို့တွင်းရှိ ဥယျာဉ်များ၊ ကုသိုလ်တော်စန္ဒာမုနိဘုရားအပြင် အမရပူရတောင်သမန်အင်း၊ ဦးပိန်တံတား မည်စည်ပင်တန်းတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် သွားရောက်အနားခို အပန်းဖြေကြသူများ၊ ရေပက်ခံလာရောက်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး စတုဒိသာသင်္ကြန်ထမင်း ကျွေးမွေးကုသိုလ်ပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှလည်း ညနေပိုင်းတွင် အဆိုတော်များက သင်္ကြန်တေးများဖြင့်ဖျော်ဖြေကာ သင်္ကြန်မဏ္ဍပ်မှ ယိမ်းအဖွဲ့ဝင်လှပျိုဖြူများကလည်း အဆို၊ အက၊ အလှတို့ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ သင်္ကြန်မဏ္ဍပ်ရှေ့တွင် အားပေးကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလှသည်။

မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်မှ ညပိုင်းတွင် ပြိုင်ပွဲဝင်သင်္ကြန်သံချပ်အလှပြယာဉ်တို့အား အကဲဖြတ်စိစစ်ပေးလျက်ရှိပြီး နာမည်ကြီး အဆိုတော်၊ ရုပ်ရှင်၊ ဂီတအနုပညာရှင်တို့ကလည်း ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်လျက် ယိမ်းအကအဖွဲ့တို့နှင့်အတူ သင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

○ **မန်းရွှေစက်တော်မှ**

ရရှိကာ အလှူငွေများရရှိမှုမှာ ယခင်နှစ်ထက် သိန်းတစ်သောင်းကျော် ပိုမိုရရှိခဲ့သည်။ ယခင်နှစ်ဘဏ္ဍာငွေ အရပ်ရပ်အတွက် အလှူခံရငွေမှာ ကျပ်သန်းပေါင်း ၃၈၄၂၅၃၃၂၃၉ ဒသမ ၉၈ ရှိပြီး ယခုနှစ် ဧပြီ ၁၂ရက်ထိ အသုံးစရိတ်နုတ်ပြီး အလှူခံရရှိငွေမှာ ကျပ်သန်း ၄၈၆၁၂၃၉၀၆၅ ဒသမ ၄၁ ရရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားကြီး၏ ပါဒခြေတော်ရာနှစ်ဆူပိတ်ပွဲကို ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်း ၂ ရက်)တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်းများနှင့် တည်းခိုဆောင်များကို ဧပြီ ၂၃ ရက်အထိ ဆက်လက်ဖွင့်ခွင့်ပေးထားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှဘုရားဖူးပြည်သူများ လာရောက်အပန်းဖြေနိုင်ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

# နေပြည်တော်၌ သင်္ကြန်အကျနေ့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိ



**နေပြည်တော် ဧပြီ ၁၄**

မြန်မာတို့၏ထုံးတမ်းအစဉ်အလာအရ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်စေရန် ရေပက်ဖျန်းကစားကြသည့် နှစ်သစ်ကူးပွဲတော် မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိသည်။

နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီတစ်ခွင်၌ မြူးကြွသည့် သင်္ကြန်တေးသီချင်းများ ဖွင့်ကြပြီး ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြကာ သင်္ကြန်ချစ်သူ ပြည်သူများကလည်း မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်ကြကာ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပျဉ်းမနားမြို့ရှိ မဏ္ဍပ်များတွင်လည်း စတုဒိသာများကျွေးမွေးခြင်း၊ သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိကြပြီး သင်္ကြန်ယိမ်းအကအဖွဲ့များက သင်္ကြန်ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိရာ ပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အကျနေ့ ဟားခါး၌ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ကျင်းပ

**ဟားခါး ဧပြီ ၁၄**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် အကျနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချို၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အကျနေ့ နံနက်ပိုင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ပြည်နယ်လမ်းအထူးအဖွဲ့နှင့် လမ်းဦးစီးဌာန ယိမ်းအဖွဲ့၊ ပြည်နယ်အစိုးရယိမ်းအဖွဲ့၊ ပြည်နယ်လွှတ်တော်ယိမ်းအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့ယိမ်းအဖွဲ့၊ ပြည်နယ်အခွန်ဦးစီးဌာန၊ တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေဦးစီးဌာန၊ စီးပွားရေးဘဏ်နှင့် စိုက်ပျိုးရေးဘဏ်ယိမ်းအဖွဲ့၊ ပြည်နယ်ထွေ/အုပ်ယိမ်းအဖွဲ့၊ ခရိုင်ထွေ/အုပ်ယိမ်းအဖွဲ့၊ ပညာရေးဌာနယိမ်းအဖွဲ့နှင့် သင်္ကြန်မောင်မယ်များက ဖျော်ဖြေတင်ဆက်ကပြကြရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုငွေများ အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် ဖျော်ဖြေရေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာယိမ်းအဖွဲ့ ရှစ်ဖွဲ့က ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ည ၇ နာရီတွင် ဟားခါးသင်္ကြန် Idol ပြိုင်ပွဲကို ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ရခိုင်ရိုးရာဘုရားရေသပ္ပာယ်သူများဖြင့် စည်ကားလျက်ရှိ

**မောင်တော ဧပြီ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ဘုရားရေသပ္ပာယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက် ၇ နာရီမှစတင်၍ မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ဝန်ထမ်းများစုပေါင်း၍ မင်းကန်နိကာယမြို့မကျောင်းတိုက်၊ ဗဟိုလ်ကျောင်းတိုက်၊ ဇောတိကာရုံကျောင်းတိုက်တို့ အပါအဝင် မောင်တောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်၍ ဘုရားရေသပ္ပာယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့အတူ အခြားသော လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ ရပ်မိရပ်ဖများကလည်း မောင်တောမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ဘုရားရေသပ္ပာယ်ကြရာ မြို့တွင်း၌ ဘုရားရေသပ္ပာယ်ရေး အဖွဲ့ယာဉ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး**

# ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ဗဟိုမဏ္ဍပ်မှ အနုပညာရှင်များ၏ ရင်တွင်းဖြစ်ပီတိစကားသံများ


အဆိုတော် ဗီဗာဟိန်း


တေးရေး မေသော်


အဆိုတော် နွဲ့ယဉ်ဝင်း


အဆိုတော် မျိုးကျော့မြိုင်

**ရန်ကုန် မေ ၁၄**

၁၃၇၈ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်များ၌ အနုပညာရှင်များက လာရောက်ဖျော်ဖြေတင်ဆက်လျက်ရှိရာ ရန်ကုန်မြို့တော်မဟာသင်္ကြန် ရေသဘင်ဗဟိုမဏ္ဍပ်၌ လာရောက်ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များ၏ ရင်တွင်းဖြစ် ပီတိစကားသံများအား တင်ပြလိုက်ရပါသည်။

**အဆိုတော် ဗီဗာဟိန်း**

ဒီနှစ်မြို့တော်ဝန်မဏ္ဍပ်မှာ တေးဂီတအစည်းအရုံးက အကူအညီတောင်းလို့ လာရောက်ဖျော်ဖြေသီဆိုဖြစ်တာပါ။ ရန်ကုန်သင်္ကြန်က ဒီနှစ်လို ဖြစ်သင့်တာကြာပါပြီ။ ခုလိုစည်းကမ်း၊ သိက္ခာရှိရှိ၊ ဣန္ဒြေရှိရှိ သင်္ကြန်မျိုးကို အရင်ကတည်းက ဖြစ်စေချင်ခဲ့ပါတယ်။ ပြီးတော့ မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်မှာ ဒေါင်းနှစ်ကောင်နဲ့ အပြင်ပန်းမှာ အလှဆင်ထားတာ အလွန်ကြည့်ကောင်းပါတယ်။ မဏ္ဍပ်တွေကလည်း မဏ္ဍပ်ပေါင်း ၈၀ ကျော်ပဲ ဆောက်လုပ်ထားတာဆိုတော့ မဏ္ဍပ်အရေအတွက် နည်းပါးပေမယ့်လည်း ဒီနှစ်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကတော့ ပိုမိုစည်ကားလာတယ်လို့ ဗီဗာပြောချင်ပါတယ်။ ဗီဗာရဲ့ စီးရီး ခြောက်ခွေထွက်ပြီးပါပြီ။ ခုလည်း ရုပ်ရှင်ဇာတ်ကားနှစ်ကားနဲ့ တေးစီးရီး နှစ်ခွေထွက်တော့မှာမို့ ပရိသတ်များ အားပေးစေချင်ပါတယ်။ ပရိသတ်များအနေနဲ့ ဒီနှစ်သင်္ကြန်မှာရော နောင်နှစ်ပေါင်းများစွာ ကိုယ်ရောစိတ်ပါ ချမ်းသာခြင်း၊ လောဘ၊ ဒေါသ၊ မောဟ ကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ပရိသတ်များအတွက် ဗီဗာ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**ဂီတအစည်းအရုံးမှ စည်းရုံးရေးမှူး တေးရေး မေသော်**

ဒီနှစ်မြို့တော်ဝန်မဏ္ဍပ်မှာ ဂီတအစည်းအရုံးကနေ အဖွဲ့ဝင်တွေနဲ့အတူ တာဝန်ယူပြီး လာရောက်ခဲ့တာပါ။ ကျွန်မတို့ ဂီတအစည်းအရုံးက တေးဂီတအဆိုတော် ၂၈ ဦးကနေ ဖျော်ဖြေတင်ဆက်ပေးသွားမှာဖြစ်ပါတယ်။ ပြီးတော့ အဆိုတော်တွေအနေနဲ့ မနှစ်ကထက်စာရင် ဒီနှစ်ကို ပိုကောင်းအောင် အားလုံးပူးပေါင်းကြိုးစားထားကြပါတယ်။ မြို့တော်ဝန်မဏ္ဍပ်မှာ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်တွေအားလုံးက လက်ရေတစ်ပြင်တည်း လုပ်ဆောင်ကြိုးစားဖျော်ဖြေတင်ဆက်မှာမို့ မိသားစုလို နွေးနွေးထွေးထွေးနဲ့ ဒီနှစ်သင်္ကြန်ကို ကျင်းပကြတာပါ။ ဒီနှစ် ရန်ကုန်သင်္ကြန် စည်ခြင်း၊ မစည်ခြင်းကတော့ ပရိသတ်တွေခံစားမှုနဲ့ပဲဆိုင်တာဖြစ်ပြီး မဏ္ဍပ်နည်းပါးတယ်ဆိုပေမယ့်လည်း တစ်နှစ်ထက်တစ်နှစ်က မြန်မာတွေရဲ့ တကယ့်နှစ်သစ်ကူးမို့ အမြဲစည်ကားနေမှာဖြစ်ပါတယ်။

**အဆိုတော် နွဲ့ယဉ်ဝင်း**

ဒီနှစ်ရန်ကုန်သင်္ကြန် အစီအစဉ်အားလုံးကောင်းပါတယ်။ ကျွန်မလည်း ဒီမြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်ဗဟိုမဏ္ဍပ်မှာ လာရောက်ဖျော်ဖြေတင်ဆက်တာဖြစ်ပါတယ်။ အခုမြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်မှာ ပြည်သူတွေနဲ့ အလွန်စည်ကားတာကို တွေ့မြင်ရပါတယ်။

**အဆိုတော်မျိုးကျော့မြိုင်**

ဒီနှစ်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်မှာ သီဆိုဖျော်ဖြေဖြစ်တာကတော့ ကျွန်တော့်ကိုဂီတအစည်းအရုံးက ဖိတ်ခေါ်လို့ လာရောက်ဖျော်ဖြေတင်ဆက်တာပါ။ မနေ့ကတော့ မိတ်ဆွေတစ်ဦးရဲ့မဏ္ဍပ်မှာ ဖျော်ဖြေဖြစ်ခဲ့ပါတယ်။ ဒီနှစ်သင်္ကြန်ကတော့ ကျွန်တော်ငယ်ငယ်တုန်းက အနေအထားအတိုင်းပါပဲ။ ကားလည်းမောင်းလို့ရတယ်။ မဏ္ဍပ်တွေမှာ ရေဆော့ကစားလို့လည်းရတယ်။ ပြီးတော့ မိသားစုတွေကိုလည်း လိုက်လံလည်ပတ်လျှောက်ပြလို့ရပါတယ်။ အေးအေးချမ်းချမ်းပါပဲ။ သင်္ကြန်မှာ ကျွန်တော်တို့နဲ့ပရိသတ်က အမြဲတမ်းထိတွေ့နေတာမို့ ကျွန်တော့်ကိုပရိသတ်တွေအနေနဲ့ မှတ်မိသည်ရှိစေ၊ မမှတ်မိသည်ရှိစေ ဒီနှစ်သင်္ကြန်သီချင်း သီဆိုဖျော်ဖြေမှုမှာ ကျွန်တော်နဲ့အတူ ပရိသတ်ကပါ လိုက်ဆိုပေးတဲ့အတွက် ပရိသတ်တွေကို အထူးကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း -စိုးဝင်း(MLA)**
**ဓာတ်ပုံ- ခင်မော်ဝင်း(ကြေးမုံ)**

# မန္တလေးသင်္ကြန်ပွဲတော်သို့ လာရောက်ဖျော်ဖြေပေးကြသည့် နိုင်ငံကျော် အဆိုတော်များ၏ ရင်တွင်းစကားသံများ


အဆိုတော် လင်းလင်း


အဆိုတော် ဆုန်သင်းပါရ်


အဆိုတော် သျှီ


အဆိုတော် သားငယ်

**မန္တလေး မေ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကြီးကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အဆိုပါပွဲတော်ကြီးသို့ လာရောက်၍ မန္တလေးမြို့တော်မဟာသင်္ကြန် မဏ္ဍပ်တွင် သင်္ကြန်ချစ်သူ မန္တလေးပရိသတ်ကြီးအား သီဆိုဖျော်ဖြေပေးကြသည့် နိုင်ငံကျော် အဆိုတော်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်။

**အဆိုတော်လင်းလင်း**

"သင်္ကြန်ကာလတစ်လျှောက်လုံး ဒီမဏ္ဍပ်မှာပဲ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ မန္တလေးပရိသတ်ကတော့ စိတ်လွတ်ကိုယ်လွတ် အားပေးကခုန်ကြတာ အလွန်ချစ်ဖို့ကောင်းပါတယ်။ ဒါပေမယ့် အပျော်လွန်ပြီး အန္တရာယ်မဖြစ်ဖို့ စင်ပေါ်ကနေ သတိပေးနေပါတယ်။ မန္တလေးမှာ ကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်က အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ လွတ်လွတ်လပ်လပ်လမ်းလျှောက်ပြီး ရေပက်ကစားကြမယ်။ စတုဒိသာ အကျွေးအမွေးတွေလည်း ရှိတယ်ဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း တစ်ရက်လောက် လျှောက်လည်ဖို့ စိတ်ကူးထားပါတယ်။ နှစ်သစ်ဆုတောင်းအနေနဲ့ကတော့ ညဘက်အိပ်စက်တိုင်း လိပ်ပြာသန့်သန့်နဲ့ အိပ်စက်နိုင်ပြီး အနာဂတ်ကာလကို ချစ်ချစ်ခင်ခင်နဲ့ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။"

**အဆိုတော်ဆုန်သင်းပါရ်**

"မန္တလေးကို နှစ်နှစ်ကို တစ်ခေါက်လောက်လာပြီး ဖျော်ဖြေဖြစ်ပါတယ်။ ဒီနှစ်မှာ အဆိုတော်တွေ နည်းသွားပေမယ့် စည်ကားတာကတော့ မပြောင်းလဲပါဘူး။ အနယ်နယ် အရပ်ရပ်ကလည်း သင်္ကြန်ဆို မန္တလေးကိုပဲ လာကဲကြတယ်လေ။ လမ်းလျှောက်သင်္ကြန်ဆိုတာကို ကြားရတော့ အများစိတ်ဝင်စားသလို ဆုန်သင်းလည်း စိတ်ဝင်စားလို့ တစ်ရက်တော့ လျှောက်လည်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီနှစ်သင်္ကြန်မှာတော့ မန္တလေးရဲ့ လမ်းလျှောက်သင်္ကြန်က အကျော်ကြားဆုံးပါပဲ။ ကိုယ်သာ အသက်ကြီးသွားပေမယ့် မန္တလေးပရိသတ်ရဲ့ အားပေးမှုကတော့ အရင်တိုင်းပဲ မပြောင်းလဲပါဘူး။ အနုပညာရှင်နဲ့ သင်္ကြန်ကို ချစ်ကြတဲ့မြို့တော်ကြီးပါ။ အားလုံးတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးကြီးလည်း အမြန်ဆုံးရပါစေ။ ကျန်းမာချမ်းသာပြီး သဘာဝဘေးအန္တရာယ်တွေလည်း ကင်းဝေးကြပါစေလို့ နှစ်သစ်မှာဆုတောင်းပေးလိုက်ပါတယ်။"

**အဆိုတော်သျှီ**

"မန္တလေးကို လာရောက်ဖျော်ဖြေရတာ အားပေးမှုကိုကျေနပ်လို့ အလွန်ကို ပျော်ပါတယ်ရှင်။ ၁၉၉၃ ခုနှစ်ကစလို့ မန္တလေးမြို့မှာ အပျော်တမ်းအဆိုတော်အဖြစ် သီချင်းတွေဆိုခဲ့ပြီး ၁၉၉၅ ခုနှစ်ရောက်မှ နိုင်ငံကျော်အဆိုတော်တစ်ယောက်ဖြစ်လာခဲ့တာပါ။ ဒါကြောင့် ကိုယ့်အိမ် ကိုယ်ပြန်ရောက်နေသလို ခံစားရပါတယ်။ လမ်းလျှောက်သင်္ကြန် အစီအစဉ်က အလွန်ကောင်းပါတယ်။ နိုင်ငံခြားသား ဆွဲဆောင်မှုအတွက်လည်း ကောင်းသလို ဒေသခံတွေအတွက်လည်း ကားမဝင်ရတဲ့အတွက် အန္တရာယ်ကင်းသွားတယ်။ နောက်ပြီး မိသားစု ဆွေမျိုးတစုတဝေးတည်း လျှောက်လည်လို့ရတဲ့အတွက် အဆင်ပြေပါတယ်။ ဒီပွဲတော်ကို ကျုံးနောက်ခံထားပြီး ကျင်းပတဲ့အတွက် ရသစုံခံစားရတယ်လို့ ပြောချင်ပါတယ်။ နှစ်သစ် ဆုတောင်းပြောရမယ်ဆိုရင် အန္တရာယ်ကင်းစေချင်တယ်။စိတ်ချမ်းသာစေချင်တယ်။ စည်းကမ်းရှိရှိနဲ့ ပူးပေါင်းပါဝင်ပြီး ကောင်းသောအနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပါတယ်။"

**အဆိုတော် သားငယ်**
**(myanmar idol)**

"ကျွန်တော့်ကို ဖိတ်ကြားတဲ့အတွက် လာရောက်သီဆိုပေးတာပါ။ မန္တလေးပရိသတ်ကြီးရဲ့ အားပေးမှုကတော့ တကယ်ချစ်ဖို့ကောင်းပါတယ်။

အားလုံးသိပြီးသားဖြစ်တဲ့အတိုင်းပဲ မန္တလေးသင်္ကြန်က အလွန်ယဉ်ကျေးပြီး အလွန်ပျော်ဖို့ ကောင်းပါတယ်။ လူကြီးတွေစီစဉ်ကျင်းပတဲ့ မန္တလေး လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးကလည်း ပျော်ဖို့ အင်မတန်ကောင်းမယ်လို့ ထင်ပါတယ်။ ပရိသတ်တွေအားလုံး နှစ်သစ်မှာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။"

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# The Chainsmokers ဖွင့်ပြောလာတဲ့ အကြိုက်ဆုံးသော ကေပေါ့ပ်တေးသံရှင်

ကျော်ကြားတဲ့ ဒီဂျေပညာရှင်နဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ " The Chainsmokers "တေးဂီတအဖွဲ့ဝင် နှစ်ဦးက သူတို့ရဲ့အကြိုက်ဆုံးသော တောင်ကိုရီးယားတေးသံရှင်တွေကို ရွေးချယ်ကာ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးက ကျော်ကြားတဲ့ တောင်ကိုရီးယားတေးသံရှင်တွေအနက်က အမျိုးသားတေးသံရှင်တွေထဲမှာ "BIGBANG"တေးဂီတအဖွဲ့နဲ့ အမျိုးသမီးတေးသံရှင်တွေထဲမှာတော့ စီအယ်လ်တို့ကို အနှစ်သက်ဆုံးဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက " The Chainsmokers "ဟာ တောင်ကိုရီးယားမီဒီယာတစ်ခုနဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမှာနဲ့ပတ်သက်ပြီး အင်တာဗျူးပြုလုပ်ခဲ့စဉ်ယခုလိုဖြေကြားခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ တေးအယ်လ်ဘမ်သစ်ကို "Memories…Do Not Open " လို့အမည်ပေးထားကြောင်း သိရပါတယ်။

အင်တာဗျူးမှာ "The Chainsmokers "က သူတို့တွေဟာ တောင်ကိုရီးယားတေးသံရှင်တွေနဲ့ ကေပေါ့ပ်တေးဂီတကို အထူးနှစ်သက်သူတွေဖြစ်ကြကြောင်းနဲ့ ကေပေါ့ပ်တေးသီချင်းတွေကိုလည်း နားထောင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့တာကိုလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်။**

# မင်ဇီရဲ့ပထမဆုံးတစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် "UNO"မှာ ပါဝင်မယ့်တေးသီချင်းများ




တောင်ကိုရီးယားရဲ့ တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "2NE1"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မင်ဇီဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ရဲ့အမည်နဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတွေကို လတ်တလောမှာ တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် တေးဂီတအဖွဲ့မှ နုတ်ထွက်သွားခဲ့တဲ့ မင်ဇီဟာ နုတ်ထွက်သွားပြီးနောက် တစ်နှစ်ကျော်ကြာသည်အထိ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒ့ါအပြင် အခြားသောတေးဂီတအဖွဲ့တစ်ဖွဲ့နဲ့ ပူးပေါင်းကာ တေးဂီတလှုပ်ရှားမှုတွေကိုပြုလုပ်ခဲ့ပါတယ်။ ဒီလိုတစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်လာဖို့ နှောင့်နှေးနေခဲ့တဲ့ မင်ဇီဟာ ပြီးခဲ့တဲ့လအတွင်း တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ထွက်ရှိတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ကာ ပြီးခဲ့တဲ့ ဧပြီ ၁၁ ရက်မှာတော့ မင်ဇီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတွေစာရင်းကို ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

မင်ဇီက သူ့ရဲ့ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို "UNO"လို့အမည်ပေးထားပြီး ပါဝင်မယ့်တေးသီချင်းတွေရဲ့စာရင်းကို ဓာတ်ပုံတစ်ပုံနဲ့ ဖော်ပြခဲ့တာဖြစ်ပါတယ်။ မင်ဇီထုတ်ဖော်ပြသခဲ့တဲ့ဓာတ်ပုံအရ တေးသီချင်းခြောက်ပုဒ်ပါဝင်နေတာကို တွေ့ခဲ့ရပါတယ်။ ယင်းတေးသီချင်းတွေအနက်က သုံးပုဒ်ကို အခြားသောတေးသံရှင်တွေက ပါဝင်အားဖြည့် သီဆိုပေးထားတာတွေ့ရပြီး နာမည်ကျော် တေးသံရှင်တွေဖြစ်ကြသော ဂျေပ့ါခ်နဲ့ ဖလောစစ်ခ်တို့နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။ တေးသီချင်းခြောက်ပုဒ်အနက် လေးပုဒ်ကိုသာအင်္ဂလိပ်လိုအမည်ပေးထားပြီး "Superwoman"၊ "ING"၊ "Flashlight"နဲ့ "Beautiful Lie"တို့ဖြစ်ကြကာ ကျန်နှစ်ပုဒ်ကိုတော့ ကိုရီးယားလိုသာအမည်ရေးသားဖော်ပြထားတာကို တွေ့ရပါတယ်။

ယင်းဓာတ်ပုံနဲ့အတူ တေးအယ်လ်ဘမ်အတွက် အမြည်းသဘောအနေနဲ့ တေးသီချင်းတစ်ပုဒ်ကိုလည်း အစမ်းထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ မင်ဇီရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ်အပြည့်အစုံကိုတော့ လာမယ့် ဧပြီ ၁၇ ရက်မှစတင်ကာ ထုတ်လွှင့်သွားမှာဖြစ်ပြီး တစ်ကိုယ်တော်တေးသံရှင်ဖြစ်လာတော့မယ့် မင်ဇီရဲ့ ရင်ခုန်သံနဲ့အတူ သူ့ရဲ့ပရိသတ်တွေကလည်း အချိန်အကြာကြီးစောင့်ခဲ့ရတဲ့ တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်နေ့ကို အထူးစောင့်စားရင်ခုန်နေကြတယ်လို့လည်း သိရပါတယ်။

# ကောလာဟလတွေကို ပေါ်ထွက်လာစေခဲ့တဲ့ ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ရဲ့ သရုပ်ဆောင်မှု



ဧပြီ ၁၅ ရက်မှာ အပြီးသတ်ထုတ်လွှင့်ပြသသွားမယ့် တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ " Strong Woman Do Bong-soon"မှာ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေအဖြစ် ပါဝင်သရုပ်ဆောင်ထားခဲ့ကြတဲ့ ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့နှစ်ဦး ချစ်သူတွေဖြစ်နေကြကြောင်း ပရိသတ်တွေရဲ့ ဝေဖန်သံတွေဟာ လတ်တလောမှာ ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုသတင်းတွေထွက်ရတာနဲ့ပတ်သက်ပြီး အဓိကအကြောင်းအရင်းကတော့ သူတို့နှစ်ဦးဟာ ပါဝင်သရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်ကောင်တွေထက်ပို ပီပြင်အောင် သရုပ်ဆောင်နိုင်ပြီး အပြင်ကတကယ့်ချစ်သူတွေလို မျက်လုံးထဲမှာပါ ခံစားချက်တွေရှိနေတာကြောင့် တကယ်ပဲချစ်သူတွေလားရယ်လို့ ဝေဖန်ခံနေရတာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် " Strong Woman Do Bong-soon"ရဲ့ အချစ်အခန်းတွေကို ရိုက်ကူးရာမှာ လိုတာထက်ပိုနေတယ်လို့ အများကဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦးဖက်ထားရတဲ့ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးခဲ့ရာမှာလည်း ရိုက်ကွင်းပြီးဆုံးသွားတာတောင် သူတို့နှစ်ဦးရဲ့သရုပ်ဆောင်မှုက မပြီးဆုံးသေးကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် သူတို့နှစ်ဦးဟာ နောက်ကျောကနေ ညင်ညင်သာသာလေးလှမ်းဖက်လိုက်တဲ့ အခန်းတွေ၊ တစ်ယောက်ရဲ့မျက်လုံးထဲကို တစ်ယောက်က နက်နက်ရှိုင်းရှိုင်းထိုးဖောက်ကြည့်လိုက်ရတဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးရာမှာလည်း တမင်သရုပ်ဆောင်နေရတာမျိုးမဟုတ်ဘဲ ဖြစ်နေကျ၊ လုပ်နေကျသူတွေလို ရင်းနှီးနေကြတာကိုတွေ့ရပါတယ်။ ဒီလိုပုံရိပ်တွေကြောင့် ပရိသတ်တွေက ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပါဝင်သရုပ်ဆောင်နေရတဲ့ ဇာတ်ကောင်တွေရဲ့ စျာန်ကိုဝင်စားခဲ့ရင်းက လက်တွေ့ဘဝမှာလည်း ချစ်သူတွေဖြစ်နေကြောင်း အထင်ရောက်စေဖို့ တွန်းအားတွေဖြစ်ခဲ့တယ်လို့ မီဒီယာက ဝေဖန်ခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ရိုက်ကွင်းနားတဲ့အချိန်တွေမှာလည်း အတူရှိနေတတ်ပြီး စကားတွေဖောင်ဖွဲ့ရင်းရယ်မောခဲ့ကာ အခြားသောချစ်သူစုံတွဲတွေကဲ့သို့ ဟာသတွေပြောကာစနောက်တာတွေလည်းရှိနေခဲ့ပါတယ်။ ဒ့ါကြောင့် သူတို့ဟာ အလုပ်သဘောအရသာမဟုတ်ဘဲ သူတို့ရဲ့ရင်းနှီးမှုကို လက်တွေ့ဘဝထဲထိပါ ချဲ့ထွင်လာခဲ့တာလို့လည်း ဆိုနိုင်ပါတယ်။

ဒီလိုရင်းနှီးလွန်းနေတဲ့ သူတို့နှစ်ဦးကိုလည်း ပရိသတ်တွေက တကယ်ပဲတစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားကာ ချစ်သူတွေဖြစ်နေကြပြီလား၊ တကယ်ကိုသရုပ်ဆောင်ကောင်းခဲ့တာလားဆိုတာကို ဝေခွဲမရနိုင်ဖြစ်နေရကြောင်းလည်း ကိုရီးယားဘိုးဒေ့ါကွန်းက ရေးသား ဖော်ပြခဲ့ပါတယ်။

" Strong Woman Do Bong-soon"အဖွဲ့သားတွေဟာ ရုပ်ရှင်အောင်မြင်တဲ့အထိမ်းအမှတ်အဖြစ် လာမယ့် ဧပြီ ၂၀ ရက်မှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကို အလည်အပတ်ခရီးထွက်ကြဖို့ ပြင်ဆင်ထားကြပါတယ်။ ဒီခရီးစဉ်မှာတော့ ယင်းရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသမီး ပါ့ခ်ဘိုယောင်း၊ မင်းသားတွေဖြစ်ကြတဲ့ ပါ့ခ်ဟွန်စစ်နဲ့ ဂျီဆိုးတို့ဟာလည်း ဘာလီအလည်အပတ်ခရီးစဉ်မှာ ပါဝင်လိုတဲ့ဆန္ဒတွေရှိနေကြပါတယ်။ များပြားလွန်းတဲ့အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကြောင့် လိုက်ပါနိုင်ခြင်း ရှိ၊ မရှိကို တစ်ထစ်ချပြောကြားနိုင်ခြင်းမရှိပေမယ့် အတတ်နိုင်ဆုံးအစီအစဉ်တွေကို ပြန်လည်ညှိနှိုင်းနေကြကြောင်းလည်း သိရပါတယ်။ ဒ့ါကြောင့် ခရီးစဉ်မှာရော သူတို့နှစ်ဦးလိုက်ပါကြမှာလား၊ လိုက်ပါခဲ့ပါကလည်း ခရီးစဉ်အတွင်းမှာ ဘယ်လိုသတင်းတွေပေါ်ထွက်လာစေဦးမှာလည်း ဆိုတာကလည်း မီဒီယာတွေအတွက် စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

# ပရိသတ်ကို တေးသီချင်းသစ်နဲ့ မိတ်ဆက်ပေးခဲ့တဲ့ ဂျက်စတင်ဘီဘာ

ကမ္ဘာကျော်ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျက်စတင်ဘီဘာဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် မိတ်ဆက်ပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးသီချင်းသစ်တွေကို မထွက်ရှိခဲ့တာအတိုင်းအတာတစ်ခုအထိ ကြာမြင့်ခဲ့ပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့ ဧပြီ ၁၂ ရက်မှာတော့ အသံသွင်းခန်းမတစ်ခုအတွင်း ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံလေးပုံကို လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေဟာ အဖြူအမည်းနဲ့ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဖြစ်ပြီး စတူဒီယိုအတွင်း ပြန်လည်ရောက်ရှိနေပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာကိုတွေ့မြင်ခဲ့ရတဲ့အတွက် ပရိသတ်တွေက ဂျက်စတင်ဘီဘာရဲ့ တေးသီချင်းသစ်တွေကို မကြာမီ ခံစားရတော့မှာဖြစ်ကြောင်း ဝေဖန်ခဲ့ကြပါတယ်။

ကနေဒါလူမျိုးတစ်ဦးဖြစ်ပြီး တေးရေး၊တေးဆိုအဖြစ် ကျော်ကြားတဲ့ ဂျက်စတင်ဘီဘာက သူ့ရဲ့ဓာတ်ပုံတွေနဲ့တွဲဖက်ကာ စာသားတစ်စုံတစ်ရာရေးသားဖော်ပြခြင်းမရှိခဲ့တာကြောင့် ပရိသတ်တွေအနေနဲ့ ဂျက်စတင်ရဲ့တေးသီချင်းသစ်တွေကိုမျှော်လင့်ရင်း တစ်ဖက်မှာလည်း သူ့အနေနဲ့အခြားသောအစီအစဉ်တစ်ခုများ ရှိနေတာလားရယ်လို့လည်း တွေးဆခဲ့ကြပါတယ်။ ဂျက်စတင်ဘီဘာဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က သူ့ရဲ့နောက်ဆုံးတေးအယ်လ်ဘမ်"Purpose" ကို ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ "Sorry"၊ "Love Yourself"နဲ့ "What Do You Mean၊"တေးသီချင်းတွေဟာ အထူးကျော်ကြားခဲ့ကာ လတ်တလောမှာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ "Purpose"တေးအယ်လ်ဘမ်အတွက် တနယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဒီလိုနှစ်နှစ်နီးပါးကာလအတွင်း ဂျက်စတင်ဘီဘာရဲ့ တေးသီချင်းသစ်တွေကို မခံစားခဲ့ရတဲ့အတွက် ပရိသတ်တွေက သူ့ရဲ့တေးသီချင်းသစ်ထွက်ရှိဖို့ အလွန်ပဲမျှော်လင့်နေကြကြောင်းလည်း သိရပါတယ်။



# လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွား၊ အဆောက်အအုံနှစ်လုံးနှင့် အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံး

**ရန်ကုန် ဧပြီ ၁၄**
ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် ယနေ့ညနေပိုင်းက မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံနှစ်လုံးနှင့် အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

"မီးပျက်ပြီး မီးပြန်လာတဲ့အချိန်မှာ စက်ရုံအရှေ့က ထရန်စဖော်မာကနေ အသံအကျယ်ကြီးထွက်လာလို့ လျှပ်စစ်ရုံးကို အကြောင်းကြားခဲ့တယ်။ လျှပ်စစ်ဝန်ထမ်းရောက်လာပြီး စစ်ဆေးနေတုန်းမှာ စက်ရုံအဆောက်အအုံထဲကနေ မီးခိုးတွေထွက်လာပြီး မီးစလောင်တော့တာပါပဲ" ဟု အဆိုပါစက်ရုံ၏ လုံခြုံရေးမှူး ဦးဂျွန်ဘေရီက ပြောသည်။

ဖြစ်စဉ်မှာ အဆိုပါစက်မှုဇုန်၏ ဗန်းမော်အတွင်းဝန်လမ်းရှိ Harmony Myanmar Garment (အထည်ချုပ်) စက်ရုံတွင် ယနေ့ ညနေ ၄ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားနေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် အစီး ၅၀ ခန့်ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ ညနေ ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် စက်ရုံအဆောက်အအုံ နှစ်လုံးနှင့် အတွင်းရှိအထည်ဖြတ်စများ၊ အထည်ချုပ်စက်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အသေးစားထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရသည်။

"ဒီဖြစ်စဉ်ကတော့ Level- 4 အထိ သတ်မှတ်ထားပါတယ်။ ထိခိုက်ဒဏ်ရာကတော့ ပွန်းပဲ့၊ ရှနာ ဒဏ်ရာတွေတော့ရှိတယ်။ အထဲမှာ မီးခိုးတွေ တအားများတော့ မီးခိုးမွန်တာမျိုးတွေခံစားရတာ ၁၀ ဦးလောက်ရှိတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ မီးခိုးမွန်တဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေကို အရေးပေါ်ပြုစုပေးတယ်။ တချို့ကိုတော့ ဆေးရုံကို ပို့ပေးခဲ့ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး ပထမတန်း(ယာယီ) ဦးသိန်းဝင်းက အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပြောသည်။

မီးလောင်မှုဖြစ်ပွားသည့် စက်ရုံသည် ဧပြီ ၈ ရက်က စတင်၍ အကြံန်ကာလပိတ်ရက်အဖြစ် ပိတ်ထားခဲ့ပြီး မီးလောင်မှုဖြစ်ပွားစဉ်အချိန်တွင် လုံခြုံရေးဝန်ထမ်း သုံးဦးရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည့်အပြင် ဆုံးရှုံးမှုတန်ဖိုးကိုလည်း စိစစ်လျက်ရှိပြီး ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနဦးသတင်းများအရသိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏာတ)**






# တုတ်၊ ဓားဖြင့်ခြိမ်းခြောက်ပြီး ငွေများလုယူ

**နေပြည်တော် ဧပြီ ၁၄**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် တူလာတူလီတောင်ကျေးရွာနေ ဆွေယော့တာလောင်၏ နေအိမ်၌ ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းတွင် မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်ဦးက တုတ်၊ ဓားများကိုင်ဆောင်၍ အိမ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ငွေကျပ် ၄၃၀၀၀၀ အား ယူဆောင်သွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွေယော့တာလောင်က ဧပြီ ၁၂ ရက်မွန်းလွဲပိုင်းတွင် ကြိမ်ချောင်းနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# တံတားဦးမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**တံတားဦး ဧပြီ ၁၄**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြေငူကျေးရွာအုပ်စု ပုဏ္ဏားခြံကျေးရွာတွင် ယနေ့နံနက် ၉ နာရီခွဲက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးငွေးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ မြေငူကျေးရွာအုပ်စု ပုဏ္ဏားခြံကျေးရွာနေ ဦးခင်မောင်စန်း (၆၀)နှစ်၏ နေအိမ် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ အပေါ်ထပ်ပျဉ်ကာ နေအိမ်အပေါ်ထပ်တွင် ဘုရားမီးပူဇော်ရာမှ လျှပ်စစ်ဝါယာရှော့ဖြစ်ကာ နေအိမ်အပေါ်ထပ် မီးလောင်ကျွမ်းခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ ထိုမီးလောင်မှုဖြစ်စဉ်ကြောင့် အိမ်ရှင် ဦးခင်မောင်စန်းအား ဥပဒေအရ အရေးယူပေးပါရန် တာဝန်မှူး ဒုတိယရဲအုပ်သန်းဝေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် တံတားဦး မြို့မရဲစခန်း (ပ) ၁၀၀/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲတင့်)**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကိုဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၃ စီး၊ သွင်းကုန် ၅၂၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၃ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၅ ဒသမ ၀၇၃ သန်းခန့်)ရှိပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဧပြီ ၁၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၀၀)အနီး၌ မော်တော်ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တိမ်းမှောက်နေသော Super Custom ယာဉ်ပေါ်မှ တမလန်းစားရွှေသစ်များ ၂၀ တုံး (သုည ဒသမ ၆၉၁၀ တန်ခန့်)နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၅ ဒသမ ၀၇၃ သန်းခန့်အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**







# သင်္ကြန်ကာလအတွင်း တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေး ဆေးဆိုင်များအား စစ်ဆေး

**ရေတာရှည် ဧပြီ ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် ယုမောင်မောင် ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ရေနီကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးမြင့်ဦး၊ ရေနီအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများသည် ရေနီမြို့ပေါ်ရှိ ဆေးပစ္စည်းအရောင်းဆိုင်များအား ဧပြီ ၁၄ ရက် နံနက် ၈ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကာမရာဂအားတိုးဆေးများနှင့် အခြားသောတားမြစ်ထားသည့် ဆေးဝါးများရောင်းချခြင်းမပြုရန် ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## နောက်လေးပတ်အကြာတွင် ဘာထရာ လေ့ကျင့်ခန်း ပြန်လည်ဆင်းနိုင်မည်

ဒေါ့မွန်နောက်ခံလူ မာ့ခ်ဘာထရာမှာ ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ခါးကျိုးသွားခဲ့ပြီး လက်မောင်းဒဏ်ရာရရှိခဲ့သော်လည်း နောက်လေးပတ်အကြာတွင် လေ့ကျင့်ခန်း ပြန်လည်ဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုနာကိုအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ကားလမ်းဘေး ဗုံးသုံးလုံးဆင့် ပေါက်ကွဲမှုကြောင့် နောက်ခံလူ ဘာထရာမှာ ပြီးခဲ့တဲ့အင်္ဂါနေ့တွင် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး "သူ့အနေဖြင့် ပိုကောင်းသည့်ပုံစံဖြင့် ပြန်လာမည်ဖြစ်ကြောင်း" တွစ်တာစာမျက်နှာပေါ်မှ တစ်ဆင့်ရေးသားခဲ့သည်။

ဒေါ့မွန်နည်းပြ တက်ရှယ်လ်က ကစားသမားက ချက်ချင်းပင် ဝင်ရောက်ကစားရန် ဆန္ဒရှိနေသော်လည်း လေးပတ်လောက်အနားယူရဦးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အသက်(၂၆)နှစ်အရွယ် ဘာထရာမှာ ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အတွက် ပြိုင်ပွဲစုံ ၂၉ ပွဲဝင်ရောက်ကစားခဲ့ပြီး မိုနာကိုအသင်းနှင့် ကစားမည့် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်နှင့် ဘိုင်ယန်နှင့် ယှဉ်ပြိုင်မည့် ဂျာမန်ဖလားအကြိုဗိုလ်လုပွဲစဉ် များကို လွဲချော်ရန်ရှိနေပြီဖြစ်သည်။

**မေလွဲ့သင်း - စုစည်းသည်**

## အန်ဒါးလက်ချ်နှင့်သရေရလဒ်အတွက် တိုက်စစ်မှူးတွေကိုမော်ရင်ဟိုအပြစ်တင်



မန်ယူအသင်းတိုက်စစ်မှူးများအတွက် "အဆုံးသတ်မသေချာ" ဟူသော စကားလုံးထက် ကောင်းမွန်တဲ့ စကားလုံးရှာမတွေ့နိုင်ဘူးဆိုတဲ့စကားနဲ့ နည်းပြမော်ရင်ဟိုက မန်ယူအသင်းတိုက်စစ်ကစားပုံကို ပြစ်တင်ဝေဖန်လိုက်သည်။ အန်းဒါလက်ချ်အသင်းမှာ ပွဲပြီးခါနီးတွင်ရရှိသော ချေပဂိုးကြောင့် မန်ယူအသင်းနဲ့ တစ်ဂိုးစီသရေ ရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက သူသာ မန်ယူနောက်ခံလူတစ်ဦးဖြစ်နေပါက တိုက်စစ်ကစားသမားများရဲ့ စွမ်းဆောင်ရည်ပိုင်းအတွက် အံ့အားတသင့်ဖြစ်မိမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ မန်ယူအသင်းမှာ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၆ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် ကွင်းလယ်လူအမ်ခီတာယန်ရဲ့ ကန်ချက်တစ်ခုကိုသာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်တွင်လည်း သွင်းဂိုး ၄၆ဂိုးသာ သွင်းယူထားနိုင်သည့်အတွက် ဂိုး ၆၀ ကျော်သွင်းယူထားနိုင်သော အခြားပရီမီယာလိဂ်အသင်းများနဲ့ နှိုင်းယှဉ်ပါက အတော်လေးစိုးရိမ်စရာအနေအထားပင်ဖြစ်သည်။ အီဗရာဟီမိုဗစ်တစ်ဦးတည်းကပင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၈ ဂိုးအထိ သွင်းယူထားနိုင်ပြီး မန်ယူအသင်းအတွက် ဘယ်သူပုံမှန်ဂိုးသွင်းပေးမလဲဆိုတဲ့ အဖြေကို ယခုထိ မော်ရင်ဟို ဖြေရှင်းနိုင်ခြင်းမရှိသေးပေ။

"ဒါတူညီတဲ့ပြဿနာလိုဖြစ်နေပါတယ်။ ကျွန်တော်တို့က ပွဲကို ထိန်းချုပ်နိုင်တယ်။ အခွင့်အရေးတွေ အများကြီးရအောင် ဖန်တီးနိုင်တယ်။ ဒါပေမယ့် လုံလောက်တဲ့ ဂိုးအရေအတွက်တော့ မရရှိပါဘူး"လို့ မော်ရင်ဟိုက မန်ယူအသင်းတိုက်စစ်ပိုင်းနဲ့ ပတ်သက်ပြီး ပြောကြားခဲ့သည်။ မော်ရင်ဟိုက မိမိမှာ အင်္ဂလိပ်စာ အားနည်းသူဖြစ်သဖြင့် " sloppy" "မသေချာသော" ဆိုတဲ့ စကားလုံးထက် ကောင်းမွန်သည့် စကားလုံးကို မရှာဖွေနိုင်ကြောင်း ထွေငေါ့ပြောကြားခဲ့သည်။ မန်ယူအသင်းလတ်တလော ကျင့်သုံးနေတဲ့ နည်းဗျူဟာတွင် တိုက်စစ်ကစားသမား သုံးဦးကို အနည်းဆုံးထည့်သွင်းအသုံးပြုလေ့ရှိသော်လည်း အီဗရာဟီမိုဗစ်၊ လင်းဂတ်၊ ရက်ရှ်ဖို့ဒ်နဲ့ မာရှယ်လ်တို့အားလုံး ထူးမခြားနားပင်ဖြစ်ကြောင်းလည်း မောင်ရင်ဟိုက မှတ်ချက်ပြုခဲ့သည်။

## ဟယ်ရိုက်ကိန်းနှင့် လူကာကူတို့ PFA ဆုနှစ်မျိုးစလုံးတွင် အမည်စာရင်းပါဝင်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းနှင့် အဲဗာတန်တိုက်စစ်မှူး လူကာကူတို့နှစ်ဦးစလုံးမှာ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု (PFA)နှင့် အကောင်းဆုံးလူငယ်ကစားသမားဆုနှစ်မျိုးစလုံးတွင် အမည်စာရင်းတင်သွင်းခံထားရကြောင်း သိရသည်။ အီဗရာဟီမိုဗစ်၊ ဆန်းချက်ဇ်၊ ဟာဇက်တို့ ပါဝင်နေပြီး လူငယ်ကစားသမားဆုအတွက် ၂၀၁၆ဆုရှင်ဒယ်လီအယ်လီ၊ မိုက်ကယ်ကိန်း၊ ဂျော်ဒန်ပစ်ဖို့ဒ်နှင့် ဆာနေးတို့၏ အမည်များပါဝင်နေသည်။

လူငယ်ဆုစာရင်း သတ်မှတ်ချက်တွင် အသက်(၂၃)နှစ်အောက်(သို့မဟုတ်) ယခုနှစ်ဘောလုံးရာသီမှ စတင်ကစားသူဖြစ်ရမည်ဟူသော အချက်နှစ်ရပ်ပါရှိသည်။ လူငယ်ဆုအတွက် အမည်စာရင်းတင်သွင်းခံထားရသူများတွင် မိုက်ကယ်ကိန်းမှာ အသက်(၂၄)နှစ်ဖြင့် အသက်အကြီးဆုံးကစားသမားဖြစ်နေပြီး ဟယ်ရီကိန်း၊ လူကာကူနှင့် ဆန်းဒါးလန်းဂိုးသမားပစ်ဖို့ဒ်တို့မှာ အသက်(၂၃)နှစ်ဖြစ်ကြကာ စပါးကွင်းလယ်အယ်လီနှင့် မန်စီးတီးတောင်ပံတိုက်စစ်မှူး ဆာနေးတို့မှာ အသက်(၂၁)နှစ်အရွယ် ကစားသမားများဖြစ်ကြသည်။

အကောင်းဆုံးအမျိုးသမီးကစားသမားစာရင်းတွင် အမျိုးသမီးစူပါလိဂ်ချန်ပီယံ မန်စီးတီးအသင်းမှ ကစားသမားသုံးဦးအထိ ပါဝင်နေသလို လူငယ်အမျိုးသမီးစာရင်းတွင်လည်း ကစားသမားသုံးဦးအထိ ပါဝင်နေသည်။ စပါးနည်းပြပိုချက်တီနိုကမူ အယ်လီ၏ အမည်မှာလည်း ဆုစာရင်းနှစ်မျိုးစလုံးတွင် ပါဝင်သင့်သည်ဟု ဆို ခဲ့ သည်။ ပြီးခဲ့သည့်နှစ် PFA ဆုကို လက်စတာစီးတီးတောင်ပံတိုက်စစ်မှူး မာရက်ဇ်က ရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသမီးဆုကိုမူ မန်စီးတီးတိုက်စစ်မှူး အစ်ဇီခရစ္စတန်ဆန်က ရရှိခဲ့သည်။




**တစ်နှစ်တာအကောင်းဆုံးကစားသမားဆု (အမျိုးသား) အမည်စာရင်းတင်သွင်းခံရသူများ**

အေဒင်ဟာဇက်(ချယ်လ်ဆီး)၊ အီဗရာဟီမိုဗစ်(မန်ယူ)၊ ဟယ်ရီကိန်း(စပါး)၊ ကန်တီ(ချယ်လ်ဆီး)၊ လူကာကူ(အဲဗာတန်)၊ အလက်ဆစ်ဆန်းချက်ဇ်(အာဆင်နယ်)

**တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆု(အမျိုးသား) အမည်စာရင်းတင်သွင်းခံရသူများ**

ဒယ်လီအယ်လီ(စပါး)၊ ဟယ်ရီကန်း(စပါး)၊ မိုက်ကယ်ကိန်း(ဘန်လေ)၊ လူကာကူ(အဲဗာတန်)၊ ဂျော်ဒန်ပစ်ဖို့ဒ် (ဆန်းဒါးလန်း)၊ ဆာနေး(မန်စီးတီး)

**တစ်နှစ်တာအကောင်းဆုံးကစားသမားဆု (အမျိုးသမီး) အမည်စာရင်းတင်သွင်းခံရသူများ**

လူစီဘရော်ဇ် (မန်စီးတီး အမျိုးသမီးအသင်း)
ကန်ရန်ကာနေး(ချယ်လ်ဆီးအမျိုးသမီးအသင်း)
ဂျိမ်းရော့စ်(မန်စီးတီးအမျိုးသမီးအသင်း)
ဂျေးစကော့(မန်စီးတီးအမျိုးသမီးအသင်း)
ကယ်ရိုလင်းဝီယာ(လီဗာပူးအမျိုးသမီးအသင်း)
အယ်လန်ဝှိုက်(ဘာမင်ဂမ်စီးတီးအမျိုးသမီးအသင်း)

**တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆု(အမျိုးသမီး) အမည်စာရင်းတင်သွင်းခံရသူများ**

မိုင်လီဘရိုက်(ချယ်လ်ဆီးအမျိုးသမီး)
ဂျက်စ်ကာတာ(ဘာမင်ဂမ်စီးတီး အမျိုးသမီး)
နီကီတာပဲရစ်(မန်စီးတီးအမျိုးသမီးအသင်း)
ဂျော်ဂျီနာစတန်းဝေ(မန်စီးတီးအမျိုးသမီး)
ကီရာဝေ့ရှ်(မန်စီးတီးအမျိုးသမီး)
ကယ်ရိုလင်းဝီရာ(မန်စီးတီးအမျိုးသမီး)




## စီရိုနယ်လ်ဒိုရဲ့ဥရောပလိဂ်သွင်းဂိုး၁၀၀ပြည့်အတွက် ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်ဂုဏ်ပြုလက်ဆောင်ပေးအပ်

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ဘိုင်ယန်အသင်းဘက်ကို သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်မှုနဲ့အတူ သူ့ရဲ့ ဥရောပလိဂ်သွင်းဂိုး ၁၀၀ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့အတွက် ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်ဇ်က သူ့ကိုဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင်းခဲ့ပါတယ်။ ပီရက်ဇ်က ရီးယဲလ်မက်ဒရစ်အသင်း ဂျာစီနောက်ကျောတွင် ဥရောပလိဂ်ဂိုး ၁၀၀ လို့ ရေးထိုးကာ ဂုဏ်ပြုလက်ဆောင်အဖြစ် ချီးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ခုနစ်လတာ ဂိုးပေါက် ပျောက်ဆုံးမှုကို အဆုံးသတ်ခဲ့တာဖြစ်ပြီး အဆိုပါအောင်မြင်မှုကို "မယုံကြည်နိုင်စရာကောင်းတယ်" လို့ တံဆိပ်ကပ်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက အဆိုပါသွင်းဂိုးနှစ်ဂိုးကို ရိုးရိုးရှင်းရှင်းသာ သွင်းယူခဲ့ခြင်းဖြစ်သော်လည်း ရှုံးနိမ့်နေရာမှ အနိုင်ရလဒ်ပြန်လည်ရရှိအောင် အထောက်အပံ့ပြုနိုင်ခဲ့တဲ့အတွက် မယုံနိုင်လောက်အောင် အံ့ဩဖို့ကောင်းတဲ့ သွင်းဂိုးများရယ်လို့ အမည်တပ်ခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြပါတယ်။

စီရိုနယ်လ်ဒိုက"ချန်ပီယံလိဂ်သွင်းဂိုးကို ကျွန်တော်စသွင်းနိုင်ခဲ့ချိန်တုန်းက ဒီလောက်အရေအတွက်ထိ သွင်းယူနိုင်မယ်လို့ မမျှော်လင့်ထားပါဘူး။ ဒါမျိုးဆိုတာ ပစ်မှတ်ထားဖို့ အင်မတန်ခက်ခဲတဲ့အရေအတွက်ဖြစ်တာကြောင့် ကျွန်တော့်အတွက်တော့ ဒီမှတ်တမ်းရတာနဲ့တင် ဂုဏ်ပြုခံရတာပါပဲ" လို့ ဖြေကြားခဲ့ပါတယ်။ စီရိုနယ်လ်ဒို အနေနဲ့ အခုလို ချန်ပီယံလိဂ်ဂိုး ၁၀၀ ပြည့်သွင်းယူနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်သွင်းဂိုး ၉၇ ဂိုးသာ သွင်းယူနိုင်သေးတဲ့ မက်ဆီထက် ခေါင်းတစ်လုံးအသာကို ရောက်ရှိသွားခဲ့ပြီလို့ ပြောလို့ရပါတယ်။

# စိန်ရတုမှသည် ရတုအဆက်ဆက်တိုင်အောင်

## မောင်သောင်းဝင်း(တမန်ဟောင်း)

ကြေးမုံသတင်းစာ၏သက်တမ်းသည် ၂၀၁၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် နှစ်(၆၀) တင်းတင်း ပြည့်ပြီဖြစ်သည်။ စိန်ရတုကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ကြေးမုံသတင်းစာကို ၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် ပုဂ္ဂလိကသတင်းစာတစ်စောင်အဖြစ်သာ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကြေးမုံ ဦးသောင်း(အောင်ဗလ)နှင့် ဆရာစိန်ခင်မောင်ရီတို့က ဦးဆောင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး ပင်တိုင်ဆောင်းပါးရှင်များဖြစ်ကြသည့် ဆရာဇဝန၊ ဆရာညိုမြနှင့် ဆရာငွေဥဒေါင်းတို့၏ လက်ရာများနှင့် သွက်လက်လှသော သတင်းများကြောင့် နာမည်ကြီးသတင်းစာတစ်စောင်အဖြစ် ရပ်တည်ခဲ့သည်။

ကြေးမုံသတင်းစာသည် ထိုခေတ်ကတည်းကပင် စောင်ရေသောင်းချီ၍ ထုတ်ဝေဖြန့်ချိခဲ့ရသည်။ သို့သော် ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၄ ခုနှစ်တွင် သတင်းစာများကို ပြည်သူပိုင်သိမ်းလိုက်သည်။ ထိုအချိန်မှစ၍ ပုဂ္ဂလိကသတင်းစာများ ရပ်ဆိုင်းသွားသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကြေးမုံ၊ မြန်မာ့အလင်းနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့သာ နိုင်ငံပိုင်သတင်းစာများအဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ရခဲ့သည်။ လက်ရှိအချိန်တွင် ကြေးမုံသတင်းစာသည် စောင်ရေသိန်းချီ၍ ထုတ်ဝေဖြန့်ချိနေရသည့် ထိပ်တန်းသတင်းစာတစ်စောင်အဖြစ် ရပ်တည်နေပြီဖြစ်သည်။

သတင်းစာတစ်စောင်သည် လွယ်လွယ်ကူကူဖြင့် စောင်ရေတက်လာနိုင်မည်မဟုတ်ချေ။ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများ၏ တွေးခေါ်မြော်မြင်မှု၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းမှုများ လိုမည်ထင်သည်။ အထူးသဖြင့် ပြည်သူများကို ပြည်တွင်း၊ ပြည်ပသတင်းများအပြင် သုတ၊ ရသ ပေါင်းစုံကိုပါ ပေးသွားမည်ဆိုသော စိတ်စေတနာ လိုအပ်သည်။ သတင်းစာတိုက်မှ ဝန်ထမ်းများသည် အချိန်မှန်အိပ်၊ အချိန်မှန်စားခွင့် မရှိကြပေ။ မိသားစုများကိုလည်း အချိန်မပေးနိုင်ကြပေ။ ညဉ့်နက်သန်းခေါင်ကျော်အထိ တာဝန်ထမ်းဆောင်ကြရသည်။ နောက်တစ်နေ့မိုးလင်းသည်နှင့် ပြည်သူများ၏သိလိုသော မေးခွန်းများနှင့် မကျေနပ်သော စောဒကများကိုလည်း ပြေလည်အောင် ဖြေကြားရသေးသည်။

ကြေးမုံသတင်းစာသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရသစ် စတင်အာဏာလွှဲပြောင်းလက်ခံသည့်နေ့မှာပင် အပြောင်းအလဲကို စတင်ပုံဖော်ခဲ့သည်။ အထူးသဖြင့် သတင်းစာအပြင်အဆင်သည် ပြည်သူတို့ကိုဆွဲဆောင်ခဲ့သည်။ ထို့အပြင် လတ်ဆတ်သောသတင်းများအပြင် ဝေဖန်ရေးဆောင်းပါး၊ ကဗျာနှင့် ကာတွန်းများကိုပါ စေတနာထားကာဖော်ပြပေးခဲ့သည်။ စာဖတ်သူများ စိတ်ကြိုက်ဖြစ်ခဲ့သည်။ “ဒီသတင်းစာမျိုးကို မျှော်လင့်ခဲ့ရတာကြာနေပြီ” ဆိုသောစကားများပင် ပြည်သူလူထုအတွင်း၌ ထွက်ပေါ်လာခဲ့သည်။

နေ့စဉ်ထုတ်ကြေးမုံသတင်းစာတွင် သုတ၊ရသနှင့် ဝေဖန်ရေးဆောင်းပါးများကို ဖော်ပြလာသည်။ နေ့စဉ်အနည်းဆုံးဆောင်းပါးသုံးပုဒ်ခန့်နှင့် ကဗျာ၊ ကာတွန်းများကိုပါ ဖော်ပြပေးထားသည်။ ထိုသို့ ဖော်ပြပေးထားသည့် ဆောင်းပါးများကလည်း တစ်ပုဒ်ဆိုလျှင်တစ်ပုဒ်ဆိုသလောက် ထိထိမိမိရှိလှသည်။ သုတ၊ရသ ပေါင်းစုံပေးသည်။ ကောင်းလွန်းလှသဖြင့် နေ့စဉ် ရုံးသို့ စောစောလာပြီးအချိန်ယူဖတ်ရသည်။ ထို့အပြင် ကာတွန်းများကလည်း ထိမိလှသည်။ နေ့စဉ်လူနေမှုဘဝတွင် အမြင်မတော်သည့် အကြောင်းအရာများကို ထိထိမိမိထောက်ပြထားသည့် ဆောင်းပါး၊ကဗျာနှင့်ကာတွန်းများကို ဖော်ပြပေးထားသည်။ ရင်ဘတ်ချင်းထိသဖြင့် ဘဝအမောများပြေပျောက်ရသည်။

ကြေးမုံသတင်းစာ၏ ထူးခြားသောအစီအစဉ်သည် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍဖြစ်သည်။ လူငယ်ကလောင်ရှင်များ၏ ရေးချက်များသည် သွက်လက်လွန်းလှသည်။ တနင်္ဂနွေနေ့ထုတ်သတင်းစာကို ဖတ်လိုက်ရလျှင် ထမင်းမစားရဘဲ ရင်ထဲကိုပြည့်သွားသလို ခံစားရသည်။ သုတ၊ ရသဆောင်းပါး၊ မေတ္တာဘွဲ့ ဝတ္ထုတို၊ ကဗျာလေးများကိုဖတ်ရှုရသဖြင့် များစွာကျေနပ်ပီတိဖြစ်ရသည်။ လူငယ်ကလောင်ရှင်များအား မွေးထုတ်ပေးသည့်အတွက် အမြော်အမြင်ကြီးမားသော ကြေးမုံသတင်းစာမှ တာဝန်ရှိသူများကိုလည်း များစွာကျေးဇူးတင်မိပါသည်။ ထိုကဏ္ဍလေးကို ဆက်လက်ရှင်သန်ခွင့်ပေးထားစေချင်သည်။

သတင်းစာတစ်စောင်သည် အစိုးရ၏အာဘော်များအပြင် သုတ၊ရသစာပေများကိုလည်း ဖော်ပြပေးသည်မှာ သဘာဝပင်ဖြစ်သည်။ အချိန်နည်းပါးသော ဝန်ထမ်းများသည် နေ့စဉ်စာကြည့်တိုက်သို့သွားရန် ခက်ခဲကြမည်ဖြစ်သည်။ ရုံးတာဝန်များထမ်းဆောင်နေစဉ် သတင်းစာများတွင်ဖော်ပြထားသည့် သုတ၊ရသစာပေများကို အချိန်လုဖတ်ရှုကြရသည်။ အထူးသဖြင့် ရောင်းအားကောင်းသော ကြေးမုံသတင်းစာအနေဖြင့် ဆောင်းပါး၊ ကာတွန်း၊ ကဗျာများအပြင် ဝတ္ထုတိုများကိုပါ အခါအားလျော်စွာ ဖော်ပြပေးထားသဖြင့် များစွာကျေးဇူးတင်မိသည်။ နာမည်ကြီး သတင်းစာတစ်စောင်သည် စာဖတ်အားနည်းလာသော ပြည်သူများကို သုတ၊ ရသဆောင်းပါးများဖြင့်စည်းရုံးကာ စာဖတ်ရှုန်မြှင့်တင်ပေးသဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူတို့၏ရင်တွင်းခံစားချက်များကို ဖွင့်ဟပြီး သတင်းစာများမှတစ်ဆင့် စာဖတ်ပရိသတ်များထံ တင်ပြခွင့်ရလာနိုင်သည်။ ထိုသို့တင်ပြခြင်းကို စာရေးသည်ဟုပြောဆိုလျှင် ရနိုင်သည်။ ဆောင်းပါးတစ်ပုဒ်၊ စာတစ်အုပ်သည် လူငယ်များ၏ အနာဂတ်ဘဝကို များစွာပြောင်းလဲစေနိုင်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအား နေ့စဉ်ထုတ်သတင်းစာများအပါအဝင် စာကောင်းပေမွန်များကိုဖတ်သွားရန် မေတ္တာဖြင့် တိုက်တွန်းလိုပါသည်။ စဉ်ဆက်မပြတ်စာဖတ်သူသည် အတွေးအခေါ်များစွာရင့်သန်ပြောင်းလဲတိုးတက်လာစေသည်။ ထိုသို့ရင့်ကျက်သော စိတ်ကူးစိတ်သန်း အတွေးအခေါ်များသည် လူ့အသိုက်အဝန်းကို တစ်နည်းနည်းဖြင့် အကျိုးပြုနေမည်ဖြစ်သည်။

စာရေးသူသည် အညာဒေသရှိ ကျေးရွာလေးတွင် မွေးဖွားကြီးပြင်းခဲ့ရသော်လည်း ငယ်စဉ်ကတည်းက တောမြို့ကလေးဖြစ်သည့် စလေမြို့တွင် သတင်းစာမှာယူသူတစ်ဦးထံမှ သတင်းစာငှားရမ်းပြီး ပုံမှန်ဖတ်ဖြစ်ခဲ့သည်။ ဝန်ထမ်းဖြစ်လာသည့်အချိန်တွင် ကယားပြည်နယ်ရှိ အစွန်အဖျားမြို့ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့ရသော်လည်း လကုန်လျှင် လှိုင်ကော်မှစစ်ယာဉ်တန်းဖြင့်ပါလာသည့် တစ်လစာသတင်းစာများကို ဖတ်ခဲ့ရသည့်အရသာကို ယနေ့အထိ သတိရနေဆဲပင်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးသည် ဝေးလံခေါင်ဖျားသောဒေသများသို့ မည်သို့ပင်သွားရောက်တာဝန်ထမ်းဆောင်နေရစေကာမူ နေ့စဉ်ထုတ်သတင်းစာများကိုသာ စဉ်ဆက်မပြတ်ဖတ်မှတ်သွားမည်ဆိုလျှင် လောကကြီးနှင့်အဆက်မပြတ် ထိတွေ့ခွင့်ရနေသည်။ အထူးသဖြင့် ဘဝတိုးတက်ရာတိုးတက်ကြောင်းကို များစွာအထောက်အကူဖြစ်စေသည်။

The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

မုဒိတာပွားမိသည်။

မည်သို့ပင်ဆိုစေကာမူ ကြေးမုံသတင်းစာသည် ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ကတည်းက အသွင်ရောအနှစ်သာရပါပြောင်းလဲလာသည်။ ယခင်က အစိုးရ၏အာဘော်များကိုသာ နေ့စဉ်ရေးသားဖော်ပြနေရာမှ ယခုဆိုလျှင် ရှုထောင့်ပေါင်းစုံမှဖော်ပြပေးလာသည်။ ပွင့်လင်းစွာရေးသားထားသော ဆောင်းပါးများကို နေရာပေးလာသည်။ ခေတ်၏ပုံရိပ်ကိုထင်ဟပ်စေသည့် ကာတွန်းပြကွက်ကလေးများကိုပါ နေရာပေးလာသည့်အတွက် ဘဝအမောများကို ပြေပျောက်စေသည်။

သတင်းစာများသည် ခေတ်၏ပုံရိပ်ပင်ဖြစ်သည်။ ခေတ်တစ်ခေတ်တွင် ပြည်သူများ စိတ်လက်ချမ်းသာမှု ရှိမရှိကို ထိုခေတ်သတင်းစာများကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ အကြောက်တရားကြီးစိုးသောခေတ်တွင် ထုတ်ဝေသည့်သတင်းစာများသည် ပြည်သူများအား ၎င်းတို့၏ခံစားချက်ကို ရင်ဖွင့်နိုင်ရန်နေရာပေးမထားခဲ့ပေ။ ထိုခေတ်အစိုးရ၏ အားသာချက်များကိုသာ ဝေဝေဆာဆာဖော်ပြလေ့ရှိသည်။ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။ သာဓကအနေဖြင့် ရုရှား၊ ဆီးရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့တွင် ထုတ်ဝေသည့်သတင်းစာများသည် ပူတင်၊ အာဆတ်နှင့် ကင်ဂျုံအမ်တို့၏ ကောင်းကြောင်းများကိုသာ တွင်ကျယ်စွာရေးသားဖော်ပြလေ့ရှိကြသည်။

မည်သို့ပင်ဆိုစေကာမူ သတင်းစာများသည် ပြည်သူများကို တစ်နည်းနည်းဖြင့် အကျိုးပြုနေသည်မှာ ငြင်းဆို၍မရသော အမှန်တရားပင်ဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာကို ပုံမှန်ဖတ်သူနှင့် မဖတ်သူတို့အကြား ရေရှည်တွင် တိုးတက်မှု ကွာခြားသွားကြသည်။ စာပေကိုချစ်မြတ်နိုးသူများသည် ခြုံ၍တင်ပြရလျှင် ကြေးမုံသတင်းစာသည် ၂၀၁၇ ခုနှစ် ဧပြီ ၁၆ ရက်တွင် နှစ်(၆၀) တင်းတင်း ပြည့်ပြီဖြစ်သည်။ စိန်ရတုကာလသို့ပင်ရောက်ရှိလာပြီဖြစ်သည်။ ထိုကာလများအတွင်း ပြည်သူများကို လတ်ဆတ်သောသတင်းများအပြင် သုတ၊ ရသပေါင်းစုံကိုပေးလျက် အလုပ်အကျွေးပြုခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကြေးမုံသတင်းစာတိုက်မှ အရာထမ်း၊ အမှုထမ်းများသည် တတ်သည့်ပညာဖြင့် ပြည်သူလူထုကို ဆက်လက်အလုပ်အကျွေးပြုနေဦးမည်ဟုလည်း ခိုင်မာစွာယုံကြည်မိသည်။ အထူးသဖြင့် ပြည်တွင်း၊ ပြည်ပသတင်းများအပြင် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့်ဝတ္ထုတိုအပါအဝင် သုတ၊ရသပေါင်းစုံကို ဆက်လက်ဖော်ပြပေးသွားမည်ဟု ထင်မိသည်။ မည်သို့ပင်ဆိုစေကာမူ သတင်းစာများသည် ပြည်သူများ၏ မျက်စိနှင့်နားများပင် ဖြစ်သည်။ ထို့ကြောင့် နာမည်ကြီးသတင်းစာတစ်စောင်ဖြစ်သည့် ကြေးမုံသတင်းစာအနေဖြင့် စိန်ရတုမှသည် ရတုအဆက်ဆက်တိုင်အောင် အောင်မြင်မှုများ ဆတက်ထမ်းပိုး ဆက်လက်ပိုင်ဆိုင်နိုင်ပါစေကြောင်း စစ်မှန်သောစိတ်စေတနာဖြင့် ဆန္ဒပြုလိုက်ရပါသည်။ ။

# မဟာသင်္ကြန်အကျနေ့ ရွှေမိုးပက်ဖျန်း

**ရန်ကုန် ဧပြီ ၁၄**

ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင်နေသာလျက်ရှိပြီး မွန်းလွဲ ၂ နာရီမှစတင်၍ ရာသီဥတုအုံ့ဆိုင်းလျက်ရှိကာ ရန်ကုန်မြို့တွင်းရှိ မဟာသင်္ကြန်မဏ္ဍပ်များတွင် ရေပက်ခံများဖြင့် စည်ကားခဲ့သည်။ နေအပူရှိန်သိသိသာသာကျသွားသဖြင့် ရေပက်ခံသူနှင့် ရေကစားသူများ ပျော်ရွှင်စွာကစားလျက်ရှိသည်ကို လမ်းတိုင်း၊ ရပ်ကွက်တိုင်း၌ တွေ့မြင်ခဲ့ရသည်။ ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရွှေမိုးပက်ဖျန်းလာသဖြင့် အလှအက၊ သံချပ်များဖြင့် လာရောက်ဖျော်ဖြေကြသူများ ခေတ္တရပ်နားသွားသည်ကို မြင်တွေ့ရသည်။

ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့တော်တစ်မြို့လုံး ရွှေရည်ပိတောက်တို့ ပွင့်လန်းလာနိုင်တော့မည် ဖြစ်သည်။ ပိတောက်နှင့်သင်္ကြန် ပူးတွဲကာ မှတ်တမ်းတင်၍ ပျော်ရွှင်မဆုံးဖြစ်လာမည်ဟု မှန်းဆမိသည်။

**ငွေးအောင်(ကြေးမုံ)**



ရာသီဥတုပြောင်းလဲမှုလျော့ကျရေး အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်ပေး

## ကချင်ပြည်နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်လှစ်



**မြစ်ကြီးနား ဧပြီ ၁၄**
ကချင်ပြည်နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်လိုက်ကြောင်း ကြေညာပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများက နှစ်သစ်ခွန်းဆင့်တေးသီချင်းဖြင့် ကပြဖျော်ဖြေလျက်ရှိသည့် ယိမ်းအဖွဲ့များအား နံ့သာရည်သပြေခက်ဖြင့် ရေပက်ဖျန်းကြပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်တေးသီချင်းများနှင့် ယိမ်းအဖွဲ့များ၏ အကအလှများ၊ ဗဟိုမဏ္ဍပ်ရှိ နာမည်ကျော်တေးသံရှင်တို့၏ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ မိသားစုစုပေါင်းရေကစားမဏ္ဍပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာရေကစားမဏ္ဍပ်တို့ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့ကြပြီး အဆိုပါရေကစားမဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၏ အကအလှများ၊ တေးသံရှင်တို့၏ တေးသီချင်းသီဆိုဖျော်ဖြေမှုများနှင့်အတူ စည်ကားလျက်ရှိကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ဟားခါး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဟားခါး ဧပြီ ၁၄**
မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၃ နာရီက ဟားခါးမြို့ ပြည်ထောင်စုရိပ်သာအနီး ချင်းပြည်နယ်အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်က မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဖွင့်ပွဲကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးဝင်းမြင့်ကျော်တို့က မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား 'မန်းတောင်ရိပ်ခို' သီချင်းဖြင့် စုပေါင်းသီဆိုကပြဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များနှင့် ဧည့်ပရိသတ်များအား နံ့သာရည်၊ သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြကာ ယိမ်းအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြသည်။



ချင်းပြည်နယ်၏ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့ ၁၆ ဖွဲ့က ယနေ့မှစ၍ အတာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်အထိ နေ့စဉ်ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ဟားခါးသင်္ကြန်ပွဲကိုလည်း ညစဉ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နွေရာသီ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်စေရန်လှူဒါန်း



**ညောင်ဦး ဧပြီ ၁၄**
ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံမြို့ ရတနာဘုံစံတောရကျောင်းတိုက် (ရေ/သွေး) အလှူအသင်းနာယက ဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေလှူတော်အသင်းသားများအဖွဲ့သည် ညောင်ဦးမြို့နယ်အတွင်း နွေရာသီကာလ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသည့်ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သောက်သုံးရေများ စဉ်ဆက်မပြတ် ကွင်းဆင်းလှူဒါန်းပေးလျက်ရှိရာ ဧပြီ ၁၂ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ပွွန်ကျေးရွာ၊ မြေသင်းကျေးရွာ တရားစခန်းနှင့် ညောင်ဦး-ကျောက်ပန်းတောင်း ကတ္တရာလမ်းဘေးရှိ ခရီးသွားပြည်သူများ နားခိုဝင်ရောက်နေသည့် ဂတုန်းရေချမ်းစင်များသို့သွားရောက်၍ သောက်သုံးရေ လုံလောက်စွာအသုံးပြုနိုင်ရေးအတွက် ပေးဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် သွားရောက်လှူဒါန်းနိုင်ရေးအတွက် ရေကုသိုလ်ရှင်အမျိုးသမီးတစ်ဦးက ငွေကျပ်တစ်သိန်း မတည်လှူဒါန်းပေးခဲ့ကြောင်း သိရပြီး ပုဂံမြို့ ဖြူစင်မေတ္တာရေလှူတော်အသင်း အဖွဲ့ခေါင်းဆောင် ဦးဇော်ပွေးကဦးဆောင်၍ အသင်းအဖွဲ့သားများက ပွွန်ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ မြေသင်းတွင်းကျေးရွာ တရားစခန်းရှိ အဘိုးအဘွားများအတွက် ရေဂါလန် ၁၅၀၀ နှင့် ညောင်ဦး-ကျောက်ပန်းတောင်းသွား ကတ္တရာလမ်းဘေးရှိ ခရီးသွားပြည်သူများ သောက်သုံးရေ ဝင်ရောက်နားခိုအသုံးပြုသည့် ဂတုန်းရေချမ်းစင်အတွက် ရေဂါလန် ၁၅၀၀ စုစုပေါင်း ရေဂါလန် ၄၅၀၀ အား ပေးဝေလှူဒါန်းပေးခဲ့ကြောင်း ပုဂံမြို့ ဖြူစင်မေတ္တာရေလှူတော်အသင်းမှ အဖွဲ့ခေါင်းဆောင် ဦးဇော်ပွေး၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

**နတ်မောက် ဧပြီ ၁၄**
နတ်မောက်မြို့နယ် မြို့မရဲစခန်း ဒု-ရဲမှူးကျော်ကျော်စိုးဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နတ်မောက်လူငယ်ပရဟိတအဖွဲ့တို့ပူးပေါင်း၍ ဧပြီ ၁၁ ရက်က နတ်မောက်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် ပြည်သူများသောက်သုံးရေ အခက်အခဲဖြစ်ပွားသည့်အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များလူမှုကူညီရေးအသင်းသို့ လှူဒါန်းထားသော ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် အုတ်ဖိုကျေးရွာအိမ်ထောင်စု ၁၁၂၊ အိမ်ခြေ ၁၃၀ နှင့် လူဦးရေ ၆၂၉ ဦးတို့အား ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နတ်မောက်မြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်နေသော ကျေးလက်ဒေသများကိုလည်း ရေများသွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## မန္တလေးလမ်းလျှောက်သင်္ကြန် ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များဖြင့်စည်ကား



**မန္တလေး ဧပြီ ၁၄**
မန္တလေးမြို့တွင် တိမ်မြုပ်ပျောက်ကွယ်နေသော လမ်းလျှောက်သင်္ကြန်ကို အစိုးရသစ်လက်ထက်တွင် အောင်မြေသာစံမြို့နယ် ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၇၈ လမ်းကြားတွင် ပြန်လည်ဖော်ထုတ်ရာ ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များအပါအဝင် ပြည်တွင်းခရီးသွားဧည့်သည်များ၊ မန္တလေးမြို့ခံများပါဝင်ဆင်နွှဲကြရာ အထူးစည်ကားသည်။ လမ်းလျှောက်သင်္ကြန်တွင် လောင်းလှေများဖြင့် မြန်မာ့ရိုးရာရေကစားခြင်း၊ ရေပိုက်ငယ်များဖြင့် ရေကစားခြင်း၊ ကုမ္ပဏီအသင်းအဖွဲ့များက မြန်မာ့ရိုးရာ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ထမင်း၊ ခေါက်ဆွဲကြော်၊ ကြာဆန်ကြော် စတုဒိသာကျွေးမွေးရာ အထူးစည်ကားပြီး အေးချမ်းစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ




**ညောင်တုန်း ဧပြီ ၁၄**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့၌ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်နှင့်တစ်ပြိုင်နက် မြို့နယ်အတွင်းရှိ ရပ်ကွက်ယိမ်းအဖွဲ့များမှ သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာသင်္ကြန်ပွဲတော်ကာလအတွင်း တားမြစ်ဆေးဝါးနှင့် စိတ်ကြွမှုးယစ်ဆေးဝါးများရောင်းချမှုမရှိစေရေး ပညာပေး

**ငါးသိုင်းချောင်း ဧပြီ ၁၄**
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း တားမြစ်ဆေးဝါးနှင့် စိတ်ကြွမှုးယစ်ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ငါးသိုင်းချောင်းမြို့ပေါ်ရှိ ဆေးဆိုင်နှင့် ကွမ်းယာဆိုင်များတွင် ဧပြီ ၁၂ ရက် ညနေပိုင်းက မြို့စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ နယ်မြေရဲတပ်ဖွဲ့စခန်းမှူး၊ မြို့အုပ်ချုပ်ရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့မှ အဆိုပါဆေးဆိုင်နှင့် ကွမ်းယာဆိုင်များတွင် လိုက်လံစစ်ဆေးပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မဟာသင်္ကြန်ပွဲတော်ကာလများအတွင်း စိတ်ကြွမှုးယစ်ဆေးဝါးနှင့် ဆေးဝါးမှတ်ပုံတင်မပါရှိသည့် ဆေးဝါးအမျိုးအမည်များ၊ အရက်ပြန်များ၊ အသက် (၁၈) နှစ်အောက်လူငယ်များသို့ ရောင်းချရန်မသင့်သည့် ဆေးဝါးအမျိုးအမည်များအား ရောင်းချမှုမရှိစေရေးနှင့် လူငယ်များသုံးစွဲမှုမရှိစေရေးတို့အတွက် ဆက်လက်အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင်က ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# နှစ်သစ်ကူးပွဲတော်ကို အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**ထားဝယ် ဧပြီ ၁၄**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ မြန်မာ့ရိုးရာအစဉ်အလာမပြက် နှစ်သစ်ကူးပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဒေသအတွင်းမှပြည်သူများ ပါဝင်ဆင်နွှဲလျက်ရှိပြီး ယနေ့သင်္ကြန်အကျနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဌာနဆိုင်ရာသင်္ကြန်မဏ္ဍပ်များတွင်လည်း သင်္ကြန်ယိမ်းအဖွဲ့များ၊ စတိတ်ရှိုးကဏ္ဍများ၏ ဧည့်ခံဖျော်ဖြေမှုများအပြင်၊ အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမှုများဖြင့် စည်ကားလျက်ရှိသည်။

ယင်းအပြင် ထားဝယ်မြို့ပေါ်ရပ်ကွက်တိုင်း၌လည်း သက်ဆိုင်ရာရပ်ကွက်များအလိုက်၊ လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသကဲ့သို့ စတုဒိသာကျွေးမွေးဧည့်ခံမှုများ၊ ရေကစားမဏ္ဍပ်အလိုက် ကုသိုလ်ဒါနပြုပေးလျက်ရှိသည်။

ထားဝယ်မြို့တွင်ကျင်းပသည့် နှစ်သစ်ကူးပွဲတော်သို့ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲလျက်ရှိကြောင်းသိရပြီး မဏ္ဍပ်များသို့ မြို့ပေါ်ရပ်ကွက်များနှင့် အမြို့မြို့အနယ်နယ်မှ ဝါသနာရှင်များက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ရိုးရာနံ့သာသွေးပွဲ ဒုတိယအကြိမ်မြောက်အဖြစ် သထုံတွင်ကျင်းပ



**သထုံ ဧပြီ ၁၄**
မွန်ပြည်နယ် သထုံမြို့နယ်တွင် မွန်၊ ကရင်၊ ပအိုဝ်းနှင့် ရခိုင်တိုင်းရင်းသားများ စုပေါင်းကာ ဒုတိယအကြိမ်အဖြစ် ရခိုင်ရိုးရာ နံ့သာသွေးပွဲကို ဧပြီ ၁၃ ရက် (မဟာသင်္ကြန်အကြိုနေ့) ညနေ ၃ နာရီက ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြန်မာနှစ်သစ်ကို အမွှေးနံ့သာတွေပက်ဖျန်းပြီး မင်္ဂလာရှိရှိ ကြိုဆိုဖို့နဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာကို အခြားသောတိုင်းရင်းသားညီနောင်တွေ သိရှိစေချင်လို့ ဒီနံ့သာသွေးပွဲကို ကျင်းပတာပါ" ဟု သထုံခရိုင် ရခိုင်တိုင်းရင်းသားများ သာရေးနာရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ပြောသည်။

အခမ်းအနားတွင် သထုံမြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာတစ်ခုတို့မှ လှပျိုဖြူလေးများ၊ မွန်၊ ကရင်၊ ပအိုဝ်း၊ ရခိုင်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်တွင် စုပေါင်းကာ နံ့သာသွေးပွဲကိုပြုလုပ်ပြီး စီတန်းလှည့်လည်၍ သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီဝင်းအတွင်းရှိ ဘုရားရုပ်ပွားတော်များကို ရေသပ္ပာယ်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မွန်ပြည်နယ်မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



**မော်လမြိုင် ဧပြီ ၁၄**
မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၆ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကောင်းမြတ်သည့် ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ နှစ်သစ်ကူးအခါသမယ သင်္ကြန်ကာလမှာ ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်မှာ ပါဝင်ဆင်နွှဲကြရန်၊ နှစ်သစ်မှာ ဒေသအကျိုး ပြည်သူ့အကျိုးကို စွမ်းအားပြည့်ပါဝင်ကူညီကြစေရန် အရေးကြီးပါကြောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် အပျော်ကြူးသူများကြောင့် အကျည်းတန်အရုပ်ဆိုးသော သင်္ကြန်ပွဲတော် မဖြစ်စေလိုကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နဲ့ ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးတို့၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင် နေထိုင်ပြုမူမှုများကို ရှောင်ရှားစေလိုကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်များ ပေါ်လွင်နိုင်ရေးအတွက် ထိန်းသိမ်းလိုက်နာပါဝင်ဆင်နွှဲရန် အထူးလိုအပ်လှပါကြောင်း နှစ်သစ်မင်္ဂလာအမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များမှ စုပေါင်းကပြခြင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ငွေဖလားကိုင်လှပျိုဖြူများက တက်ရောက်လာကြသော ဧည့်သည်တော်များအား အမွှေးနံ့သာရည်ကို သပြေခက်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ပေါင်မြို့နယ်ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၁၇ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့စုစုပေါင်း ၁၁ ဖွဲ့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သနပ်ပင်မြို့နှင့် ပဲခူးမြို့သင်္ကြန်မဏ္ဍပ်တို့အားဖွင့်လှစ်ပေး

**ပဲခူး ဧပြီ ၁၄**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဝန်ကြီးများနှင့်အတူ ဧပြီ ၁၃ ရက် ညနေ ၄ နာရီက သနပ်ပင်မြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့သွားရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ညနေ ၅ နာရီခွဲတွင် ပဲခူးမြို့ လိပ်ပြာကန်၌တည်ဆောက်ထားသော မဟာသင်္ကြန်ရေကစားမဏ္ဍပ်သို့သွားရောက်ပြီး သင်္ကြန်ကာလတွင် အန္တရာယ်ဖြစ်စေသော ကြမ်းတမ်းသည့် ရေကစားမှုများဖြင့် မဟာသင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်အောင် မပြုလုပ်မိရန် သတိပြုရမှာဖြစ်ကြောင်း၊ အပျော်မှတစ်ဆင့် စိတ်ဆင်းရဲစရာများ၊ ဘဝတစ်သက်တာထိခိုက်စရာများဖြစ်လာနိုင်သည့်အတွက် မူးယစ်သောက်စားရမ်းကားမှုများကိုလည်း ဆင်ခြင်ကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်စရာ၊ ကြည်နူးစရာ ထုံမွှမ်းသည့် ပွဲတော်ကြီးအဖြစ် နွှဲပျော်ကြရန်၊ ပြည်သူပြည်သားအပေါင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းပြီး ပျော်ရွှင်ချမ်းမြေ့စွာပါဝင်ဆင်နွှဲကြရန်၊ နှစ်ဟောင်းကုန်၍ နှစ်သစ်အကူးမှာ လူတိုင်းလူတိုင်းလူသစ်၊ စိတ်သစ်၊ အသွင်သစ်ဖြင့် စိတ်ဓာတ်မြင့်မြင့်မားမား ကြည်ကြည်လင်လင်နဲ့ ၁၃၇၉ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့နှစ်သစ်ကူးကို လှိုက်လှဲစွာကြိုဆိုကြရန် ဝန်ကြီးချုပ်ဦးဝင်းသိန်းက ပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံနှင့် မြို့မိမြို့ဖဦးမောင်ဝင်းတို့က ပဲခူးခရိုင်မဟာသင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များမှ မြူမှောင်ဝေကင်း၊ မြနန္ဒာသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကာ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများက အတာရေဖြင့် လိုက်လံပက်ဖျန်းပေးကြသည်။

ပဲခူးခရိုင် မဟာသင်္ကြန်မဏ္ဍပ်တွင် ဝေါမြို့နယ်ယိမ်းအဖွဲ့၊ သနပ်ပင်မြို့နယ်ယိမ်းအဖွဲ့၊ ကဝမြို့နယ်ယိမ်းအဖွဲ့၊ ညောင်လေးပင်မြို့နယ်သင်္ကြန်ပျိုမေယိမ်းအဖွဲ့၊ ဒိုက်ဦးမြို့နယ်ယိမ်းအဖွဲ့၊ ပညာရေးဌာနယိမ်းအဖွဲ့၊ ပဲခူးမြို့ပေါ်(၂)ပိတောက်တစ်ခိုင်ယိမ်းအဖွဲ့၊ ပဲခူးမြို့ပေါ်(၁) ဥဿာမေယိမ်းအဖွဲ့၊ အင်းတကော်မြို့ခေတ်သစ်ပျိုမေယိမ်းအဖွဲ့နှင့် ဘုရားကြီးမြို့ နွေဦးရွှေရည်ယိမ်းအဖွဲ့ စသည့်ယိမ်းအဖွဲ့ ၁၁ ဖွဲ့တို့က ပါဝင်ယှဉ်ပြိုင်ကပြဖျော်ဖြေကြမည်ဖြစ်သည်။

သင်္ကြန်ကာလအတွင်း ရေကစားသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပြဿနာကြီးငယ်မဖြစ်စေရေး၊ ရေနစ်သေဆုံးမှုမဖြစ်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ လုံခြုံရေးအင်အားပြည့်ဝစွာ တာဝန်ချထားပြီး ပရဟိတအဖွဲ့များမှ အရေးပေါ်အခြေအနေအသုံးပြုနိုင်ရေးအတွက် အရေးပေါ်လူနာတင်ယာဉ်များနှင့် ဆေးပေးခန်းများကို စီမံပေးထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မင်းဘူး(စကု)မြို့နယ် မန်းဆည်တော်အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေ ရေကစားသူများဖြင့် နေ့စဉ်စည်ကား



**မင်းဘူး မေ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အိုင်းမကျေးရွာအုပ်စု အိုင်းမဆည်အနီး အိုးပြင်မည်းကျေးရွာထိပ်တွင် တည်ရှိသော မန်းဆည်တော်သို့ ယခုရက်ပိုင်း ပူပြင်းသည့်ရာသီအပူရှိန်ကြောင့် လာရောက်အပန်းဖြေ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း မန်းဆည်တော်အနီး စျေးရောင်းနေသော ဒေသခံများကပြောပြ၍ သိရသည်။

"ကျွန်မတို့ မင်းဘူး(စကု)မြို့နယ် အိုင်းမကျေးရွာအုပ်စု အိုးပြင်မည်းကျေးရွာထိပ်မှာရှိတဲ့ မန်းဆည်တော်ကို ယခုရက်ပိုင်း ရာသီဥတုက ပိုပူလာလို့လားမသိဘူး။ လာရောက်အပန်းဖြေရေကစားတဲ့သူတွေ ပိုများလာပါတယ်။ ကျွန်မတို့ရွာနားမှာရှိတဲ့ ဒီမန်းဆည်တော်ကို ယခင်က လူတွေမသိသေးတော့ အပန်းဖြေနေရာတစ်ခုအဖြစ် စိတ်ဝင်စားမှုနည်းပါတယ်။ အခုတော့ လူမှုကွန်ရက်မှတစ်ဆင့် တဖြည်းဖြည်းနဲ့ လူသိပိုများလာပြီး လာရောက်အပန်းဖြေတဲ့သူတွေ များလာတာပါ။

အရင်တုန်းက မန်းဆည်တော်ကို လာရောက်အပန်းဖြေ ရေကစားတဲ့သူတွေ နားခိုဖို့ တည်းခိုဆောင်တွေ မရှိပါဘူး။ ဒီလိုမျိုးတည်းခိုဆောင်တွေနဲ့ စည်စည်ကားကားဖြစ်လာတာက လေးနှစ်ခန့်လောက်ပဲ ရှိပါသေးတယ်။ အခုဆိုရင် မန်းရွှေစက်တော်ကို ဘုရားဖူးလာတဲ့သူတိုင်းက ပြန်လာရင် ကျွန်မတို့ရွာနားက မန်းဆည်တော်ကို ဝင်ရောက်အပန်းဖြေကြတာ များပါတယ်။ အခုလို ကျွန်မတို့ဆီက မန်းဆည်တော်ကို လူသိများပြီး လာရောက်အပန်းဖြေကြတဲ့သူတွေများလာတဲ့အတွက် ကျွန်မတို့ကျေးရွာက ဒေသခံပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီး အဆင်ပြေစေပါတယ်။

ဒါပေမယ့် ကျွန်မအနေနဲ့ အကြံပြုပြောချင်တာက မန်းဆည်တော်ကို လာရောက်အပန်းဖြေတဲ့သူတွေအနေနဲ့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုလေးတွေ မပြုလုပ်စေချင်ပါဘူး။ ဆည်တော်ရေက အမြဲတမ်းစီးဆင်းနေတဲ့ရေဆိုပေမယ့် အများသူငှာ ရေဆော့ကစားနေကြတဲ့အချိန်မှာ ဆည်တော်အတွင်းမှာ ပလတ်စတစ်ကြွပ်ကြွပ်အိတ်တွေ၊ ရေသန့်နဲ့ အအေးဘူးခွံတွေ၊ အရက်ဘီယာပုလင်းဘူးခွံတွေ စည်းကမ်းမဲ့စွန့်ပစ်တာဟာ ရေညစ်ညမ်းမှုကိုဖြစ်စေပြီး ကျန်းမာရေးလည်းထိခိုက်လာနိုင်ပါတယ်။

ဒါကြောင့် လာရောက်အပန်းဖြေဖို့လာကြတဲ့ ဧည့်သည်တွေအနေနဲ့ စိတ်အေးချမ်းသာစွာ အပန်းဖြေရေချိုးနိုင်စေဖို့ မိမိတို့ပင်ကိုအသိစိတ်ဖြင့် စွန့်ပစ်အမှိုက်များကို သတ်မှတ်ထားတဲ့ အမှိုက်စွန့်ပစ်နေရာတွေမှာ စနစ်တကျ စွန့်ပစ်တာမျိုး ပြုလုပ်ပေးစေချင်ပါတယ်။ အခုအချိန်ကတော့ ရာသီဥတုက အလွန်ပူပြင်းတော့ ကျွန်မတို့ဒေသက မန်းဆည်တော်ဟာ ရေချိုးဆော့ကစားရင်း အပန်းဖြေတဲ့သူတွေများတာကြောင့် အထူးကိုစည်ကားပါတယ်"ဟု မင်းဘူး(စကု)မြို့နယ် အိုင်းမကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား လွိုင်ကော်မြို့၌ပြုလုပ်

**လွိုင်ကော် မေ ၁၄**

ကယားပြည်နယ် ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် ညနေ ၅ နာရီက လွိုင်ကော်မြို့ နောင်ယားကန်သာဘေးရှိ ဗဟိုမဏ္ဍပ်၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က မြန်မာသက္ကရာဇ် ၁၃၇၈-၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ယိမ်းအကအဖွဲ့များအား အတာရေများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ စိန်ညွန့်ရီဆိုင်းအဖွဲ့မှ သင်္ကြန်အကအလှုများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။



ယနေ့ည ၇ နာရီတွင် ကယားပြည်နယ် ၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအဖွဲ့ဝင်များက သင်္ကြန်အကများနှင့် ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး သင်္ကြန်ယိမ်းအကပြိုင်ပွဲအား သင်္ကြန်အကျနေ့နှင့် သင်္ကြန်အကြတ်နေ့ ညပိုင်းများတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နမ့်စန်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**နမ့်စန် မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေ ၅ နာရီက မြို့နယ်ခန်းမရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နမ့်စန်မြို့နယ်လုံးဆိုင်ရာ မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားကို နမ့်စန်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်မိုးသက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် နားရိုင်းဌာနေပြည်သူ့စစ် ဒု-ဥက္ကဋ္ဌ ဦးကျူဆမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ သင်္ကြန်ယိမ်းအဖွဲ့များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှလည်း ရိုးရာအကအလှုများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာအနေဖြင့် မြို့နယ်စည်ပင်သာယာဈေး၏ အရှေ့မြောက်ထောင့်လမ်းဆုံနေရာတွင် အပူချိန်ပြLED Board နှင့် အသိပညာပေး LED Board ကို မေ ၁၂ ရက်တွင် စတင်တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

## တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲကျင်းပ




**ထားဝယ် မေ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သော မဟာသင်္ကြန်ဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီးမြို့တော်ဖြစ်သော ထားဝယ်မြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ မေ ၁၃ ရက် ညနေ ၅ နာရီတွင် ပြုလုပ်ခဲ့သည်။

ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ နေရာယူပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဖွင့်ပွဲ မင်္ဂလာအခါတော်ကြားစာတမ်းအား ဖတ်ကြားသည်။

ယင်းနောက် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် ဗဟိုမဏ္ဍပ်ကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ၊လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသောဧည့်သည်တော်များအား အတာရေကို သပြေခက်ဖြင့် ရိုးရာမပျက် ရေပက်ဖျန်းကြသည်။

ထားဝယ်မြို့ရှိ ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ်ကြီးများတွင် သင်္ကြန်ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များ စတုဒိသာကျွေးမွေးမှုများနှင့် ပျော်ရွှင်စွာရေကစားနိုင်ကြောင်း သိရသည်။

မဟာသင်္ကြန်အကျနှင့် အကြတ်နေ့များတွင် ဗဟိုမဏ္ဍပ်၌ ညစဉ် သင်္ကြန်ယိမ်းပြိုင်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မေ ၁၆ ရက် (အတက်နေ့) ညနေ ၅ နာရီတွင် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ကြေးမုံ



# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားများပြား



jrifcHjrdKUrSefrmvm; , 0ufu;rh [mo;ueyawmf A [ k@yZif;yJ


ylbdrfjrdKUrSefrmr [mo;ueyawmf A [ k@yZif;yJ


ppfawrlcHkjrdKUrSm b&m;a&oyUÜ, fyJZmy/


ppfuDkif;wdkif;a'oBuD;rS [mo;ueyawmfzGifyJ/

## စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား

**မုံရွာ ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီခွဲက မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာကို ဖတ်ကြားပြီး ဗဟိုမဏ္ဍပ်အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များမှ ယိမ်းအလှပျိုဖြူလေးများက မန်းတောင်ရိပ်ခို သီချင်းဖြင့် တစ်ပြိုင်တည်း ကပြဖျော်ဖြေကြကာ တက်ရောက်လာကြသော ဧည့်သည်တော်များက အမွှေးနံ့သာရည်တို့ကို သပြေခက်များဖြင့် မဟာသင်္ကြန်ရေ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း (မုံရွာ)**

## မြင်းခြံမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော် မဟာသင်္ကြန်ဖွင့်ပွဲ ဗဟိုမဏ္ဍပ်တွင်ကျင်းပ

**မြင်းခြံ ဧပြီ ၁၄**

မြန်မာတို့၏ရိုးရာဓလေ့ဖြစ်သည့် နှစ်သစ်ကူးသင်္ကြန်ကို နိုင်ငံအနှံ့ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၏မဟာသင်္ကြန်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီ က မာလာဟောဝန်မြိုင်ပန်းခြံရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက နှစ်သစ်နှုတ်ခွန်းဆက်မင်္ဂလာစကားပြောကြားခဲ့သည်။ ထို့နောက် မြင်းခြံခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်အား မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ ဦးခင်မောင်အေး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းသွင်၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင့်သူ၊ မြို့မိမြို့ဖများဖြစ်သော ဦးမြအောင်၊ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ မြမြင့်အောင်မင်္ဂလာဆိုင်းနှင့် မြင်းခြံမြို့မှ တူရိယာအဖွဲ့၊ ယိမ်းအဖွဲ့တို့က မန်းတောင်ရိပ်ခို သီချင်းဖြင့် စုပေါင်းတီးခတ် ကပြဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များမှယိမ်းအဖွဲ့များအား အမွှေးနံ့သာများဖြင့် အတာရေများပက်ဖျန်းခဲ့ကြသည်။

မြင်းခြံမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားအပြီးတွင် ယိမ်းအဖွဲ့များမှ တစ်ဖွဲ့ချင်းအလှည့်ကျ ဖျော်ဖြေကြသည်။ ဖွင့်ပွဲတွင် လာရောက်ကြည့်ရှုသူပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရှိရသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ရက်များတွင် ဗဟိုမဏ္ဍပ်၌ နေ့အခါ ရေကစားခြင်း၊ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေခြင်း၊ ညစဉ်အလှည့်ကျ ယိမ်းအဖွဲ့များမှ ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့ (၁၁) ဖွဲ့ရှိကြောင်း သိရသည်။

**ဦးဇော်မင်းနိုင် (မြင်းခြံ)**

## ဗန်းမော်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ စည်ကားစွာကျင်းပ

**ဗန်းမော် ဧပြီ ၁၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၂၀၁၇ ခုနှစ် ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့ ဗန်းမော်ခရိုင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအနားအခမ်းကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက မြို့မရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ စည်ကားစွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ၁၃၇၈-၁၃၇၉ ခုနှစ် နှစ်သစ်ကူးမင်္ဂလာနှုတ်ခွန်းဆက်လွှာဖတ်ကြားပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖြစ်မြောက်ရေးအတွက် စေတနာအလျောက် ဝိုင်းဝန်းလှူဒါန်းပေးပါသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဗန်းမော်ခရိုင် ကချင်ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးဖော်လုလဝေါမ်၊ ဗန်းမော်ခရိုင် ရှမ်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဆာအေးနှင့် မြို့မိမြို့ဖ ဦးလှရွှေတို့က မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်း တေးသီချင်းဖြင့်ကပြ ဖျော်ဖြေခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမှတ်(၂၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူများနှင့် အရာရှိကြီးများ၊ ယိမ်းအကအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့ကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များတို့က မင်္ဂလာနံ့သာရည်နှင့်အတာရေပက်ဖျန်းပြီး ဒေသခံပြည်သူများက ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုသိမ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ

**ပုသိမ် ဧပြီ ၁၄**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပါဝင်ယှဉ်ပြိုင်ကြမည့် သင်္ကြန်ယိမ်းအဖွဲ့များ၊ အလှပြယာဉ်များက နေရာယူကြပြီး ဘိသေကပညာရှင် ဦးဝင်းရွှေက သင်္ကြန်စာတမ်းကိုဖတ်ကြားသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်ဦးမန်းဂျော်နီ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်ဇနီး၊ လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက် ရောက်ခဲ့ကြသည်။ အလားတူ မေတ္တာရေစင်မဏ္ဍပ်၊ ရခိုင်ရိုးရာယဉ်ကျေးမှုမဏ္ဍပ်များကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့တွင် သင်္ကြန်ကာလအတွင်း ယိမ်းအဖွဲ့ အကြီးတန်း (၁၂) ဖွဲ့၊ အငယ်တန်း (၁၀)ဖွဲ့နှင့် သင်္ကြန်သံချပ်ကိုးဖွဲ့တို့က သတ်မှတ်ထားသောမဏ္ဍပ်များတွင် ယှဉ်ပြိုင် ကပြသွားမှာဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ရခိုင်ရိုးရာ ဘုရားရေသပ္ပာယ်ပူဇော်ပွဲ စစ်တွေမြို့၌ကျင်းပ

**စစ်တွေ ဧပြီ ၁၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရခိုင်ရိုးရာအတာသင်္ကြန်ပွဲတော် နံ့သာသွေးပြိုင်ပွဲ ဒုတိယနေ့ အခမ်းအနားနှင့် ရခိုင်ရိုးရာဘုရားရေသပ္ပာယ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမနှင့် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတို့၌ ရခိုင်ရိုးရာစဉ်လာမပျက်ကျင်းပခဲ့သည်။

ရှေးဦးစွာ သင်္ကြန်အကြိုနေ့တွင် ဦးဥတ္တမခန်းမ၌ ပထမနေ့နံ့သာသွေးပြိုင်ပွဲဝင်အသင်း (၄၀)မှ အမှတ်အများဆုံး ရရှိကြသည့် အသင်း ၁၀ သင်း အားရွေးချယ်ပြီး ယှဉ်ပြိုင်ကြသည်။ ထို့နောက်နံ့သာသွေးပြိုင်ပွဲဝင်များ၊ အုပ်ချုပ်ကြီးကြပ်သူများသည် ရခိုင်ရိုးရာထိန်းသိမ်းဖော်ထုတ်ရေးအဖွဲ့နှင့်အတူ နံ့သာရေ၊ ရေစင်ရေအိုးများနှင့် ဦးဥတ္တမပန်းခြံရှေ့မှစီတန်းကာ ရခိုင်မင်္ဂလာစည်တော်တီးခတ်ပြီး ရခိုင်ရိုးရာစဉ်လာမပျက်လမ်းလျှောက် ဘုရားရေသပ္ပာယ်ပူဇော်နိုင်ရန်သွားရောက်ခဲ့ကြသည်။

ယင်းနောက်အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး ရင်ပြင်တော်၌ ပြည်နယ်သြဝါဒစရိယ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဇယန္တထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်သြဝါဒစရိယဆရာတော်နှင့်ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ အလှူရှင်များမှ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီး ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော်ကြီးထံမှ ရေစက်သွန်းချတရားနာယူခဲ့ကြသည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဧည့်ပရိသတ်များက ဗုဒ္ဓဆင်းထုတော်များအား အမွှေးနံ့သာရေများဖြင့်ပက်ဖျန်းကာ ဘုရားရေသပ္ပာယ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သင်္ကြန်အကျနေ့ ပြည်တွင်းပြည်ပ ခရီးသွားများ ကော့သောင်းပင်လယ်သင်္ကြန်ပွဲ စည်ကားစွာဆင်နွှဲ



**ကော့သောင်း ဧပြီ ၁၄**

ကော့သောင်းမြို့၏ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့တွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ပြည်ပခရီးသွားဧည့်သည်များ ထူးခြားဆန်းပြားသည့် ပင်လယ်သင်္ကြန်ပွဲတော်အား ဆင်နွှဲရန် လာရောက်ကြသည်ကိုတွေ့ရသည်။

ကော့သောင်းမြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်အား နှစ်စဉ် ရိုးရာအစဉ်အလာ မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိရာ ယခုနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ ထူးကဲစွာ လာရောက်လည်ပတ်ကြပြီး သာယာလှပရှု့မောဖွယ် ကမ်းခြေ သဲသောင်များရှိရာ ပင်လယ်ကျွန်းများရှိ အပန်းဖြေဟိုတယ်များရှိရာ အက်ဒမန်ပင်လယ်အတွင်း ပင်လယ်ကျွန်းများဆီသို့ ပင်လယ်သင်္ကြန်ပွဲတော်အား သွားရောက်လည်ပတ်ဆင်နွှဲကြမည့် ခရီးသွားဧည့်သည်များ မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ ပို့ဆောင်ပေးမည့် SPEED BOAT များ၊ ခရီးသားဧည့်သည်များဖြင့် ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်းတံတားတွင် ကြက်ပျံမကျစည်ကားလှသည်ကို တွေ့မြင်ရသည်။

သဘာဝ ပင်လယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့်အတူ ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်တွင်းအပါအဝင် ပြည်ပခရီးသွားဧည့်သည်များသည် မိသားစုအလိုက် သင်္ကြန်အကြိုနေ့မှ ကော့သောင်းမြို့သို့ စတင်ရောက်ရှိကြပြီး ကော့သောင်းမြို့၏ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား မြို့ပေါ်ရပ်ကွက်များအနှံ့ ရေကစားနွှဲပျော်ကြပြီး သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် သာယာကြည်နူးဖွယ်ကောင်းသည့် နိုင်ငံတကာစံချိန်မီ ပင်လယ်ကျွန်းများဆီသို့ အနားယူအပန်းဖြေရင်း ထူးခြားဆန်းပြားသည့် ပင်လယ်သင်္ကြန်ပွဲတော်အား လာရောက်နွှဲပျော်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# လေမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွား

**တောင်ကြီး ဧပြီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့တွင် ဧပြီ ၁၄ ရက် နံနက် ၅ နာရီ ၅၅ မိနစ်က လေမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ လေမုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့မရပ်ကွက် နယ်မြေ ၆ ဗိုလ်ချုပ်လမ်း မြသုခရုပ်ရှင်ရုံတောင် ဘက်တစ်ခြမ်း သွပ်ပြားများနှင့် ထုတ်တန်းများပြုတ်ထွက်ကျိုးပဲ့ပြီး လေ၌ပါရှိခြင်း၊ အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းခွဲ သွပ်မိုးများလန်ထွက်သွားခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မှန်တံခါးများကွဲခြင်း၊ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းရှေ့တွင် သစ်ပင်ကြီးတစ်ပင်လဲခြင်း၊ လူတစ်ဦးတစ်ယောက်မှ ဒဏ်ရာမရရှိကြောင်း၊ အဆောက်အအုံများပျက်စီးသွားခဲ့ကြောင်း တွေ့ရှိရသည်။

လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအများဆုံးမှာ မြသုခရုပ်ရှင်ရုံဖြစ်ကြောင်း သိရသည်။ ယင်းဖြစ်ပွားရာနေရာသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ ပြည်နယ်ဥပဒေချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ လာရောက်ကြည့်ရှုသွားကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် မဏ္ဍာပ်ဖွင့်ပွဲအခမ်းအနား ဟင်္သာတတွင်ပြုလုပ်

**ဟင်္သာတ ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့တွင် ၂၀၁၇ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဖျော်ဖြေရေးမဏ္ဍာပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ဟင်္သာတမြို့ လက်သမားရပ်ကွက်ရှိလက်သမား၊ ရုံးကြီးရပ်ကွက် ဦးပါရဲဘုရားကွင်းအနီး သင်္ကြန်မဏ္ဍာပ်တွင်ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ၁၃၇၈ ခုနှစ် နှောင်းတန်ခူးလဆုတ် ၂ ရက်တွင်ကျရောက်သော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲနှင့်သင်္ကြန်စာတမ်းကို မြို့မိမြို့ဖဦးလှမြင့်က ဖတ်ကြားခဲ့ပြီးနောက် သင်္ကြန်ပွဲတော်ကို ခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် လက်သမားရပ်ကွက် ရပ်မိရပ်ဖဦးကျော်ဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းတေးသီချင်းဖြင့် ကပြဖျော်ဖြေပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမွှေးနံ့သာရည်တို့ဖြင့် ပျော်ရွှင်စွာ ပက်ဖျန်းရေကစားခဲ့ကြသည်။



အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်မဏ္ဍာပ်ဖွင့်ပွဲသို့ ဟင်္သာတမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ယိမ်းအကအဖွဲ့များ စုစုပေါင်း ၂၀၀ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အင်္ဂပူမြို့တွင် မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**အင်္ဂပူ ဧပြီ ၁၄**

ဟင်္သာတခရိုင် အင်္ဂပူမြို့၌ ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက အမှတ် ၂ ရပ်ကွက် ငဝန်ဧရာလမ်းနှင့် နန္ဒဝန်လမ်းဆုံရှိ ဗဟိုမဏ္ဍာပ်၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ယိမ်းအဖွဲ့များမှ မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေပေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အခမ်းအနားတက်ရောက်လာသူများအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးစိုးရွှေနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယိမ်းအဖွဲ့များ တက်ရောက်ခဲ့ပြီး ယိမ်းအဖွဲ့များမှ သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ ယိမ်းအကများဖြင့် နေ့စဉ် ကပြဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ဘားအံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ဘားအံ ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ကရင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက ဘားအံမြို့ အမှတ် (၁) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြား၍ ကရင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ကြောင်းကြေညာပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်သင်္ကြန်ယိမ်းအဖွဲ့များနှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့များက မြနန္ဒာတေးသီချင်းဖြင့် စုပေါင်းသီဆို ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တပ်မမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမွှေးနံ့သာအတာရေအေး သပြေခက်များဖြင့် ပတ်ဖျန်းခဲ့ကြသည်။

ယခုနှစ် ကရင်ပြည်နယ် ဘားအံမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍာပ်၌ အဆို၊ အက၊ အရေး၊ အတီး စသည့်ကိုယ်ပိုင်သံစဉ်ဖြင့် ယှဉ်ပြိုင်မည့်သင်္ကြန်ယိမ်းအဖွဲ့ ၁၂ ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်းအဖွဲ့ ၂၆ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည်ဖြစ်ပြီး မဟာသင်္ကြန်အတက်နေ့ ညနေတွင် ဆုများကို ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသန်း(ပြန်/ဆက်)**

# BTS ကို ဂုဏ်ပြုစကားဆိုခဲ့တဲ့ Psy





ယခုနှစ်အတွက် ကျင်းပသွားမယ့် အပြည်ပြည်ဆိုင်ရာ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards "ဆုပေးပွဲကြီးရဲ့ ဆန်ခါတင်စာရင်းကိုထုတ်ပြန်ခဲ့ချိန်မှာ နာမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့"BTS"ကို ယင်းဆုပေးပွဲကြီးမှာ ပထမဆုံးဆုဆွတ်ခူးခဲ့တဲ့ တောင်ကိုရီးယားတစ်ကိုယ်တော်တေးသံရှင် Psyက ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"BTS"ဟာ ယခုနှစ်အတွက် ဆန်ခါတင်စာရင်းမှာ ထိပ်တန်းလူမှုအနုပညာရှင်ဆုအတွက် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရပါတယ်။ ဒီလိုဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် "BTS"ဟာ ယင်းဆုပေးပွဲရဲ့ သမိုင်းတစ်လျှောက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ ပထမဆုံးသောတောင်ကိုရီးယားတေးဂီတအဖွဲ့ဖြစ်လာခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ဒီလိုရွေးချယ်ခြင်းခံခဲ့ရတဲ့ "BTS"ရဲ့ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ Psy က ပြီးခဲ့တဲ့ ဧပြီ ၁၂ ရက်မှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ဂုဏ်ယူကြောင်းနဲ့ ဝမ်းမြောက်မိကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

"Billboard Music Awards"ဆုပေးပွဲဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်ပြီး ယခုနှစ်အတွက် ဆုဆန်ခါတင်စာရင်းကို ပြီးခဲ့တဲ့ ဧပြီ ၁၀ ရက်မှာ ထုတ်ပြန်ကြေညာခဲ့တာဖြစ်ပါတယ်။ "BTS"တေးဂီတအဖွဲ့နဲ့အတူ ဆန်ခါတင်စာရင်းဝင်ခဲ့တဲ့ အခြားသောနာမည်ကျော်တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်ဒီနဲ့ ဆွမ်မန်းဒပ်စ်တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယား ပရိသတ်များသာမက ကမ္ဘာတစ်ဝန်းက ပရိသတ်များပါအထူးအားပေးနှစ်သက်ခဲ့တဲ့ တေးသံရှင် "Psy" ကတော့ ၂၀၁၃ ခုနှစ်က ကျင်းပခဲ့တဲ့ ဆုပေးပွဲမှာ ဆုပေါင်းငါးဆုနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။ "Psy" ဟာ အကောင်းဆုံးမျက်နှာသစ်အနုပညာရှင်ဆုအပါအဝင် ဆုပေါင်းငါးဆုအတွင်း ဆန်ခါတင်စာရင်းဝင်ခဲ့ရာ ၎င်းတို့အနက် " Top Streaming Song (Video)"ဆုကို သူ့ရဲ့နာမည်ကျော်တေးသီချင်း "'Gangnam Style "နဲ့ သိမ်းပိုက်သွားနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့် "Psy"ဟာ ဘေးလ်ဘုတ်တေးဂီတဆုပေးပွဲမှာ ဆုဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးသံရှင်အဖြစ် မှတ်တမ်းတင်ခဲ့ကာ "BTS" ဟာလည်း ယခုနှစ်မှာ ဆုဆွတ်ခူးနိုင်ခဲ့ပါက ပထမဆုံးသော တောင်ကိုရီးယားတေးဂီတအဖွဲ့ဖြစ်လာမှာဖြစ်ပါတယ်။

ယခုနှစ်အတွက် ဘေးလ်ဘုတ်တေးဂီတဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေတဲ့ အနုပညာရှင်နဲ့ အနုပညာလက်ရာတွေအတွက် ထူးချွန်ဆုတွေကိုတော့ ပရိသတ်တွေကပေးတဲ့ မဲအရေအတွက်နဲ့ ဆုံးဖြတ်တာဖြစ်ပြီး ယခုနှစ်ဆုပေးပွဲအတွက် မဲတွေကို လာမယ့် မေ ၁ ရက်ကစတင်ပြီး တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ပေးပို့နိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယားပရိသတ်တွေကတော့ သူတို့ချစ်တဲ့ အနုပညာရှင်တွေဖြစ်ကြတဲ့ "BTS"အဖွဲ့သားတွေကို "Billboard Music Awards "ဆုပေးပွဲမှာ ဆုဆွတ်ခူးနိုင်တဲ့ ပထမဆုံးသောတေးဂီတ အဖွဲ့ဖြစ်လာစေဖို့အတွက်လာမယ့် မေ ၁ ရက်က စတင်ပြီး မဲတွေပေးပို့သွားကြဖို့ ဆန္ဒတွေပြင်းထန်နေကြကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်။**

# ဟယ်ရီစတိုင်၏တေးအယ်လ်ဘမ်သစ်ထွက်ရှိမည့်ရက်ကြေညာ တေးသီချင်း ၁၀ပုဒ် ပါဝင်မှာဖြစ်



ဧပြီ ၇ ရက်က စတင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်နဲ့အတူ အောင်မြင်တဲ့ တစ်ကိုယ်တော်တေးသံရှင်ဖြစ်လာခဲ့ပြီဖြစ်တဲ့ ဗြိတိန်ပေ့ါပ်တေး ဂီတအဖွဲ့ "One Direction"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ လတ်တလောမှာတော့ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် စတင်ထွက်ရှိမယ့်နေ့နဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်း ၁၀ပုဒ်ရဲ့အမည်တွေကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ဟယ်ရီစတိုင်က "Sign of the Times" တေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး စတင်ထုတ်လွှင့်ခဲ့ပြီးနောက် မကြာခင်မှာပဲ အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပရိသတ်တွေက တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ချီးကျူးစကားတွေကို ရေးသားဖော်ပြခဲ့ကြတာကြောင့် တေးသီချင်းသစ်ဟာ ဟယ်ရီအတွက် ကြီးမားတဲ့ အောင်မြင်မှုတွေကို ယူဆောင်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီလိုအောင်မြင်ခဲ့ပြီးနောက်မှာတော့ ဟယ်ရီစတိုင်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမယ့် မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ ပါဝင်မယ့်တေးသီချင်းတွေရဲ့အမည်ကို ပြီးခဲ့တဲ့ ဧပြီ ၁၃ ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

လတ်တလောအချိန်အထိတော့ ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ရဲ့အမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေမယ့် ပါဝင်မယ့်တေးသီချင်းတွေရဲ့အမည်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်နေကြတဲ့ တေးသီချင်း ၁၀ ပုဒ်ကတော့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ "Sign of the Times"နဲ့ အခြားသောတေးသီချင်းတွေကတော့ "Meet Me in the Hallway"၊ "Carolina"၊ "Two Ghosts"၊ "Sweet Creature"၊ "Only Angel"၊ "Kiwi "၊ "Ever Since New York"၊ "Woman"နဲ့ "From the Dining Table"တို့ဖြစ်ကြကြောင်း သိရပါတယ်။ တေးသီချင်းတွေရဲ့အမည်စာရင်းနဲ့အတူ ဟယ်ရီရဲ့ ဓာတ်ပုံနှစ်ပုံကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။

ပထမဆုံးသောတစ်ကိုယ်တော်တေးသီချင်းကို စတင်ထုတ်လွှင့်ရာမှာ ပထမဆုံးဖြစ်တဲ့အတွက် အားပေးသူမရှိမှာကို စိုးရိမ်နေတဲ့ ဟယ်ရီအတွက်တော့ တေးသီချင်းထုတ်လွှင့်ပြီးနောက် ရရှိလာတဲ့ ရလဒ်တွေဟာ သူ့ရဲ့စိုးရိမ်စိတ်ကို ပြေပျောက်သွားစေခဲ့ပြီဖြစ်ပါတယ်။" Sign of the Times "ဟာ ခြောက်မိနစ်ခန့်ကြာမြင့်တဲ့ စတီရီယိုတေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ပြီးခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်တွေအတွင်း ထွက်ရှိခဲ့တဲ့ တေးသံရှင် ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ တေးသီချင်းတွေနဲ့ အနည်းငယ်တူနေတာကိုတွေ့ရကြောင်းလည်း သိရပါတယ်။ ဟယ်ရီကိုယ်တိုင်က ဒေးဗစ်ဘိုဝီနဲ့ ပရင့်စ်တို့ရဲ့ ပင်တိုင်ပရိသတ်တစ်ဦးဖြစ်တာကြောင့် သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းဟာ ယခင်က ထွက်ရှိခဲ့တဲ့ "One Direction"ရဲ့ တေးသီချင်းတွေနဲ့မတူဘဲ သူနှစ်သက်အားကျရတဲ့ တေးသံရှင်တွေရဲ့ တေးသီချင်းပုံစံနဲ့ နီးစပ်နေတာဖြစ်ပါတယ်။

ယခင်က ဟယ်ရီရဲ့တေးအယ်လ်ဘမ်သစ်အမည်နဲ့ပတ်သက်ပြီး "bullet" လို့ ဝေဖန်သံတွေပေါ်ထွက်နေခဲ့ပေမယ့် လတ်တလောမှာထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကို နားဆင်လိုက်ရတဲ့အချိန်မှာတော့ "bullet"ဟာ တေးသီချင်းထဲမှာ ပါဝင်နေတဲ့ စာသားတစ်ခုသာဖြစ်ကြောင်း သိခဲ့ရပါတယ်။ "Sign of the Times" ရဲ့ တေးဗီဒီယိုကို စကော့တလန်နိုင်ငံမှာ သွားရောက်ရိုက်ကူးကာ ယင်းတေးဗီဒီယိုမှာ ဟယ်ရီစတိုင်ဟာ စမ်းချောင်းလေးတွေထဲကို ခုန်ချတာတွေ၊ အချို့သောတောင်ကြားတွေမှာ မြင်စီးသွားဟန်တွေကိုပါ ထည့်သွင်းရိုက်ကူးခဲ့ကြောင်းလည်း သိရပါတယ်။ ယင်းတေးဗီဒီယိုတွေကိုတော့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ ခရစ်စတိုဖာနော်လန်က တာဝန်ယူရိုက်ကူးပေးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် " Sign of the Times "အတွက် ပထမဆုံးသော ရုပ်သံဖျော်ဖြေမှုကိုလည်း လာမယ့်ဧပြီ ၁၅ ရက်မှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Saturday Night Light"မှာ ဟယ်ရီကိုယ်တိုင် တိုက်ရိုက်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ပြီး အစီအစဉ်တင်ဆက်သူ ဂျင်မီဖောလန်းက ဟယ်ရီရဲ့ဖျော်ဖြေမှုကို ကြည့်ရှုရဖို့အတွက် သူကိုယ်တိုင်ပင်အထူးစိတ်လှုပ်ရှားနေမိကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ။ ဒ့ါအပြင် ဧပြီ ၁၅ ရက်မှာ ရုပ်သံမှာပြသသွားမယ့် ဟယ်ရီရဲ့တေးသီချင်းဖျော်ဖြေမှုဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း "One Direction"ရဲ့ တေးဂီတလောကမှ ခေတ္တအနားယူတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်ပိုင်း အဖွဲ့ဝင်တွေရဲ့ပထမဆုံးသော တေးသီချင်းသစ်နဲ့ ဖျော်ဖြေခဲ့တဲ့ရုပ်သံဖျော်ဖြေမှုဖြစ်လာမှာ ဖြစ်ပါတယ်။ ယင်းဖျော်ဖြေမှုအတွင်း ဟယ်ရီက သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်အမည်ကို ထုတ်ဖော်ပြောကြားမှာလားလို့လည်း ပရိသတ်တွေက ရင်ခုန်စိတ်လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။

အခြားသောအဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဇေမာလိခ်နဲ့ နီးလ်ဟော်ရန်တို့ပြီးနောက် "One Direction"ရဲ့ တတိယမြောက် တစ်ကိုယ်တော်တေးသံရှင်ဖြစ်လာခဲ့ပြီဖြစ်တဲ့ ဟယ်ရီစတိုင်ရဲ့ တေးအယ်လ်ဘမ်သစ်ကို သူ့ရဲ့ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးသီချင်း "Sign of the Times"ကို ရည်ညွှန်းကာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ကြိုတင်မှာယူထားနိုင်ပြီဖြစ်ကြောင်းလည်း သိရပါတယ်။



**တရားဝင်ကွာရှင်းလိုက်ပြီဖြစ်တဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာ**

တစ်ချိန်ကဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားဘန်အက်ဖ်လက်ခ်နဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာဂါနာတို့ဟာ လတ်တလောမှာတော့ လမ်းခွဲဖို့အချိန်ရောက်လာခဲ့ပြီဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦးပတ်သက်မှုမရှိတော့ကြောင်း သတင်းတွေထွက်လာခဲ့ပေမယ့် တစ်အိမ်တည်းမှာအတူနေကြတဲ့သူတို့နှစ်ဦးဟာ နောက်ဆုံးမှာတော့ ကွာရှင်းဖို့ ဆောင်ရွက်လာခဲ့ကြတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကတည်းက ဆယ်စုနှစ်တစ်စုအကြာ လက်တွဲခဲ့ပြီးနောက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ ကြယ်ပွင့်စုံတွဲဟာ အခြားသောဟောလိဝုဒ်စုံတွဲတွေရဲ့ လမ်းခွဲပုံနဲ့တော့ အနည်းငယ်ကွာခြားပါတယ်။ ဒီလိုမဆိုင်တော့ဘူးလို့ပြောကြားခဲ့ပေမယ့် သူတို့ရဲ့ရင်သွေးလေးသုံးဦးကို အတူစောင့်ရှောက်ရင်း တစ်အိမ်တည်းမှာနေထိုင်ကာ အချစ်ဟောင်းတွေဖြစ်ကြပေမယ့် သူငယ်ချင်းတွေလို ကောင်းမွန်တဲ့ ဆက်ဆံရေးရှိနေခဲ့တာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ အဆိုပါ ကြယ်ပွင့်စုံတွဲဟာ တရားဝင်ကွာရှင်းပြတ်စဲကြဖို့ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုတရားဝင်ကွာရှင်းမှုတွေမဆောင်ရွက်ခင်က အနုပညာအခမ်းအနားတွေမှာ အတူတကျရောက်လေ့ရှိပြီး မိသားစုတွေနဲ့အတူ အမြဲလိုလိုတွဲနေရတဲ့ သူတို့နှစ်ဦးရဲ့ ထူးခြားတဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး မီဒီယာတွေရဲ့ မေးခွန်းတွေပေါ်ထွက် လာချိန်မှာတော့ သူတို့နဲ့ရင်းနှီးသူတစ်ဦးက အဆိုပါကြယ်ပွင့်စုံတွဲအကြားမှာ ပြောင်းလဲမှုတစ်စုံတစ်ရာမရှိကြောင်း၊ သူတို့နှစ်ဦးပြန်လည်လက်တွဲခဲ့ခြင်းမရှိကြောင်း၊ သူတို့နှစ်ဦးရဲ့ ရင်သွေးလေးတွေအတွက် မိဘတွေအဖြစ်ဆက်လက်ရပ်တည်နေကြတာဖြစ်ကြောင်းနဲ့ သူတို့အတွက်အရေးအကြီးဆုံးအရာမှာ ရင်သွေးလေးသုံးဦးသာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့နှစ်ဦးဟာ အိမ်ထောင်သက် (၁၀) နှစ်ခန့် ရရှိခဲ့ပြီးတဲ့နောက်မှာ လမ်းခွဲလိုက်ပြီလို့ ကြေညာခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးလက်တွဲနေခဲ့စဉ်အတွင်း ရင်သွေးသုံးဦးထွန်းကားခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း သူတို့နှစ်ဦးဟာ ရင်သွေးလေးတွေဖြစ်ကြတဲ့ အသက် (၁၁)နှစ်အရွယ် ဗိုင်အိုလက်အက်ဖ်လက်ခ်၊ (၈)နှစ်အရွယ် ဆယ်ရက်ဖီနာအက်ဖ်လက်ခ်နဲ့ (၅)နှစ်အရွယ် ဆမ်မြူရယ်အက်ဖ်လက်ခ်တို့နဲ့အတူတွဲကာ ဘုရားကျောင်းတက်တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

ဒီလိုအတူတွဲတွေ့နေရတဲ့အတွက် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး အနာဂတ်မှာ ပြန်လည်လက်တွဲကြဦးမှာလားရယ်လို့ မီဒီယာတွေက စိတ်ဝင်စားနေကြပေမယ့် ကာယကံရှင်တွေကတော့ သူတို့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေထပ်မံကြုံလာပါကလည်း ကလေးတွေကိုအတူစောင့်ရှောက်နေခြင်းသာဖြစ်တယ်လို့ ထပ်မံဖြေကြားဦးမှာဖြစ်တယ်လို့လည်း ဟောလိဝုဒ်မီဒီယာတစ်ခုက ဝေဖန်ရေးသားခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ကွာရှင်းလိုက်ပြီဖြစ်တဲ့ သတင်းနဲ့အတူ မီဒီယာတွေရဲ့ သံသယတွေဟာလည်း လျော့ပါးသွားတော့မှာဖြစ်ပါတယ်။

ဟောလိဝုဒ်ရဲ့ နာမည်ကျော်စုံတွဲတစ်တွဲဖြစ်ခဲ့တဲ့ ဘန်အက်ဖ်လက်ခ်နဲ့ ဂျနီဖာဂါနာတို့နှစ်ဦးရဲ့ တရားဝင်ကွာရှင်းဖို့ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေနဲ့ ကလေးတွေရဲ့ စောင့်ရှောက်ခွင့်အတွက် တရားဝင်ဖြစ်စေဖို့ ကြိုးပမ်းနေတာတွေဟာ အနည်းဆုံးနောက်ထပ်ခြောက်လခန့်အကြာမှသာ အဆုံးသတ်နိုင်မှာဖြစ်ကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

# ကမ္ဘာ့နာမည်ကျော်များ ပေါ်ထွက်ရာလမ်းကြောင်း (သို့မဟုတ်) ဂျန့်







ဘယ်လ်ဂျီယံကလပ်အသင်းဂျန့်ဟာ နာမည်ကျော် ကစားသမားမြောက်မြားစွာကို မွေးထုတ်ပေးရာဌာနတစ်ခုဖြစ်ပေမယ့် ကိုယ်စိုက်ပျိုးတဲ့ အပင်ကို ကိုယ်ရိတ်သိမ်းခွင့်မရှိတဲ့ ကလပ်အသင်းလို့ အမည်တပ်ရင်လည်း မမှားပါဘူး။ ဂျန့်အသင်းဟာ ဒီဘရိုင်း၊ ကော်တွိုက်စ်၊ ကာရက်စ္စကိုနဲ့ အော်ရီဂီတို့လို နာမည်ကျော်တွေ အများအပြားကို မွေးထုတ်ပေးခဲ့တဲ့အသင်းဖြစ်တယ်ဆိုတာကို လူနည်းနည်းလောက်ကသာ ဒီအကြောင်းကို သိရှိကြပါတယ်။ ဂျန့်ဟာ ဒီနာမည်ကျော်တွေကို မွေးထုတ်ပေးခဲ့ပေမယ့် ပိုင်ဆိုင်ခွင့်မရဘဲ ရောင်းချခဲ့တာကြောင့် ဥရောပထိပ်တန်းအသင်းတစ်ခုအဖြစ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ဖို့ အတန်ငယ်ဝေးကွာနေတဲ့ အနေအထားမှာပဲ ရှိနေပါသေးတယ်။

ဒါပေမယ့် ဂျန့်အသင်းဟာ ယခုနှစ်ဘောလုံးရာသီ ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်အထိရောက်ရှိနေတာကြောင့် ဂျန့်ဟာ ရီးယဲလ်၊ ဘာစီလိုနာတို့လို ထိပ်တန်းအဆင့်မဟုတ်ပေမယ့် အလယ်အလတ်အဆင့်ရှိအသင်းတစ်သင်းလို့တော့ အမည်တပ်လို့ရပါတယ်။ ဂျန့်အသင်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း အသက်(၁၉)နှစ်အရွယ် ဘိုင်လီနဲ့ ဝီဖရစ်အန်ဒီဒီတို့ နှစ်ဦးပေါင်းကို ပေါင် ၂၆ ဒသမ ၅ သန်းနဲ့ ရောင်းချခဲ့ပြီး ဒီရောင်းဝယ်မှုဟာ ဘွန်ဒက်စ်လီဂါရဲ့ ဆောင်းရာသီအကြီးဆုံးရောင်းချမှု ဖြစ်ခဲ့သလို ပရီမီယာလိဂ်ရဲ့ တတိယအကြီးဆုံးရောင်းချမှုတန်ဖိုးလည်း ဖြစ်ခဲ့ပါတယ်။


ဂျန့်အသင်းအလုပ်အမှုဆောင်ချုပ်ပက်ထရစ်ဂျက်ဆန်ကတော့ ဒီရောင်းဝယ်မှုတွေကို အဓိကမောင်းနှင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကာ သူက ဒီလိုကမ္ဘာ့အဆင့်ကစားသမားတွေကို ရောင်းချမိခဲ့တဲ့အတွက် နောင်တရစရာ သူ့မှာမရှိဘူးလို့ ပြောကြားထားသူတစ်ယောက်ပါ။

ဂျက်ဆန်က"ခင်ဗျားတို့က ကျွန်တော်တို့ဟာ အရောင်းချည်း သက်သက်လုပ်နေတဲ့ ကလပ်အသင်းလို့များထင်နေကြတာလား။ ဒါဟာ ကျွန်တော့်အသင်းရဲ့ ရည်မှန်းချက် မဟုတ်ပေမယ့် ပကတိအရှိတရားလို့တော့ ပြောလို့ရပါတယ်။ ဒီကလပ်အသင်းကနေ ကမ္ဘာ့အဆင့် ကစားသမားတွေ များစွာ ပေါ်ထွက်ခဲ့လို့ ကျွန်တော်ကတော့ ဒီအသင်းကို ဘောလုံးတက္ကသိုလ်ကြီးလို့ အမည်တပ်ချင်ပါတယ်" လို့ ဂိုးလ်ဒေါ့ကွန်းမှ သတင်းထောက်များရဲ့ မေးမြန်းမှုကို ဖြေကြားခဲ့ပါတယ်။

ဒ့ါအပြင် ဂျက်ဆန်က ဂျန့်မှာရှိနေတဲ့ လူငယ်ကစားသမားလေးတွေက သူတို့ဟာ ကမ္ဘာ့ကလပ်အသင်းကြီးတွေကို သေချာပေါက်ဆွဲဆောင်နိုင်မယ်လို့ ယုံကြည်စိတ်နဲ့ ကြိုးစားကြတာကြောင့် အခုလို အခြေအနေရောက်နေခဲ့တာလို့ ဂျန့်အသင်းလူငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး မှတ်ချက်စကားဆိုပါတယ်။ ကစားသမားကောင်းတစ်ဦးဖြစ်လာဖို့ဆိုရင် ဘောလုံးနဲ့ ပတ်သက်တဲ့ အခြေခံအရည်အသွေး၊ ဉာဏ်ရည်၊ အကောင်းမြင်စိတ် ဒါတွေကလည်း အရေးကြီးတယ်လို့ ဂျက်ဆန်က ဆိုပါတယ်။

ကစားသမားတွေဘက်က ကြည့်ရင်လည်း ဂျန့်ဟာ လူငယ်ကစားသမားတွေအတွက် ပထမပွဲထွက် ကစားခွင့်ရရှိနိုင်တဲ့ ကလပ်အသင်းလို့ ယူဆနိုင်သလို ဂျန့်ဘောလုံးအသင်းရဲ့ယခုလို ကျော်ကြားလာမှုကြောင့်လည်း နိုင်ငံခြားက လူငယ်ကစားသမားတွေကိုပါ ဆွဲဆောင်နိုင်မှာဖြစ်တယ်လို့ ဂျက်ဆန်က သူ့အမြင်ကို ပြောပါတယ်။ ဂျက်ဆန်ရဲ့ ကင်းထောက်တွေဟာ ပြင်သစ်ဒုတိယတန်းကလပ် မက်စ်ကနေ ကူလီဘာရီ၊ အန်ဒီဒီတို့ကို ဘယ်လ်ဂျီယံမြေဆီ ဆွဲဆောင်နိုင်ခဲ့ကြသူများပဲ ဖြစ်ပါတယ်။ အန်ဒီဒီကတော့ လက်ရှိမှာ ပရီမီယာလိဂ်ကလပ် လက်စတာအသင်းကို ရောက်ရှိသွားပြီဖြစ်သလို ကူလီဘာရီဆိုရင်လည်း နာပိုလီရဲ့ အထင်ရှားဆုံးကစားသမားဖြစ်နေပြီး မန်ယူအသင်းက သူ့အတွက် ပေါင်သန်း၅ဝအထက် အသုံးပြုဖို့ အဆင်သင့်ပဲလို့ ဆိုပါတယ်။

အန်ဒီဒီကတော့"ဂျန့်ဟာ လူငယ်ကစားသမားတွေကို စုစည်းပြီး ဘောလုံးရဲ့ အနှစ်သာရက ဘာဆိုတာကို ရှင်းရှင်းလင်းလင်း ခေါင်းထဲဝင်အောင် ဖန်တီးပေးနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဂျန့်ဟာ ဥရောပကို ပထမဦးဆုံးရောက်ဖူးတဲ့ ကျွန်တော်တို့လို ကစားသမားတွေကို ကိုယ့်အိမ်ကိုယ့်ရာရောက်နေသလို ခံစားအောင် ဆောင်ရွက်ပေးနိုင်ပါတယ်" လို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ အန်းဒါးလက်ချ်နဲ့ ဂျန့်တို့လို အသင်းတွေ ယူရိုပါလိဂ်ကွာတားအဆင့် ထိတက်ရောက်လာနိုင်ခဲ့တာကို ကြည့်ရင် ဘယ်လ်ဂျီယံကလပ်အသင်းတွေရဲ့ ခြေစွမ်း တက်လာနေတာကို ထင်ထင်ရှားရှား မြင်တွေ့နေရပါတယ်။ နောက်ပိုင်းငွေအင်အားတောင့် တင်းလာတဲ့အခါ ကလပ်အသင်းရဲ့ လိုအပ်ချက်ကိုကြည့်ပြီး အရောင်းအဝယ်ကိစ္စရပ်ကို ပိုမိုထိန်းချုပ်နိုင်မယ်လို့လည်း ဂျက်ဆန်က ဆိုထားတော့ အနာဂတ်ကာလမှာ ကစားသမားတွေကို ယခုကာလလို လျှင်လျှင်မြန်မြန် ထုတ်ရောင်းဖွယ်မရှိဘူးလို့ ယုံကြည်ရပါတယ်။ သေချာတာတစ်ခုကတော့ ဂျန့်ဟာနယ်သာလန်ကလပ်အသင်း၊ တူရကီကလပ်အသင်းတွေထက် နိုင်ငံလက်ရွေးစင်အသင်းအပေါ် များစွာ ထောက်ပံ့ပေးနိုင်ပြီး ဒါဟာ ဂျန့်အသင်းရရှိတဲ့ ဆုလာဘ်တွေထဲက အကြီးမားဆုံးဆုလာဘ်ဆိုရင်လည်း မမှားပါဘူး။



## အယ်လ်ဂလက်စီကိုပွဲစဉ်တွင် ရီးယဲလ်အတွက် ဂါရတ်ဘေးလ်ပါဝင်နိုင်ဖွယ်မရှိ

ရီးယဲလ်အသင်းကြယ်ပွင့်ကစားသမားဘေးလ်မှာ ဘိုင်ယန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်အတွင်း ရရှိခဲ့တဲ့ဒဏ်ရာကြောင့် ဘာစီလိုနာကို ရင်ဆိုင်မည့် အယ်လ်ဂလက်စီကိုပွဲစဉ်ကိုပါ လွဲချော်နိုင်ကြောင်း သိရသည်။ ဘေးလ်မှာ ဘိုင်ယန်နှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ပွဲချိန် ၅၉ မိနစ်တွင် အဆန်စီယိုနှင့် လူစားလဲခဲ့ရသည်။ ဘေးလ်မှာ ကစားသမားဘဝတစ်လျှောက် ခြေသလုံးဒဏ်ရာ၊ နောက်ကြောဒဏ်ရာများ ရရှိခဲ့ဖူးပြီး ယခုလည်း နောက်ကြောကြွက်သားဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။ ဘေးလ်မှာ လာမယ့် ဧပြီ၁၅ရက် စပို့တင်းဂီဂျွန်အသင်းနဲ့ ယှဉ်ပြိုင်မယ့် ပွဲစဉ်ကိုမူ လွဲချော်ရန်သေချာနေပြီး ဂလက်စီကိုပွဲစဉ်တွင် ပါဝင်နိုင်ခြင်း ရှိ၊ မရှိဆိုသည်ကိုလည်း စောင့်ကြည့်ရဆဲ အနေအထားပင်ဖြစ်သည်။

ရီးယဲလ်နည်းပြ ဇီဒန်းက ဘေးလ်မှာ ပထမပိုင်းအပြီးကတည်းက နာကျင်မှု ခံစားနေရပြီး မလိုအပ်တဲ့ စွန့်စားမှုမျိုး မလုပ်ချင်သဖြင့် လူစားလဲခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘေးလ်မှာ ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသခဲ့သဖြင့် ကာလရှည်အနားယူခဲ့ရပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလရောက်မှသာ ကလပ်အသင်းအတွက် ပြန်လည်ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။

မေလွှဲသင်း - စုစည်းသည်

## လာမယ့်နွေရောက်မှသာ အာဆင်နယ်နဲ့ စာချုပ်သက်တမ်းတိုးရေး ဆွေးနွေးသွားမည်ဟု အိုဇေးလ်အတည်ပြု

အာဆင်နယ်အသင်း ကွင်းလယ်ဖန်တီးရှင်မီဆပ်အိုဇေးလ်က လာမယ့်နွေဈေးကွက် မရောက်မချင်း ကလပ်အသင်းနဲ့ စာချုပ်သစ်ကိစ္စရပ်ကိုဆွေးနွေးဦးမှာ မဟုတ်ကြောင်း ထပ်မံအတည်ပြုလိုက်ပြန်သည်။ အိုဇေးလ်က လက်ရှိအချိန်မှာ အာဆင်နယ်နဲ့ စာချုပ်သက်တမ်းတစ်နှစ်သာ ကျန်ရှိတော့ပြီး စာချုပ်သစ်ထပ်မံချုပ်ဆိုသွားဖို့ နည်းပြဝင်းဂါးနဲ့ အာဆင်နယ်ဘုတ်အဖွဲ့ဝင်တွေက ဆန္ဒရှိနေကြတာဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၆)နေရာအထိ ရောက်ရှိနေပြီး ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်လည်း မသေချာသည့်အနေအထားဆိုက်နေရာ အိုဇေးလ်က အခြေအနေအရပ်ရပ်ကို စောင့်ကြည့်ပြီးမှသာလျှင် အပြီးသတ်ဆုံးဖြတ်သွားဖွယ်ရှိသည်။



အိုဇေးလ်က စာချုပ်သစ်ကိစ္စရပ်နဲ့ ပတ်သက်ပြီး စကိုင်းစပို့က မေးမြန်းခဲ့ရာ ယခုအချိန်သည် အာဆင်နယ်အသင်းအတွက် အလွန်အရေးကြီးနေသဖြင့် ဘယ်ကစားသမားတစ်ဦးချင်းကိစ္စကမှ ကလပ်အသင်းလောက် အရေးမကြီးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ အာဆင်နယ်အသင်းက တနလာ်နေ့မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာကြောင့် နည်းပြဝင်းဂါးအပေါ် ဝေဖန်မှုအသစ်များ၊ ဖိအားအသစ်များ ထပ်တိုးလာစေခဲ့သည်။ သို့သော် အိုဇေးလ်က ဝင်းဂါး အာဆင်နယ်တွင်ရှိနေခြင်းက အသင်းအတွက် အင်မတန်အရေးကြီးပြီး ဝင်းဂါးရရှိခဲ့သော အောင်မြင်မှုများအတွက်လည်း လေးစားစိတ်အပြည့်ရှိကြောင်း တုံ့ပြန်ခဲ့သည်။

## အေစီမီလန်အသင်းကို တရုတ်ရင်းနှီးမြှုပ်နှံသူများထံ ဘာလူစကိုနီရောင်းချ

တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ရော်ဆိုရီနီက အေစီမီလန်အသင်းကို ပေါင် ၆၂၈ သန်း (ယူရိုသန်း ၇၄၀)နဲ့ ဝယ်ယူလိုက်ပြီးနောက် ကလပ်အသင်းအပေါ် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေမယ်လို့ ကတိပြုလိုက်သည်။ အေစီမီလန်အသင်းကို ၁၉၈၆ ခုနှစ် ကတည်းက ယခင် အီတလီဝန်ကြီးချုပ်ဟောင်းဘာလူစကိုနီက ပိုင်ဆိုင်ခဲ့သည်။

အဆိုပါအချိန်ကာလအတွင်း အေစီမီလန်အသင်းမှာ ဆုဖလားရှစ်လုံး၊ ဥရောပအောင်မြင်မှုရှစ်ကြိမ်တိုင်တိုင်ရယူနိုင်ခဲ့သည်။ သို့သော် အေစီမီလန်အသင်းမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း စီးရီးအေဖလားကို မဆွတ်ခူးနိုင်ခဲ့သလို နောက်ဆုံး သုံးနှစ်အတွင်း အဆင့်(၇)၊ (၁၀)နှင့်(၈)တို့ဖြင့်သာ ရာသီသိမ်းနိုင်ခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင် ဦးဆောင်သူ ဂျူဗင်တပ်အောက် ရမှတ် ၂၀လျော့နည်းကာ အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ရပ်တည်နေသည်။

# ဂုဏ်ယူဖွယ်ရာမြန်မာ့သင်္ကြန်ပွဲတော်

ဒေါက်တာထွန်းထွန်းဦး(သဒ္ဓမ္မဇောတိကဓဇ)



ဟောင်းရွက်ညှာ ခါလှစ်လို့
တာသစ်ကယ်တဲ့ နံ့ကြိုင်
သုတ်ဖြူးလေဆော်က
ပန်းကံ့ကော် ဝတ်မှုန်ကျင်း
သင်းပျံ့လို့လှိုင်။
ကြယ်နှစ်ပြိုင် သွယ်ဆိုင်ပဝင်း။
စိတ္တရငယ်နှင့် ငွေလသော်တာတို့
ယုဂန်ချာတောင်တော်စွန်းမှာ
ထွန်းထိန်လို့လင်း။

**(ဖိုးသူတော်ဦးမင်း)**
**မင်းသုဝဏ်၏ သဘာဝပြက္ခဒိန်စာအုပ်မှ**

မကြာမီ နှစ်ဟောင်းကုန်၍ နှစ်သစ်ကိုကြိုသည့် ဆိုတောမည်ပြီ။ သင်္ကြန်ရောက်တော့မည်ဟူသော အသိစိတ်က နှလုံးသားကို လှုပ်ရှားစေပြီး သင်္ကြန်ရဲ့ ပုံရိပ်တွေကို ပြေးမြင်ယောင်လာမိသည်ကတော့ အမှန်ပင်။ သင်္ကြန်ဟုကြားလိုက်သည်နှင့်ပင် အတိတ်က သင်္ကြန်ရဲ့ အရိပ်အငွေ့တွေက စိတ်ထဲမှာအလို အလျောက်ပြန်လည်နိုးထလာခဲ့ပြီး သင်္ကြန်မိုးနှင့်အတူ ရေမှုန်ရေမွှားလေးများဖြတ်သန်း၍ နှလုံးစိတ်ဝမ်း အေးချမ်းသွားမိပါသည်။ ကမ္ဘာပေါ်တွင် ရှေးအခါမှစ၍ လူမျိုးအလိုက် ဘာသာအလိုက် လူ့ယဉ်ကျေးမှုထွန်းကား လာသည့်အချိန်ကာလမှစ၍ ကာလဒေသအလိုက် နှစ်သစ်ကူးပြောင်းခြင်း ဓလေ့အစဉ်အလာရှိခဲ့ကြသည်။

## အကောင်းအဆိုး နိမိတ်ဖတ်ခြင်း

မြန်မာနိုင်ငံတွင်လည်း ယဉ်ကျေးမှု အဆင့်မြင့်မားခဲ့သော ပဒေသရာဇ်ခေတ်ဦး တကောင်းခေတ်ကပင် စတင်၍ နှစ်သစ်ကူးပွဲတော်ကျင်းပသည်ဟု အတည်မပြုနိုင်သော်လည်း ယူဆခဲ့ကြလေသည်။ သို့သော် "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိပ်သွန်း၊ မပြတ်စိတ်လျှင်တည်၏" ဟူသော သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံမြို့ စောလှဝန်း ဘုရားကျောက်စာ(ကျော) ၂၂-၂၃ ကို ထောက်ရှုလျှင် ပုဂံခေတ်ကစ၍ သင်္ကြန်ခေါ်သည့် နှစ်သစ်ကူးပွဲတော် ကျင်းပနေပြီဖြစ်ကြောင်း သိသာထင်ရှား ပါသည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကလည်း ပုဏ္ဏား ဗေဒင်ပညာရှင်များနှင့် သံဃာတော်များကို တိုင်ပင်၍ ရှေ့တစ်နှစ်စာ သင်္ကြန်စာဟောစာတမ်းထုတ်ဝေပြီး တိုင်းပြည်ရဲ့ ကံကြမ္မာကို အကောင်းအဆိုး နိမိတ်ဖတ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။

## သာကီဝင်မင်းတို့ ရေကစားရာအိုင်

ဥပရိပဏ္ဏာအဋ္ဌကထာ ဒေဝဒဟသုတ်တွင် ဖွင့်ဆိုထားသည်မှာ သကျသာကီဝင်မင်းမျိုးတို့သည် ပျော်စရာကောင်းသော ရေအိုင်ကြီးအနီး၌ မင်းတဲထီးနန်းများ ဆောက်လုပ်၍ ရေပက်ဖျန်းကာ ပျော်ရွှင်စွာရေပက်ကစားကြကြောင်း ထိုရေအိုင်သည် သာကီဝင်မင်းတို့ ရေကစားရာအိုင်ဖြစ်သောကြောင့် "ဒေဝဒဟ"ဟု အမည်ရပြီး ထိုနေရာမှ ကပိလဝတ်ပြည်သို့ မပြန်ကြတော့ဘဲ ရေအိုင်ကြီးအနီးနေထိုင်ကြရာမှ "ဒေဝဒဟ" တိုင်းပြည်ဖြစ်လာကြောင်းကို ဖော်ပြထားပါသည်။

ထို့ကြောင့် သင်္ကြန်ရေဖျန်းကစားသည့် ယဉ်ကျေးမှုဓလေ့သည် ဘုရားရှင်မပွင့်ထွန်းမီကပင်ရှိနေသည်ဟု ယူဆသည်များလည်းရှိပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင် ကျင်းပလာကြသည့် ယဉ်ကျေးသော ဂုဏ်ယူဖွယ်ကောင်းသော သင်္ကြန်အဖြစ် ကမ္ဘာ့နိုင်ငံများမှ စိတ်ဝင်စားပြီး လာရောက်လေ့လာသည်အထိ ကျော်ကြားခဲ့ပါသည်။

"တန်ခူးမိဿ၊ စိတြ၊ လနှင့်ယှဉ်ပြိုင်ထွန်း
ရင်ခတ်ကံ့ကော်ထုံသင်းပျော်၊
ပွဲတော်အတာညွှန်း"ဟု ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီသံပေါက်တွင် စပ်ဆိုထားပါသည်။ ထို့ကြောင့် တန်ခူးလသည် စိတြနက္ခတ်နှင့် စန္ဒာလမင်းသည် ယုဂန်တောင်ထိပ်တွင် အတူယှဉ်ပြိုင် ထွန်းလင်းတောက်ပသောလဖြစ်သည်။

## ရော်ရွက်ဟောင်းတို့ ကြွေ

တန်ခူးလရာသီတွင် ရော်ရွက်ဟောင်းတို့ ကြွေပြောင်းမြေခ ရွက်သစ်စပြီး လဗိမာန်နှင့် စိတြကြယ်နက္ခတ် ဝယ်ပြန့် မြေသင်းရနံ့ သင်းပျံ့လျက်ရှိသော ကာလလည်းဖြစ်ပါသည်။

လေပြည်လေရူး သုတ်ဖြူးပြန့်ဆော် ကံ့ကော်ဝတ်မှုန် မွှေးထုံသင်းပျံ့ ပန်းရနံ့တို့ လွှမ်းဖြန့်ဒီသာ ရပ်မျက်နှာသို့ လွင့်ပျံ့ကာဝဲနေသော ကာလလည်း ဖြစ်ပါသည်။ ထိုကာလတွင် အပူချိန်များ၍ အေးချမ်းကြစေရန် ရေစင်ရေအေးများဖြင့် ပက်ဖျန်းကစားကြသော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသည် ရာသီအခြေအနေနှင့် အလွန်ပင် လိုက်လျောညီထွေရှိလှပါပေသည်။

ဆရာကြီးဦးပြုံးချိုကလည်း သူ၏ ဆယ့်နှစ်ရာသီဘွဲ့ သဖြန်တွင်

"နှလုံးရယ်တဲ့ ပါဒ်မှီ။ ရေသွန်းစံပျော်လို့၊
ငွေကံ့ကော် ပိတောက်ပန်းရယ်ကွယ် လန်းတဲ့ရာသီ။
စိတြရွှေကြယ်မြတ်ကယ်နှင့်၊ စန်းသမသတ်ပြည့်ကာမှီ၊ ညဥ့်နာရီနေ့ခင်း၊ မျှမပို လလိုခါထူးပါတဲ့၊
တန်ခူးသည်ဂိန်မှာန်၌
ရဝိန်နေ မဖျွေနန်းမှာ၊ မြန်းမည့်အတွင်း"ဟု စပ်ဆိုခဲ့ပါသည်။

## နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲ

သင်္ကြန်ဆိုသည်မှာ သင်္ကန္တဟူသည့် ပါဠိသဒ္ဒါအရ ပြောင်းလွှဲခြင်းအနက်ဟုဆိုသည်။ သက္ကဋကျမ်းအလို 'က' အက္ခရာမှ ရရစ်နှင့် မြန်မာလို 'သင်္ကြန်'ဟု ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သင်္ကြန်ဆိုသည့် ဝေါဟာရသည် ပြောင်းလဲခြင်းဟု အဓိပ္ပာယ်ရသည်။ အဟောင်းမှ အသစ်သို့ ပြောင်းလဲခြင်း၊ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲရောက်ရှိခြင်းနှင့် ဆယ့်နှစ်ရာသီခွင်တွင် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်မင်း အတာကူးပြောင်းသောကြောင့်လည်းကောင်း၊ ဟိန္ဒူဗြဟ္မဏ ဒဏ္ဍာရီအရ သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းကြီးတစ်ပါး ဗေဒင်နှင့်စပ်သော ကိန်းခန်း တစ်ခုကို အငြင်းအခုန်ဖြစ်ကြရာ နိုင်သူက ခေါင်းဖြတ်စတမ်း အလောင်းအစားလုပ်ပြီး လူ့ပြည်မှ ကဝိလမိုင်း ဆရာကြီးထံ အဆုံးအဖြတ်ခံရာ ဗြဟ္မာမင်းရှုံးသဖြင့် ခေါင်းဖြတ်ခံရပြီး ထိုခေါင်းကို ရေ၊ မြေ၊ လေတို့တွင် မည်သည့် နေရာတွင်မဆိုပစ်ချက မီးလောင်ပျက်စီးမည်ဆိုး၍ သိကြားမင်းက မိဖုရား နတ်သမီးခုနစ်ဖော်တို့ကို တစ်နှစ်တစ်ယောက် အလှည့်ကျကိုင်ထားစေပြီး တစ်နှစ်ပြည့်သည့်နေ့တွင် တစ်ယောက်မှတစ်ယောက်သို့ တာဝန်လွှဲပြောင်းသည်ကို အစွဲပြု၍ သင်္ကြန်ကျသည်ဟူသော ရှေးပေါရာဏအယူအဆများလည်း ရှိပါသည်။

## သင်္ကြန်ကာလဟု သတ်မှတ်

မည်သို့ပင်ဆိုစေ မြန်မာလများ၏အစ တန်ခူးလဖြစ်သည့် ဧပြီလ ၁၃ ရက် ဝန်းကျင်ကို နှစ်စဉ်သင်္ကြန်ကာလဟု သတ်မှတ်ကြသည်။ ပုဂံခေတ်ကျောက်စာများတွင် တန်ခူးလနှင့် ပတ်သက်၍ တန်ခူး၊ ထန်ခူး၊ တာကူး ဟူ၍ ပါရှိပြီး အင်းဝခေတ်အရောက်တွင် ထန်းသီးခူးသည်ကို အစွဲပြု၍ ထန်းခူးသောလ တန်ခူးလဟု သုံးစွဲလာကြောင်း တွေ့ရှိရသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးသည့် မျောက်ဋီကာမှ မိဖုရားစောလုံအကြောင်း လေးချိုးကြီးတွင်လည်း

"ဆန်းထူးဝါနီ အရွက်ရောက်ကာ မြန်းချိန်မို့၊
တန်ခူးရာသီမဖြင့်၊ မန်းနဖူးအညာဆီ အထက်မနော်၊
လွမ်းလောက်ပါပေရဲ့ သွန်းဖြူဖြာဆီ ကရမက် အကျော်
အဖျော်တွေဖြန်းပါလို့ အခက်အလက်တော်ရာ လျော်ရာ
ပန်းတွေနဲ့ ခူးသမို့ ချွေကပ်တယ်(ကေသာရယ်)
စက်တော်ရာ စခန်းမှာဖြင့် ဖူးလို့ရေသပ္ပာယ်"ဟု ရေးစပ်ခဲ့ပါသည်။

## နရသီဟပတေ့မင်းလက်ထက်

ထို့ကြောင့် သင်္ကြန်ရေပက်ကစားကြောင်း ပြောလျှင် မိဖုရားစောလုံအကြောင်းလည်း ပါရမြဲဖြစ်၏။ မဟာရာဇဝင်ကျမ်းတွင် တရုတ်ပြေးမင်းဟုခေါ်သည့် ပုဂံပြည် နရသီဟပတေ့မင်းလက်ထက်တွင် ပူပြင်းသည့် နွေအခါ၌ ရေဖျန်းကစားမြဲဖြစ်၍ နန်းတော်မှ မြစ်ဆိပ်တစ်လျှောက် တဲတန်းဥမင်လိုဏ်နန်းဆောက်လုပ်ပြီး မိဖုရားအပျိုတော်များ ခြံရံကာ ပျော်ရွှင်စွာ ရေပက်ကစားကြကြောင်း ပါရှိသည်။ ထိုမိဖုရားများထဲမှ စောလုံဟုခေါ်သည့် မိဖုရားကို ဘုရင်မှ အချစ်ပို၍ ကျီစားလိုသောကြောင့် ဝိုင်းပြီး ရေပက်ကစား၍ လှောင်ပြောင်ကြရာမှ မိဖုရားလည်း သူ့ကို ပရိသတ် အလယ်တွင် အရှက်ခွဲသည်ဟု အထင်မှားကာ ဘုရင်ကို ရန်ငြိုးထားလေသည်။

တစ်နေ့တွင် ပွဲတော်အုပ်ထဲသို့ အဆိပ်ခတ်၍ ဆက်သလေရာ ဘုရင်အနားမှ ခွေးကို အရင်ကျွေးလိုက်ရာ အဆိပ်မိ၍ ခွေးသေသဖြင့် ဘုရင်မှ အမျက်ဒေါသပြင်းစွာထွက်၍ မိဖုရားစောလုံအား ဖိုကျင်ထိုး၍ သတ်စေခဲ့ဖူးလေသည်။ ဤသာဓကကို ကြည့်ခြင်းအားဖြင့် "အပျော်မှအပျက်" ဖြစ်ခဲ့ဖူးသည်ကို သတိသံဝေဂ ယူတတ်ကြဖို့လိုပါသည်။ ယခုခေတ်အခါမှာလည်း လူငယ်များ အစွမ်းကုန်ပျော်ပါးချင်ကြသဖြင့် မူးယစ်သောက်စား အပျော်များ၍ ဘဝပျက်သွားကြရသည်များလည်း ကြားသိနေရပါသည်။

ရှေးခေတ်အခါက ငွေဖလားထဲက ရေကို သပြေခက်နှင့် ပက်သည့် စနစ်လုံးဝပြောင်းလဲလာခဲ့ပြီး ပျော်ချင်သူများအတွက် ခေတ်ပေါ်သင်္ကြန်သီချင်းများ ပေါက်ကွဲသံစဉ်များနှင့်အတူ အရက်အမျိုးမျိုးသောက်ပြီး မူးယစ်ရမ်းကားသည့် အလေ့အကျင့်များကို သတိပြုရှောင်ရှားဖို့လိုပါသည်။ အလွန်ယဉ်ကျေးဂုဏ်ယူဖွယ်ရာကောင်းသော မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ကို မိမိအတွက်ကြောင့် ဂုဏ်မပျက်စေသင့်ပါ။ အချို့ဝိသမလောဘ စီးပွားရေးသမားများကြောင့် သင်္ကြန်သည် အရုပ်ဆိုး အကျည်းတန်ခဲ့ရပြီး မိဘများအနေဖြင့် မိမိတို့၏ သားပျိုသမီးပျိုများကို သင်္ကြန်မဏ္ဍပ်ရောက်မှာကိုပင် စိုးရိမ်နေရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

## မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော သင်္ကြန်

အမှန်မှာ မြန်မာတို့၏ နှစ်သစ်ကူးသည် ကုသိုလ်ကောင်းမှုများပြုလုပ်ရာဖြစ်၍ အလွန်ပင် မင်္ဂလာရှိသော သင်္ကြန်ဖြစ်ပါသည်။ မြန်မာတို့၏ အထွတ်အမြတ်နေ့ကြီး အခါကြီးလည်းဖြစ်သည်။ နှစ်ဟောင်းမှ မကောင်းသည့် စိတ်အညစ်အကြေးများကို နှစ်သစ်သို့ မပါစေဘဲ စိတ်သစ်လူသစ်၊ အတွေးသစ်၊ အမြင်သစ်များနှင့် အများပြည်သူတို့နှင့်အတူ လက်တွဲပြီး တစ်စိတ်တည်း တစ်ဝမ်းတည်းထားကာ မေတ္တာ၊ အကြင်နာ၊ စေတနာနှင့် သည်းခံခွင့်လွှတ်စိတ်များထားရှိပြီး စေတီဘုရားများကို သွားရောက်ဖူးမြော်၍ ရေသပ္ပာယ်ခြင်း၊ သတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများအားထုတ်ခြင်း၊ မိဘဆရာသမား သက်ကြီးရွယ်အိုများကို ရှိခိုးပူဇော်၍ ခြေသည်း၊ လက်သည်းလှီးကာ ရေလျှူ၍ ကုသိုလ်ဒါနပြုခြင်း၊ လောကီ မင်္ဂလာဆယ့်နှစ်မှာပါသည့် ဦးခေါင်းဆေးမင်္ဂလာပြုခြင်း၊ စတုဒိသာအလှူများတွင် ပါဝင်ကုသိုလ်ပြုခြင်းများ ပြုလုပ်လေ့ရှိကြသဖြင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သင်္ကြန်ဖြစ်ပါသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုသကဲ့သို့ ယခုကဲ့သို့ အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် အချို့နေရာများ၌ ရေရှားပါးသဖြင့် ရေဘေးဒုက္ခသည်များကို နိုင်ငံတော်နှင့် ပြည်သူ့တပ်မတော်၊ ရဲဝန်ထမ်း၊ ပရဟိတအဖွဲ့များ၊ တာဝန်သိပြည်သူများက ရေများလိုက်လံပေးဝေနေသည့် သတင်းမြင်ကွင်းများကို မြန်မာ့ရုပ်မြင်သံကြားတွင် နေ့စဉ် မြင်တွေ့နေရသဖြင့်လည်း ဝမ်းသာပီတိဖြစ်မိပါ၏။ သို့သော်ထိုအခါမျိုးတွင် သင်္ကြန်ကာလ မိမိတို့ ပျော်ရွှင်ဖို့တစ်ခုတည်းအတွက် ရည်ရွယ်ချက်ထားပြီး အချို့ရေကစားမဏ္ဍပ်များ၌ မီးသတ်ပိုက်များ (Pressure Hoses) များသုံးပြီး အဖိုးတန်ရေများ ဖြုန်းတီးရာကျသည့် ရေကစားနည်းများကို ခေတ်စနစ်အခြေအနေနှင့်အညီ ပြုပြင်ပြီး ရေချွေတာသည့်စနစ်ကို ကျင့်သုံးသင့်ကြပေသည်။ ကမ္ဘာက လေးစားစိတ်ဝင်စားသည့် မြန်မာ့ရိုးရာသင်္ကြန်ကို မိမိတို့၏ အသိဉာဏ်၊ သတိပညာများဖြင့် ထိန်းသိမ်းဆင်ခြင်ကြပြီး ရှေးရိုးရာလည်း မပြတ် ခေတ်အဆက်ဆက်က ထိန်းသိမ်းလာသည့် အစဉ်အလာကောင်းများကို လက်ခံကျင့်သုံးကြဖို့ တင်ပြလိုက်ရပါသည်။

# သင်္ကြန်ခါမော် ရေပွဲတော်



ယဉ်ကျေးဆု

ရှေးစာဆိုပညာရှင်ကြီး လက်ဝဲသုန္ဒြ၏ သာဓိနပျို့တွင် "သင်္ကြန်တန်ခူး၊ နှစ်ဦးညောင်ရေ၊ စာပူလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်၊ ဤသို့ယှဉ်သား၊ အစဉ်ပြုမြဲ ဆယ့်နှစ်ပွဲတည်း" ဟု ဖွဲ့ဆိုထားကြောင်း တွေ့ရပေသည်။ ဖော်ပြရသော် ကျွန်တော်တို့၏ မြန်မာနိုင်ငံတော်ကြီး၌ ရှေးအခါကပင် တန်ခူးလတွင် ရေသဘင်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာပြန်ပွဲ၊ ဝါဆိုလတွင် ရှင်ပြု ပဉ္စင်းခံပွဲ၊ ဝါခေါင်လတွင် စာရေးတံမဲပွဲ၊ တော်သလင်းလတွင် လှေသဘင်ပွဲ၊ သီတင်းကျွတ်လတွင် ဆီမီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းအလှူပွဲ၊ နတ်တော်လတွင် နတ်သဘင်ပွဲ၊ တပို့တွဲလတွင် နှံ့သာမီးလှူပွဲ၊ တပေါင်းလတွင် သဲပုံစေတီပွဲဟူ၍ ကျင်းပခဲ့ကြသည်။

**အကျယ်တဝင့်ရှင်းလင်း**

ယခုအချိန်အခါသည် နှစ်သစ်ကူးသည့် တန်ခူးလဖြင့် ကြုံကြိုက်နေချိန်ဖြစ်သဖြင့် တန်ခူးလသင်္ကြန်ပွဲတော်အကြောင်း တစ်စေ့တစ်စောင်း ဖော်ပြလိုပေသည်။ 'တန်ခူးလ' ဟုခေါ်ဆိုကြသည့် ဝေါဟာရနှင့်စပ်လျဉ်း၍ ပုဂံခေတ်ကာလက 'တန်ခူ' ဟုခေါ်ဆိုကြောင်း၊ အင်းဝခေတ်သို့ရောက်သောအခါ 'တန်ခူး' ဟုခေါ်ဆိုကြကြောင်း တွေ့ရပေသည်။ 'တန်' ပုဒ်သည် ပါဠိဘာသာကာလပုဒ်မှဆင်းသက်လာ၍ 'ထန်း' ဟု အဓိပ္ပာယ်ရ၏။ 'ခူး' ပုဒ်သည် 'ဆွတ်ခြွေခြင်း' ဟု အဓိပ္ပာယ်ရကြောင်း ဦးဖိုးလတ်၏ မြန်မာ့လအမည်များကျမ်း၌ အကျယ်တဝင့် ရှင်းလင်းရေးသားထားကြောင်း တွေ့ရပေသည်။

**မိဿရာသီသို့ ကူးပြောင်း**

တန်ခူးလတွင် သင်္ကြန်ပွဲတော်ကျင်းပကြမြဲဖြစ်သည်။ သင်္ကြန်ဟူသည့်စကားသည် မာဂဓဘာသာအရ သင်္ကန္တ၊ သင်္ကြန်ရှိန္ဒုအဆိုအရ သင်္ကြန္တတို့မှဆင်းသက်လာခြင်းဖြစ်သည်။ မြန်မာလို ရွှေ့ပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဆိုရသော် တနင်္ဂနွေဂြိုဟ်ဟု ခေါ်သည့် နေမင်းကြီးသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်အစသို့ ကူးပြောင်းရောက်ရှိလာသည်မှ တစ်ဆယ့်နှစ်ရာသီ၏အစဖြစ်သော မိဿရာသီသို့ ကူးပြောင်းရောက်ရှိခြင်းကို သင်္ကြန်ဟုခေါ်ဆိုခြင်းပင် ဖြစ်သည်။

**ကောင်းကျိုးချမ်းသာရရှိနိုင်**

ဤသို့ နှစ်ကူးပြောင်းစ ဤအခါသမယတွင် မြန်မာတို့သည် ဦးခေါင်းဆေးလျှော်ခြင်းပြုကြ၏။ လောကီကျမ်းအဆိုအရ ဤအခါသမယတွင် ဦးခေါင်းဆေးလျှော်ခြင်းဖြင့် ဘေးရန်အန္တရာယ်ကင်းရှင်း၍ ကောင်းကျိုးချမ်းသာရရှိစေနိုင်သည်ဟု ဆို၏။ ရှေးမြန်မာကြီးများသည် ဤအခါသမယတွင် ခေါင်းဆေးမင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြပေသည်။ သာသနာတော်ကျမ်းအလိုအရကား ဤအခါသမယတွင် ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘစသော ရိုသေထိုက်သူများကို လှူဖွယ်ပစ္စည်းများဖြင့်ကန်တော့ခြင်းအမှုကို ပြုကြသည်ဟု ဆို၏။ ဤသို့ဖြင့် ဘေးရန်အန္တရာယ်ကင်းစင်၍ ကောင်းကျိုးချမ်းသာရရှိနိုင်သည်ဟု ဆိုပေသည်။

ဖော်ပြရသော် ဤအခါသမယတွင် မြန်မာများသည် ကောင်းမွန်သောစိတ်ထားများဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာအေးမြကြည်လင်စေကြောင်း၊ တစ်ဦးနှင့်တစ်ဦး မေတ္တာရေစင်သွန်းလောင်းခြင်းအမှုကို ပြုကြပေသည်။ ဤသည်မှာ မြန်မာ့ဓလေ့ယဉ်ကျေးမှု မွေ့လျော်သည့် အတာရေပွဲတော်သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။

ဤနေရာတွင် ရှေးသရေခေတ္တရာ၊ ပုဂံခေတ်များဆီက ခါသင်္ကြန်ပေါ်ပေါက်ခဲ့ပုံကို အနည်းငယ်တင်ပြလိုပေသည်။ ထိုခေတ်ကာလက သင်္ကြန်ကျခြင်းကို ဝါဆိုလတွင်လည်းကောင်း၊ တန်ဆောင်မုန်းလတွင်လည်းကောင်း၊ တန်ခူးလတွင်လည်းကောင်း ကျင်းပခဲ့ကြကြောင်း လေ့လာတွေ့ရှိရ၏။ ဝါဆိုသင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'မန္တတာနှစ်' ဟူ၍လည်းကောင်း၊ တန်ဆောင်မုန်းလတွင် သင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'သာလိဝါဟန' နှစ်ဟူ၍လည်းကောင်း၊ တန်ခူးလတွင် သင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'အာဒိတျ' နှစ်ဟူ၍လည်းကောင်း သုံးမျိုးသုံးစားရှိခဲ့ကြောင်းကို 'ဇနမ ပတ္တိက' ကျမ်းတွင်တွေ့ရ၏။ ယခုအခါတွင် တန်ခူးလတွင် သင်္ကြန်ကျသည့် 'အာဒိတျ' နှစ်သာကျန်ရှိကြောင်း တွေ့ရပေသည်။

သင်္ကြန်ပွဲတော် နှစ်မျိုးနှစ်စားရှိကြောင်းကိုလည်း တင်ပြလိုပေသည်။ သင်္ကြန်ဟူရာ၌ 'စူဠဝိသုဝသင်္ကြန်' နှင့် 'မဟာဝိသုဝသင်္ကြန်' ဟူ၍ ဖြစ်သည်။ တစ်ဆယ့်နှစ်ရာသီလုံးလုံး ကျင်းပသည့်ပွဲတော်များကို 'စူဠဝိသုဝသင်္ကြန်' ဟုခေါ်၍ တစ်နှစ်တစ်ကြိမ်သာကျင်းပသည့် သင်္ကြန်ပွဲတော်ကို 'မဟာဝိသုဝသင်္ကြန်' ဟု ခေါ်ပေသည်။

သင်္ကြန်ပွဲတော်တွင် ရေပက်ကစားကြခြင်းအစဉ်အလာမှာ ရှေးအခါကပင်ရှိခဲ့ကြောင်း တွေ့နိုင်ပေသည်။ ရှင်တော်ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူရာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့၏ စပ်ကြား၌ ဒေဝဒဟ ပြည်ရှိ၏။ ထိုဒေဝဒဟပြည်ကြီးမဖြစ်မီက ထိုနေရာတွင် ကြီးကျယ်ခမ်းနားသော နတ်ရေကန်ကြီးတစ်ခုရှိသည်ဟုဆို၏။ ထိုနတ်ရေကန်ကြီးကိုအစွဲပြု၍ပင် ဒေဝဒဟမြို့ဖြစ်လာသည်ဟု အဆိုရှိပေသည်။ ထိုရေကန်သို့ ကပိလဝတ်ပြည်မှ မင်းသား၊ မင်းသမီးတို့နှင့် ကောလိယပြည်မှ မင်းသား၊ မင်းသမီးတို့ လာရောက်ရေကစားကြရင်း တစ်ဦးနှင့် တစ်ဦး ရင်းနှီးဆက်သွယ်ခဲ့ကြသည်ဟုဆိုပေသည်။ ထို့ကြောင့်ပင် 'ရေသဘင်အစ ဒေဝဒဟ' ဟုပင် ဆိုခဲ့ကြကြောင်း သိရ၏။

ရှေးအခါက သင်္ကြန်ကာလတွင် ရေပက်ကစားကြရာ၌ ရေပက်သူထက် ရေပက်ခံလိုသူက ပို၍အရေးကြီးကြောင်း တွေ့ရသည်။ ရေပက်သူသည် ရေပက်ခံမည့်သူကျေနပ်ကြည်ဖြူမှသာ ရေလောင်းကြရသည်။ သို့မဟုတ်ပါက ပျော်ရွှင်မှုပျောက်၍ ရန်မီးတောက်တတ်ကြောင်း သာဓကတစ်ခု ဖော်ပြလိုပေသည်။ ကောဇာသက္ကရာဇ် ၆၁၇ တွင် ပုဂံထီးနန်းစိုးစံသူ နာရသီဟပတေ့ (မင်းခွေးချေး)မင်းသည် 'မဟာဝိသုဝ' သင်္ကြန်သဘင်ပွဲနွှဲရာတွင် မောင်းမ မိဿံများကိုစေခိုင်း၍ မိဖုရားစောလုံအား ရေရွှဲစိုအောင် လောင်းစေသည့်အပြင် မခံချိမခံသာအောင် နောက်ပြောင်ကျီစယ်ခဲ့၏။ ထို့ကြောင့် မိဖုရားစောလုံမှာ အလွန်တရာအရှက်ရကာ နာရသီဟပတေ့ (မင်းခွေးချေး)အား ရန်ငြိုးဖွဲ့ကာ အစာထဲတွင် အဆိပ်ခတ်၍ နာရသီဟပတေ့ (မင်းခွေးချေး) မင်းလည်း စားတော်ပွဲအားစားမည်ပြုပြီးမှ ခွေးတစ်ကောင်ချေဆပ်သဖြင့် မစားတော့ဘဲ ခွေးကိုကျွေးရာ ခွေးသေ၏။ မိဖုရားစောလုံအား အမျက်တော်ရှကာ သံကျပ်စင်တင်၍ မီးရှို့သတ်၏။ ဤသည်ကား စံနမူနာယူစရာပင် ဖြစ်ပေသည်။ အပျော်မှအပျက်ဖြစ်ကြရ၏။ ယခုအခါ သင်္ကြန်ပွဲတော်ဆင်နွှဲကြမည့်သူများ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရေကစားသင့်ကြပေသည်။

ခါသင်္ကြန်တန်ခူးလရာသီသည် အလွန်ပူပြင်းလှ၏။ 'တန်ခူးရေကုန်၊ ကဆုန်ရေခန်း' ဟူ၍ပင် အဆိုရှိပေသည်။ ထိုသို့ပူလောင်လှသော ရာသီချိန်ဖြစ်သဖြင့် အအေးဓာတ်ကို အလိုရှိကြသူများ တစ်ဦးနှင့်တစ်ဦး ရေအေးဖြင့် ပက်ဖျန်းကာ မေတ္တာစိတ်ကမ်းလှမ်းကြသည့် ပွဲတော်ဖြစ်၏။ ထိုအတာရေကြောင့်ပင် မိတ်သစ်ဆွေသစ်များ တိုးပွားလာကြသည်ဖြစ်၏။

ရှေးအခါက ထိုအခါသမယတွင်ပင် တောင်သူကြီးများ၏အိမ်များ၌ ဆီမီးတထိန်ထိန်နှင့် အိမ်လုံးကျွတ်အလုပ်များကြရ၏။ အလှူအတန်းပြုလုပ်ရန် ပေါက်ပေါက်ဆုပ်၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ်စသည်ဖြင့် လုပ်ကိုင်လှူဒါန်းကြသည်မှာ ယနေ့ထက်တိုင် ချစ်စရာဓလေ့တစ်ရပ်အဖြစ် တည်ရှိနေပေသည်။ ဤအခါသမယသည် ရာသီခွင်အားဖြင့် မိဿရာသီ၊ နက္ခတ်အားဖြင့် စိတြနက္ခတ်၊ တာရာအားဖြင့် တံငါတာရာ၊ ရာသီရုပ်မှာ ဆိတ်၊ ဖူးပွင့်သောပန်းများမှာ ပိတောက်၊ ငုံ၊ ကံ့ကော်၊ ရင်ခတ်တို့ဖြစ်ကြပြီး ပွဲတော်မှာ ရေသဘင်ပွဲတော်ဖြစ်သည်။

မှတ်သားရလွယ်စေရန် စာရေးသူ ဤသို့ဆိုချင်၏ -

**တန်ခူးလတွင်**
**ရာသီခွင့် မိဿ**
**စိတြနက္ခတ်**
**ပန်းမြတ်ကံ့ကော်**
**ရင်ခတ်မော်ပွင့်**
**ပိတောက်ပွင့်နှင့်**
**ငုပွင့်ချိန်ခါ**
**တာရာကဖြင့် တံငါ**
**ရာသီရုပ်ဆိတ်**
**ထပ်ထိပ်ကျင်းပ**
**အလှနှစ်ကူး**
**ပျော်မြူးအစဉ်အလာ**
**သင်္ကြန်ခါမော် ရေပွဲတော်။ ။**

အချုပ်အားဖြင့်ဆိုရသော် မြန်မာတို့သည် ရှေးအခါကပင် လအလိုက် ရာသီပွဲတော်များ ကျင်းပခဲ့ကြသည်မှာ အပျော်သက်သက်ရည်ရွယ်ချက်မဲ့မဟုတ်ကြောင်း သိနိုင်သည်။ သံဃာအာဇာနည်များ၊ လူအာဇာနည်များ ပေါ်ထွက် စေကြောင်း၊ ကုသိုလ်အမှုပြုကြစေကြောင်း၊ စည်ပင်သာယာဖွံ့ဖြိုးစေကြောင်း၊ ယဉ်ကျေးမှုမွေ့လျော်စေကြောင်း၊ ကောင်းမြတ်သောရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့်ပင် ယခုသင်္ကြန်ပွဲတော်၊ ရေပွဲတော်ကြီးအားလည်း ရှေးအစဉ်အဆက်ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို နှစ်ထောင်းအားရ အတုယူကာ ယဉ်ကျေးသိမ်မွေ့စွာဖြင့် မြန်မာ့ဓလေ့စရိုက်နှင့်အညီ ရိုးရာမပျက် မော်ကြွားပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေသည်။ ။

> ဝါဆိုသင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'မန္တတာနှစ်' ဟူ၍လည်းကောင်း၊ တန်ဆောင်မုန်းလတွင် သင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'သာလိဝါဟန' နှစ်ဟူ၍ လည်းကောင်း၊ တန်ခူးလတွင် သင်္ကြန်ကျ၍ နှစ်သစ်ကူးမှု 'အာဒိတျ' နှစ်ဟူ၍လည်းကောင်း သုံးမျိုးသုံးစားရှိခဲ့ကြောင်းကို 'ဇနမ ပတ္တိက' ကျမ်းတွင်တွေ့ရ . . .

# မြန်မာစာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ သူ့ခေတ်၊ သူ့ဘဝနှင့် သူ့စာပေ

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

စာရပ်ပေရပ်ထဲမှာ ရသစာပေမှေးမှိန်တိမ်မြုပ်နေပြီ ဟူသောစကားကိုပြောနေကြသည်က ကြာပြီ။ ထို၌ ဂန္ထဝင် စံတင်ရစ်စေမည့် ဝတ္ထုရှည်ကြီးများဆိုလျှင် ဟုတ်ဟုတ်ငြားငြား လက်ညှိုးထိုးပြဖို့ပင် ခပ်ခက်ခက်ဟူသော ထေ့လုံးထောက်လုံးပင်ကပ်ပါလာသေးသည်။ စာပေရပ်ကွက်က ထွက်လာသော ထိုမှတ်ချက် ဘယ်လောက်အထိ မှန်သည်ကိုတော့ ကျွန်တော့်အနေဖြင့် ဝေခွဲခြင်းငှာမစွမ်းသာပါ။ သေချာသည်ကတော့ ကျွန်တော့် ပုဂ္ဂလိကတစ်ဦးတည်းအမြင်ဖြင့်ပြောလျှင် ကျွန်တော်တို့ အနုပညာနှလုံးသားကို လှုပ်ရမ်းသွားအောင် ထွက်ပေါ်လာသည့် ဝတ္ထုရှည်မျိုးတော့ မတွေ့ရသည်မှာကြာပြီ။ ကြာဆို အတော်ပင်ကြာပြီ။

သည်လို အားနည်းချိန်မျိုးဆိုလျှင် လူ့သဘောအရ တစ်ချိန်က မြန်မာဝတ္ထုရှည် ရွှေခေတ်ဟုပင်ဆိုနိုင်သော အားကောင်းခဲ့သည့် မြန်မာစာပေလောကမှာ ဂန္ထဝင်ဖြင့် ကျန်ရစ်စေခဲ့သော ဝတ္ထုရှည်ကြီးများနှင့် ရေးဖွဲ့ဖန်တီးသူ ကြယ်ပွင့်ကြီးများကို ပြန်လည်မြင်ယောင်စရာဖြစ်သည်။

ထိုကြယ်ပွင့်များထဲ၌ သူ့အချိန်အခါနှင့်သူ လင်းလက်တောက်ပခဲ့သော စာရေးဆရာမကြီးဂျာနယ်ကျော်မမလေးလည်း တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ကြယ်ပွင့်ကြီးကား ကြွေခဲ့သည်မှာကြာခဲ့ပါပြီ။ သို့သော် သည်နှစ်(၂၀၁၇)သည် ဂျာနယ်ကျော်မမလေး၏ ရာပြည့်မွေးနေ့(၁၉၁၇ ခုနှစ် ဧပြီလ ၁၃ ရက်) ကျရောက်သည့်နှစ်ဖြစ်သည်ကို သတိပြုမိပါသည်။

သတိပြုမိဆို မနေ့တစ်နေ့ကပင် ခင်မင်ရင်းနှီးသော ဂျာနယ်ကျော်မိသားစုက ဂျာနယ်ကျော်မမလေး၏ ရာပြည့်မွေးနေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်မည်ဆိုသော သတင်းတစ်ရပ်ပေးခဲ့သည်။

ထိုသတင်းကြားပြီးပြီးချင်းမှာပဲ ကျွန်တော်က ဂျာနယ်ကျော်မမလေး၏ ပုံရိပ်လွှာကို အကြိမ်အဘယ်မျှမသိနိုင်အောင် ပြန်လည်ဖွင့်ကြည့်မိပါသည်။ ဆိုတော့ ကျွန်တော်ပထမဆုံးမြင်မိသည်က “မုန်း၍မဟူ” ဝတ္ထုဖြစ်သည်။ မြန်မာစာပေသမိုင်း ၏ ဝတ္ထုရှည်မှတ်တမ်းများအရ ၁၉၅၅ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် ထိုမုန်း၍မဟူကို မဂ္ဂဇင်းဝတ္ထုရှည်ကြီး စဆုံးအဖြစ်ရေးခဲ့ခြင်းဖြစ်သည်ဆိုသည်။ ရေးရင်းနှင့် လက်တွေ့လာသဖြင့် မေလထုတ်နှင့်မဆုံးနိုင်သေးဘဲ ဇွန်လထုတ်၌ ဆက်လက်၍ ဇာတ်သိမ်းအဖြစ်ဖော်ပြသည်။ သို့သော် ဇွန်မှာလည်း ဇာတ်မသိမ်းနိုင်။ နောက်ဆုံးတွင် မုန်း၍မဟူကို မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် နှစ်လသာထည့်၍ ရပ်ထားပြီးနောက် ကျန်ဝတ္ထုတစ်ဝက်ကို စိတ်တိုင်းကျဆက်လက်ရေးသားကာ လုံးချင်းအဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုခေတ်ထိုအခါက စာအုပ်ထွက်သည်နှင့်တစ်ပြိုင်နက် ပရိသတ်အသည်းစွဲဖြစ်ခဲ့ရသောစာအုပ်ဟု မှတ်သားရဖူးပါသည်။ ဆိုသောအခါ ဒုတိယအကြိမ်ထပ်မံရိုက်နှိပ်ရသည်။ ထိုမျှမကပါ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(ယခုစာပေဗိမာန်)က ၁၉၅၅ ခုနှစ်အတွင်းထုတ်ဝေသည့် ဝတ္ထုများအနက် အကောင်းဆုံးဝတ္ထုအဖြစ် စာပေဗိမာန်ဆု ချီးမြှင့်ခြင်းခံရသည်။

ထို့နောက် “သွေး” ဝတ္ထု/ ထိုဝတ္ထုသည် ဂျာနယ်ကျော်မမလေးနောက်ဆုံးရေးသားခဲ့သော ဝတ္ထုရှည်ဖြစ်သည်။ အများသိကြတဲ့အတိုင်း မြန်မာ-ဂျပန် လူမျိုးကြီးနှစ်ခု၏ ပေါင်းကူးယှက်နွှယ်မှုဖြင့် ဆွတ်ပျံ့ဖွယ် ဇာတ်အိမ်ဖွဲ့ထားသည်။ ယင်းဝတ္ထုသည် ဂျပန်နိုင်ငံတွင် ၎င်းတို့ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ စာရေးသူ ဂျာနယ်ကျော်မမလေးကိုပင် ဂျပန်နိုင်ငံသို့ ဖိတ်ခေါ်၍ ဂုဏ်ပြုခဲ့သည်။ ဆင့်ပွားအနုပညာအရ ယင်းဝတ္ထုကို မြန်မာရုပ်ရှင်ဇာတ်ကားအဖြစ်ပါ ရိုက်ကူးပြီး ထို၌ ဂျပန်လူမျိုးအစစ်များပါဝင်သရုပ်ဆောင်ထားပါသည်။ ထိုစဉ်က “သွေး” သည် အငြင်းပွားစရာ ဝတ္ထုဟု အသံထွက်ခဲ့သော်လည်း “သွေး” ၏ အောင်မြင်မှုက အံ့မခန်းဖွယ်ပင် အောင်မြင်ခဲ့ကျော်ကြားခဲ့ပါသည်။

ဂျာနယ်ကျော်မမလေး၏ လုံးချင်းဝတ္ထုများကိုပြောမည်ဆိုလျှင် ‘ရင်နင့်အောင်မွေး’ နှင့် ‘အဖြူ’ တို့ကိုပါ ထည့်သွင်းပြောမှ ပြည့်စုံပါလိမ့်မည်။ ဤတွင် ‘အဖြူ’ သည် ဂျပန်ခေတ်အတွင်းက ရေးခဲ့သောဝတ္ထုဖြစ်သည်။ ထို့နောက် သူမ (၁၉၄၅)၊ သူလိုလူ (၁၉၄၇)၊ သူလိုမိန်းမ (၁၉၄၈)၊ ရှုမငြီး (၁၉၄၈)၊စိတ် (၁၉၅၁)၊ ကမ္ဘာမြေဝယ် (၁၉၅၂)၊ တွေးတစိမ့်စိမ့် (၁၉၆၃)၊ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်များ (၂၀၀၂) တို့ကို ထင်ရှားသော စာအုပ်များအဖြစ် တွေ့ရှိရပါသည်။ တွေးတစိမ့်စိမ့်သည် ၁၉၆၃ အတွက် အနုပညာစာပေဆုရရှိခဲ့သော ဝတ္ထုဖြစ်သည်။

ဂျာနယ်ကျော်မမလေး၏ အထက်ပါဝတ္ထုများထဲမှ အချို့ကို ဂျပန်၊ ဂျာမန်၊ အင်္ဂလိပ်၊ ရုရှား၊ ဥဇဘတ်၊ ပြင်သစ်၊ တရုတ်၊ ထိုင်း ဘာသာများသို့ ပြန်ဆိုထုတ်ဝေခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ပုဂ္ဂိုလ်ရေးပစ်စာတစ်စောင်ကို တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေလောကထဲသို့ ရောက်ရှိခဲ့သည်။ အမျိုးသမီးများ ဉာဏ်ရှိကြရန် (မြန်မာ့အလင်း ၁၉၃၆-၃၇)သည် ပထမဆုံးပုံနှိပ်ဆောင်းပါးဖြစ်သည်။ မသိရလေခြင်း (ဂျာနယ်ကျော် ၃၁-၅-၁၉၄၁) သည် ပထမဆုံး ပုံနှိပ်ဝတ္ထုဖြစ်သည်။

သူ့စာပေအတွက် သူ့ဘဝက ပြဋ္ဌာန်းသကဲ့သို့ သူ့ဘဝကို သူ့ခေတ်က ပြဋ္ဌာန်းပြန်ပါသည်။ ခေတ်က ပခုံးပေါ်တင်ပေးလိုက်သော တာဝန်ကို မည်မျှထမ်းနိုင်သနည်းဆိုသည်က လူတစ်ယောက်၏ အရေးအကြီးဆုံး မှတ်ကျောက်ကြီးတစ်ခုဖြစ်သည်။ ထိုစကားကို ဆရာဇန်းမော်တင်အောင် ဆိုဖူးပါသည်။

ဘိုကလေးမြို့နယ်မှာ မွေးဖွား၍ ဖျာပုံနှင့်ရန်ကုန်မှာကြီးပြင်းခဲ့သော ဂျာနယ်ကျော်မမလေးသည် ၎င်းဂျာနယ်ကျော်မမလေးမဖြစ်ခင် မတင်လှိုင်ဘဝကပင် တို့ဗမာအစည်းအရုံး၌ အဖွဲ့ဝင်အဖြစ်နှင့် တက်ခေတ်အမျိုးသမီးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်များကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဂျာနယ်ကျော် ဦးချစ်မောင်နှင့် အကြောင်းပါပြီးသောအခါ ဂျာနယ်ကျော် မဂ္ဂဇင်းထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်သတင်း အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဦးအစကာလတွင် ပထမဆုံးအထိန်းသိမ်းခံရသော မြန်မာစာရေးဆရာမတစ်ဦး ဖြစ်သည်။ ထို့နောက်ဂျာနယ်ကျော်မမလေးသည် အမျိုးသမီးကလောင်ရှင်အသင်း၏ ဒုတိယဥက္ကဋ္ဌ၊ ကလောင်ရှင်မဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဥက္ကဋ္ဌတာဝန်များကိုလည်းယူခဲ့သည်။

ထို့ပြင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ)၏ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာ စာပေကလပ် အတွင်းရေးမှူးချုပ်၊ တရုတ်နှင့် ဆိုဗီယက်ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပြီး အာရှတိုက် စာရေးဆရာများကွန့်ဖရင့် (နယူးဒေလီ) နှင့် အနုမြူဆန့်ကျင်ရေးကွန့်ဖရင့် (ဂျပန်) များသို့ တက်ရောက်ခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဦးအောင်ဇေယျနှင့်လက်ထပ်ခဲ့ပြီးနောက် ဆေးပညာဆောင်းပါးများနှင့် မြန်မာဆေးပညာစာအုပ်များကို ရေးသားထုတ်ဝေခဲ့ရုံမက ကိုယ်တိုင်ပင် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းအလုပ်ကို လုပ်ဆောင်ခဲ့သည်။

ဂျာနယ်ကျော်မမလေးသည် ၁၉၈၂ ခုနှစ်၊ ဧပြီ ၆ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သာယာလမ်း၊ ဘောက်ထော်နေအိမ်၌ ကွယ်လွန်ခဲ့သည်။

ဤနေရာတွင် ဂျာနယ်ကျော်မမလေးနှင့် ပတ်သက်၍ ရေးဖော်ရောင်းရင်းတစ်ဦးဖြစ်သည့် ဆရာနတ်နွယ်၏ အမြင်ကို တင်ပြချင်ပါသည်။

“ဒေါ်မမလေးသည် စာရေးကောင်းသူတစ်ယောက်ဖြစ်သည်။ သူ့ဝတ္ထုများကောင်းသည်မကောင်းသည်ကို ဤနေရာတွင် မိမိမပြောလိုပါ။ သို့သော် သူသည် သူပြောချင်သည့်အကြောင်းအရာကို စာဖတ်သူများစိတ်ဝင်စားအောင်၊ ဖတ်ချင်အောင် ရေးစွမ်းနိုင်သူကားဖြစ်ပေသည်။

သူသည် စာရေးကောင်းသလို စကားပြောကောင်းသူတစ်ဦးဖြစ်ပေသည်။ လူတစ်ယောက်ကို နားထောင်ချင်အောင်၊ စိတ်ဝင်စားအောင် အမျှင်မပြတ်ပြောနိုင်သူဖြစ်သည်။ အစည်းအဝေးများမှအပ ရိုးရိုးအချိန်များတွင် တွေ့ကြလျှင် သူက ပြောသူဖြစ်သည်။ မိမိတို့က နားထောင်သူများဖြစ်ကြသည်။ သူက အသံကို အတိုးအမြင့် အဆွဲအငင် အဖြတ်အတောက်များ ပြုလုပ်ကာ ပြောတတ်သည်။ စကားပြောသည့်အခါတွင် တကယ်ပင်စိတ်ပါလက်ပါ ထက်ထက်သန်သန် ပြောတတ်သည်။ စကားပြောနေရင်း ရင်ဘတ်ကိုလက်ဖြင့် ဖိထားတတ်သည်။ ရယ်မောသည့်အခါတွင် ပါးစပ်ကို လက်ဖဝါးတစ်ဖက်ဖြင့်ကွယ်ပြီး မျက်လုံးဖြင့် ရယ်မောတတ်သည်” ဟု ၎င်း၏ တောအကြောင်းတောင်အကြောင်း (မိမိနှင့်ဂျာနယ်ကျော်မမလေး) ဆောင်းပါးတွင် ရေးသားထားသည်။

ယနေ့ဆိုလျှင် ဂျာနယ်ကျော်မမလေးကွယ်လွန်သည်မှာ (၃၅)နှစ် ရှိပြီဖြစ်ပါသည်။ မွေးနေ့နှင့်ကြည့်လျှင် နှစ်(၁၀၀) တိုင်ပြီဖြစ်ပါသည်။ ထိုနှစ် (၁၀၀) မွေးနေ့နှင့်ပတ်သက်၍လည်း ကျန်ရစ်သူ ဂျာနယ်ကျော်မိသားစုက အထိမ်းအမှတ်အခမ်းအနားပြုလုပ်မည် ဆိုပါသည်။ စစ်ပြီးခေတ် မြန်မာစာရေးဆရာတို့၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ နယ်ချဲ့နှင့်ဖက်ဆစ်ကို တော်လှန်တိုက်ခိုက်ခဲ့ရာတွင် ကလောင်လက်နက်ဖြင့် ပါဝင်ခဲ့ပုံသမိုင်းကို နှောင်းခေတ်လူကျွန်တော်တို့က အလေးအမြတ်ပြုပေးရန်ကား အထူးပင်လိုအပ်လှပါသည်။

ယခုကဲ့သို့ ဂျာနယ်ကျော်မမလေး၏ နှစ် (၁၀၀) ပြည့်မွေးနေ့အထိမ်းအမှတ်ကို အကြောင်းပြု၍ စာရေးဆရာတို့၏ သူ့ခေတ်၊ သူ့ဘဝနှင့် သူ့စာပေများကိုလည်း ဆက်လက်လေ့လာမှတ်တမ်းတင်ရန်မှာ ကျွန်တော်တို့ တာဝန်သာဖြစ်သည်ကို နှလုံးသွင်းထားရမည်ဖြစ်ပါသည်။

ကျွန်တော့်ခေတ်က ကျွန်တော့်ပခုံးပေါ်သို့ တင်လိုက်သော တာဝန်ကို ကျွန်တော်ကရောအဘယ်မျှ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်လဲ။ သမိုင်းကသာ အဖြေပေးသွားပေမည်။

# ရိုးရာကိုအဆုံးမပါစေလို

သီလဝသား

လမ်းလယ်ကျွန်းတွင်ရှိ သစ်ပင်ပန်းမန်တို့သည် ဂိမှာန်နွေဦး၏ ပူပြင်းမှုဒဏ်ကို ကြံ့ကြံ့ခံရင်း ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ကြိုဆိုနေကြပါသည်။ လမ်းလယ်ကျွန်း၏ တစ်ဖက်တစ်ချက်စီတွင် နှစ်လမ်းသွား၊ လေးလမ်းသွား၊ ခြောက်လမ်းသွား၊ ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးများ ဖြူးဖြူးဖြောင့်ဖြောင့် ကျက်သရေရှိစွာ တည်ရှိနေသည်မှာ နေပြည်တော်၏ ဂုဏ်ယူစရာ မြို့တော်အင်္ဂါရပ်ဟု ဆိုနိုင်ပါသည်။

လှပဝင့်ထယ် ဂုဏ်ယူဖွယ်ကောင်းလှသည့် လမ်းမကြီးများ၏ အဆုံနေရာများတွင်လည်း အလှတွင် အယဉ်ဆင့်လို့ အသွင်တင့်စေမည့် ပန်းအမည်အမျိုးမျိုးပေးထားသော အဝိုင်းကြီးများ တစ်ဆယ့်လေးခုခန့် ရှိနေပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်တစ်ဝန်း၌ သွားလာလှုပ်ရှားနေကြသည့် ယာဉ်ရထားများ များပြားစွာ ရှိသော်ငြားလည်း ယာဉ်ကြောမကျပ်ဘဲ လွယ်ကူစွာ သွားလာမောင်းနှင်လို့ရပါသည်။ မြို့တော်တစ်ခွင်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းမဲ့စွာ သွားလာနေကြသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ကားနှင့် အနှေးယာဉ်များ၊ လမ်းလျှောက်သွားသည့် ပြည်သူများမှာ နိစ္စဓူဝတွေ့မြင်နေရသည်။ စာရေးသူအနေဖြင့် ယာဉ်အမြဲမောင်းရသောသူဖြစ်သဖြင့် လမ်းပေါ်မှဖြစ်ပျက်သမျှအကြောင်းအရာတို့သည် မိမိနှင့်တိုက်ရိုက် ပတ်သက်နေသည်သာ ဖြစ်နေပါသည်။

ပန်းဝိုင်းအတွင်းစည်းမှုပတ်နေသည့် မိမိယာဉ်ကို နောက်ယာဉ်မှ အတင်းကျော်တက်ပြီး မိမိယာဉ်ကြောကို ဖြတ်ကျော်လုတက်လိုက်သည့်အခါ မမျှော်လင့်သည့် ဆုံးရှုံးမှုများအပြင် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံဆေးခန်းတို့ပါ ရောက်ရှိခဲ့ရပါသည်။

လမ်းစည်းကမ်း မသိနားမလည်သောကြောင့်ဟု ယခင်က ထင်မြင်ယူဆခဲ့သော်လည်း အချိန်ကြာမြင့်လာသည်နှင့်အမျှ လမ်းအသုံးပြုသူများ၏ စည်းကမ်းမဲ့စွာ သွားလာလှုပ်ရှားနေကြသည်များကို ပီပြင်စွာ မြင်တွေ့လာရပါသည်။ ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်သည်ကို လက်ခံရမည်ဖြစ်သော်လည်း အသက်အိုးအိမ်စည်းစိမ်ကို ထိပါးနှောင့်ယှက်လာသည့် ဖြစ်ရပ်များကို မကြုံတွေ့လိုပါ။ အထူးသဖြင့် ပန်းဝိုင်းကြီးများတွင် ဦးစားပေးရမည့်ယာဉ်ကို ဦးစားမပေးနိုင်ဘဲ မိမိဆန္ဒကို ဦးစားပေးကာ အတင်းဝင် အတင်းထွက်လုပ်ခဲ့သဖြင့် ယာဉ်ကောလူပါ ထိခိုက်နစ်နာခဲ့ရသည့်အဖြစ်ကို လက်တွေ့ခံစားခဲ့ရပါသည်။ အိပ်ငိုက်ပြီး ပန်းဝိုင်းပေါ်တက်သွားသည့် ယာဉ်များရှိခဲ့သလို အရှိန်မထိန်း နိုင်ဘဲ အဝိုင်းပတ်နေသောယာဉ်ကိုတိုက်မိပြီး ပန်းခုံပေါ်သို့တက်သွားသော ယာဉ်များလည်းရှိခဲ့ပါသည်။

မိမိတို့ မစွမ်းဆောင်နိုင်သော လှပတင့်တယ်ကျက်သရေရှိစွာ တည်ရှိနေသော ပန်းဝိုင်းများ လမ်းမကြီးများကို နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာများဖြင့်တည်ဆောက်ပေးထားခဲ့သည်ကို သီလဝသားတို့ မသိနားမလည်ကြပါ။ မိမိပစ္စည်း မိမိဖျက်ဆီးနေသော လူရမ်းကားများ ဖြစ်မှန်းမသိဖြစ်နေကြပါသည်။ နိုင်ငံတော်၏ သွားနေသောလမ်းစဉ်စနစ်ကို အလေးမမူဂရုပြုစရာမလိုဘဲ ငါ့မြင်းငါစိုင်း လုပ်နေကြသော ပုဂ္ဂိုလ်များနှင့်တူနေပါသည်။ အဘက်ဘက်မှ တာဝန်မဲ့စွာပြုမူ လုပ်ဆောင်လာပါက မိမိတို့ပင် ထိခိုက်နစ်နာလာမည်ကို သတိချပ်ဖို့ လိုအပ်ပါသည်။

ပန်းဝိုင်းကြီးများ လမ်းမကြီးများ၏ လမ်းလယ်ကျွန်းများပေါ်ရှိ ကံ့ကော်၊ ခရေ၊ ထန်းပင်၊ ရေတမာ၊ ဆီအုန်းပင် စသည့်ပင်ပျိုတို့သည် ဖူးသစ်စည္ဘာတံမှာ စိမ်းစိုသော အသွေးအရောင်များဖြင့် အခက်အလက်တဝေဝေ ရှိနေကြပါသည်။ လေပြေထဲတွင် ငယ်ရုပ်ဆင်နေသည့် အပင်များဖြစ်လာစေရန် နှစ်ရှည်လများစွာ ရေလောင်းပေါင်းသင် လုပ်လာခဲ့ရ၍လည်း ယခုကဲ့သို့ အများပြည်သူ၏ မျက်စိပသာဒကျခဲ့ရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ လှပတင့်တယ်ချစ်စဖွယ် ပန်းမန်များကို များမကြာမီ ရောက်ရှိလာမည့် မဟာသင်္ကြန်ကာလ၌ ချိုးယူဖျက်စီးမှု မရှိစေရန် တားဆီးကာကွယ်ရပါမည်။

ကုန်လွန်ခဲ့သော မဟာသင်္ကြန်အခါသမယ၌ ရေကစားထွက်ကြသည့် ယာဉ်များ၌ အပူဒဏ်ခံနိုင်စေရန် သစ်ခက်သစ်လက်များကို ချိုး၍ အမိုးလုပ်ကြပါသည်။ လွယ်လင့်တကူ တွေ့ရှိရသော ခရေပိတောက် မုံတိုင်ပင်များကို ခုတ်ယူ၍ ရေကစားမဏ္ဍပ်များ၌လည်း အမိုးအကာလုပ်ခဲ့ကြသည်။ ပွဲတော်ကြီး ပြီးသွားသည့်အခါ၌လည်း လမ်းမကြီးများပေါ်တွင် ယာဉ်များသွားလာရခက်လှအောင် အမှိုက်ပုံကြီးအဖြစ် ထားရှိခဲ့ကြသည်။ အပျော်လွန်နေကြသော မိမိတို့အနေနဲ့ အရိပ်နေနေ အခက်ချိုးချိုးမဖြစ်စေရန်လည်း တာဝန်ရှိပါသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းမည့် ထူးမြတ်သည့် မင်္ဂလာအခါသမယမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာခြင်း၊ မြို့တော်၏ အလှအပများကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် သီလဝသားတို့၏ မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကို ပျော်ရွှင်စွာ ကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

# နွေရာသီအပူဒဏ်နှင့်ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဘယ်လိုကာကွယ်သွားကြမလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံသည်အီကွေတာရပ်ဝန်းတွင်တည်ရှိနေသောကြောင့် ပူပြင်းခြောက်သွေ့သောရာသီဥတုမျိုးကိုသာ ကြုံတွေ့ရသည်။ ထို့အပြင်ကမ္ဘာကြီးပူနွေးလာသောကြောင့်လည်း နွေရာသီအပူချိန်သည် နှစ်စဉ် မြင့်တက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ဧပြီလဆန်းကတည်းက မြန်မာနိုင်ငံ၏ အချို့သောဒေသများ၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်နေပြီဖြစ်သည်။ ဧပြီလ ၈ ရက်နေ့တွင် ချောက်မြို့အပူချိန်သည် ၄၄ ဒီဂရီစင်တီဂရိတ်အထိရှိပြီး နေပြည်တော် အပူချိန်သည် ၄၂ ဒီဂရီစင်တီဂရိတ်ရှိနေပြီဖြစ်သည်။ မေလတွင် အပူချိန်ဆက်လက်မြင့်တက်လာဦးမည်ဖြစ်သည်။ မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင် ကလည်း အပူအန္တရာယ်ကာကွယ်ရေးကို စေတနာဖြင့် နှိုးဆော်နေပြီဖြစ်သည်။

**နေတစ်စင်းတည်းမှဟုတ်ရဲ့လား**

အပူချိန်မြင့်မားသောဒေသများ၊ အထူးသဖြင့် အညာဒေသတွင် နေထိုင်သောပြည်သူများသည် အပူဒဏ်ကိုလွန်ကဲစွာစတင်ခံစားနေကြရပြီဖြစ်သည်။ မေလကုန်ဇွန်လဆန်းပိုင်းလောက်ရောက်ရှိမှသာမိုးဦးကျလေ့ရှိသဖြင့် အပူဒဏ်ကို သုံးလကျော် လေးလနီးပါး ခံစားရလေ့ရှိပါသည်။ နေပြည်တော်၌ပင်လျှင် နေ့စဉ် မြင့်တက်လျက်ရှိသော အပူချိန်ကြောင့် ယခုရက်ပိုင်းအတွင်း မိုးလင်းကတည်းက ချွေးတဒီးဒီးကျပြီးနေရထိုင်ရခက်လာသည်။ အဲကွန်းအောက်တွင် တာဝန်ထမ်းဆောင်ရသူများသည် အပူဒဏ်ကိုအထိုက်အလျောက် ကာကွယ်နိုင်ကြမည်ဖြစ်သည်။ သို့သော်အများစုသည် နေရောင်အောက်တွင်သာသွားလာလှုပ်ရှား လုပ်ကိုင်စားသောက်နေကြရသည်။ ထို့ကြောင့် လူတိုင်း၏နှုတ်ဖျားတွင် "ပူလိုက်တာ" ဆိုသောစကားကိုပဲ နေ့စဉ်ကြားနေရသည်။ မွန်းလွဲပိုင်းအပူချိန်သည် နေတစ်စင်းတည်းမှဟုတ်ရဲ့လား ဟုပင်ထင်ရသည်။

**ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်**

ပြင်းထန်လှသောအပူဒဏ်ကို အံတုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ အင်္ကျီချွတ်ထားခြင်း စသည့်ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော ပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူချိန်ကြောင့်နှစ်ခြိုက်စွာအိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများအားရေ ဆွတ်ခြင်း၊ အိပ်ရာခင်းများအားရေဆွတ်ခြင်းများပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်လည်း အချို့သောအလုပ်ကြမ်းသမားများသည် ပုဆိုး၊ တဘက်များကိုရေဆွတ်ခြုံပြီး အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်းရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

**ကျန်းမာရေးနှင့်ညီညွတ်**

အပူပြင်းထန်လှသောကြောင့် နံနက် ၈ နာရီလောက်ကတည်းက အပေါ်အင်္ကျီများချွတ်ချင်လာကြသည်။ အမှန်တကယ်မှာထိုသို့မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့် ပန်ကာလေ တိုက်ရိုက်အထိခံရပါက ကိုယ်လက်များနာကျင်ကိုက်ခဲလာပါသည်။ နေ့စဉ်ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင်ကိုက်ခဲဖျားနာလာမည်ဖြစ်သည်။ မည်မျှပင်ပူပြင်းနေစေကာမူ အပေါ်အင်္ကျီကိုမချွတ်ဘဲတစ်နေကုန် ဝတ်ထားမည်ဆိုလျှင် နေထိုင်ရအဆင်ပြေပြီး ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်သည်။

**ခြင်ထောင်ဖြင့်သာအိပ်သင့်**

စာရေးသူသည် ငယ်စဉ်က အပူချိန်ပြင်းထန်လှသော ကယားပြည်နယ်ရှိ ဘော်လခဲမြို့ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ထိုမြို့သည်ကျောက်တောင်များဝိုင်းရံထားသည့် မြေနိမ့်လွင်ပြင်တွင် တည်ရှိနေသောကြောင့် နွေရာသီတွင် သဘာဝလေမရဘဲလွန်စွာပူပြင်းလှပါသည်။ ပူပြင်းလှသဖြင့် နံနက် ၇ နာရီလောက်ကတည်းက အပေါ်အင်္ကျီချွတ်ချင်ပါသည်။ဒေသခံများမှလွဲ၍ ဝန်ထမ်းအများစုသည် အင်္ကျီချွတ်ထားကြသည်ကိုတွေ့ရပါသည်။ ညဘက်တွင်လည်းပူပြင်းလှသဖြင့် ခြင်ထောင်မထောင်ဘဲအိပ်လေ့ရှိကြသည်။ အကျိုးဆက်အနေဖြင့် ငှက်ဖျားပိုးသယ်ဆောင်လာသောခြင်များ အကိုက်ခံရသောကြောင့် ငှက်ဖျားရောဂါခံစားကြရသည်။ ငှက်ဖျားရောဂါဖြင့် သေဆုံးသွားသူ လုပ်ဖော်ကိုင်ဖက်အချို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ နွေရာသီ၌ ခြင်ထောင်ဖြင့်သာ အိပ်သင့်ပါသည်။

**ရေဆာလောင်နေမှုဆန္ဒကို ပြေပျောက်**

ပူပြင်းလှသောနေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့်အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်းဝမ်းတွင်းရောက်ပါက အပူကိုသာအားပေးစေပါသည်။ ရေခဲရေသည် "သောက်လေသောက်လေငတ်မပြေ" ဆိုသလိုထပ်ခါထပ်ခါသောက်နေချင်ပါသည်။ တတ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည့်ဆန္ဒကိုပြေပျောက်စေပါသည်။ ငယ်စဉ်က အညာနွေကိုဖြတ်သန်းရာတွင် နေ့ခင်းဘက်၌ ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်းပူပူလေးကို သောက်ထားရသည်။ထိုသို့ ရေနွေးကြမ်းသောက်ထားမည်ဆိုလျှင် ရေဆာလောင်နေမှုဆန္ဒကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသောအပူဒဏ်ကိုပါမေ့လျော့စေနိုင်ပါသည်။

နွေရာသီတွင် နေ့ခင်းဘက်၌အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်နေရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကိုရေဖျန်းထားသင့်ပါသည်။ တတ်နိုင်ပါက အိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်ပါသည်။ ထိုသို့ ရေဖျန်းထားလျှင် နေ့ခင်းဘက်အပူချိန်ကိုအထိုက်အလျောက် သက်သာစေပါသည်။ ညဘက်တွင် နှစ်ခြိုက်စွာအိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်၊ လေထွက်ကောင်းစေရန် တံခါးအားလုံးကိုဖွင့်ထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခြင်ထောင်ထောင်အိပ်ဖို့ရန် မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေဖတ်တိုက်ပြီးမှအိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေပါသည်။ အထူးသဖြင့် နေအိမ်ခြံဝင်းပတ်ပတ်လည်တွင် အရိပ်ရ လေကာ၊ နေကာ အပင်များကို စိုက်ထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

**မြန်မာ့သနပ်ခါး**

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heatstroke ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ဆေးရုံသို့သွားရန် လိုအပ်ပါသည်။ အထူးသဖြင့်သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်ပါသည်။ ကလေးများတွင်လည်း ချွေးမှတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိန့်များထွက်လာပြီး အဖျားတက်သည်အထိဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများလိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

**ချင့်ချိန်ဆောင်ရွက်**

နွေရာသီတွင်အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်အပူချိန်တို့ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့် အဆင့်သို့ပင်ရောက်သွားနိုင်ပါသည်။ တတ်နိုင်ပါကဆေးလိပ်ကိုလည်းရှောင်ရှားသွားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင်ဆေးလိပ်သောက်သည့်အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။ သင်္ကြန်ကာလတွင် သောက်ကြ၊စားကြ၊မူးကြ၊ ကကြ၊ ပျော်ကြမည်ဖြစ်သည်။ ပြင်းထန်သောအပူချိန်အောက်တွင် သောက်စား ပျော်ပါးခြင်းများကို ချင့်ချိန်ဆောင်ရွက်သွားသင့်သည်။

**သဲအိုးထဲတွင်ရေထည့်ထားသင့်**

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကို အခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်း၊ လက်လုပ်အချဉ် (သရက်သီး၊ငွေးသီး) များနှင့် အသုပ်မျိုးစုံတို့ကိုစားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကို များစွာထိခိုက်စေသည်။ နွေရာသီတွင် သောက်ရေအတွက်ညဘက်ကတည်းက သဲအိုးထဲတွင်ရေထည့်ထားသင့်သည်။ ထိုသို့ထည့်ထားလျှင် သဲအိုးထဲရှိရေသည် နေ့ခင်းဘက်တွင်ရေခဲရေကဲ့သို့ပင် အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်းကိုက်ညီမှုရှိသည်။

**သဘာဝဆေးတစ်မျိုး**

နွေရာသီအပူဒဏ်ကိုအံတုနိုင်ရန်သည် သဘာဝကပေးထားသော သစ်ရိပ်၊ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးထားမည် ဆိုလျှင် နွေရာသီအပူဒဏ်ကိုအထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်သည်။ တောခလေ့ ထန်းရွက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သောအဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။ "နွေထနောင်း၊ ဆောင်းမန်ကျည်း" ဆိုသလို တစ်ပင်လုံးစိမ်းနေသောထနောင်းပင်သည် နွေရာသီအပူဒဏ်ကာကွယ်ပေးသော သဘာဝဆေးတစ်မျိုးပင်ဖြစ်သည်။

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကြိုတင်ကာကွယ်**

နွေရာသီတွင်အပူချိန်မြင့်တက်လာမှုနှင့်အတူ နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည် (Ultra Violet-UV) ပါဝင်မှုနှုန်းလည်း တစ်စတစ်စမြင့်တက်လာလေ့ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက်ထိတွေ့ကျရောက်ပါက ကျန်းမာရေးထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်ပါသည်။

**အရေပြားကင်ဆာဖြစ်ပွားနိုင်**

ခရမ်းလွန်ရောင်ခြည်ကို ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင်တစ်ဦးက စတင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် အီလက်ထရောနစ်ရောင်ခြည်တန်းတစ်ခုဖြစ်သည်။ ထိုရောင်ခြည်သည် သာမန်လူသားတို့၏ မျက်စိဖြင့်မြင်နိုင်သောအလင်းရောင်ထက် အလျားတိုပြီး X-rays ရောင်ခြည်တန်းထက် ပိုမိုရှည်လျားသည်။ နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်အား ရောင်ခြည်ဖြာထွက်မှု အလျားကိုအခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားရှိသည်။ ၎င်းရောင်ခြည် သုံးမျိုးအနက် UV-b သည် လူသားတို့အပေါ်သို့ ဆိုးကျိုးသက်ရောက်မှု အများဆုံးဖြစ်ပေါ်စေသည့် ရောင်ခြည်တန်းဖြစ်သည်။ ထိုရောင်ခြည် တိုက်ရိုက်ထိတွေ့ခံစားရပါက အရေပြားကင်ဆာဖြစ်ပွားနိုင်သည်။ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အိုဇုန်းလွှာမှ ကာကွယ်ပေးနိုင်သော်လည်း လူသားတို့ကိုယ်တိုင်နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိအောင် ကြိုတင်ကာကွယ် ဆင်ခြင်နေထိုင်သွားသင့်ပါသည်။

**ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက**

လူ့ခန္ဓာကိုယ်ပေါ်သို့ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာထိတွေ့ကျရောက်ပါက အသားအရေနှင့် မျက်စိတို့ကိုထိခိုက်ခြင်း၊ နေလောင်ခြင်းဒဏ်မှသည် နောက်ဆုံးတွင် အရေပြားကင်ဆာအထိပါ ဖြစ်ပွားလာနိုင်ပါသည်။ အရေပြားပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက နေလောင်ခြင်းဒဏ်ခံစားရလေ့ရှိသည်။ နေလောင်မှုကြောင့် အရေပြားသည် နှစ်နာရီမှခြောက်နာရီအတွင်း အနီရောင်သန်းလာပါသည်။ ထို့နောက် တစ်ရက်မှသုံးရက်အတွင်း ရောဂါခံစားရမှုပိုမိုပြင်းထန်လာပါသည်။

**ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုများလေလေ အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေပိုများလေ**

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပိုမိုများလေလေ နေလောင်ဒဏ် ပိုမိုပြင်းထန်လာလေလေပင်ဖြစ်သည်။ အသားအရေချောမွေ့ပြီး အဖြူရောင်သန်းသူများသည် အသားမဲသူများထက်နေလောင်ဒဏ်ပို၍ ခံစားရသည်။ အသားအရေချောမွေ့သူများသည် နေရောင်ခြည်နှင့် ၁၁ မိနစ်ခန့်ထိတွေ့ရုံမျှဖြင့် နေလောင်ဒဏ် ခံစားရနိုင်ပါသည်။ နေလောင်ဒဏ်ခံစားရသူများသည် နဂိုမူလအသားအရေအတိုင်း ပြန်မဖြစ်နိုင်သည့်အပြင် နောက်ပိုင်းတွင် အရေပြားကင်ဆာ အထိပါခံစားရနိုင်ပါသည်။ သက်ရှင်နေထိုင်စဉ်ကာလအတွင်း ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုများလေလေ အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေပိုများလေလေပင်ဖြစ်သည်။ ထို့အပြင် မျက်လုံးရောင်ရမ်းခြင်း၊ အမြင်မှုန်ဝါးခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ အသားအရေပေါ်တွင်အစက်အပြောက်များဖြစ်ပေါ်ခြင်း၊ အသားအရေများ ကြမ်းတမ်းမာကျောလာခြင်းတို့ကိုပါ ဖြစ်ပေါ်ခံစားရပါသည်။

**စာမျက်နှာ ၂၆ သို့**

> အပူဒဏ်ကိုအံတုနိုင်ရန်သည် သဘာဝကပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံး. . သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက်ကာကွယ်နိုင်. . ထန်းရွက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သောအဆောက်အအုံများပင်ဖြစ်. . .

# သင်္ကြန်နှင့်ဘီယာ

ဖေသက်ထွန်း

" အင်္ဂလန်တို့ အမေရိကန်တို့လို နိုင်ငံများမှာ ရောက်ရှိနေကြသည့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မြန်မာနှစ်သစ်ကူးချိန် ကျရောက်တိုင်း ဘုန်းတော်ကြီးကျောင်းများမှာ လူစုပြီး မုန့်လုံးရေပေါ်လုပ်စားကြ၊ ရွှေရင်အေးလုပ်စားကြ၊ မုန့်ဟင်းခါးလုပ်စားကြ စသည်ဖြင့် မြန်မာတို့၏ ရိုးရာအစားအစာများကို လုပ်စားကြရင်း တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ ရေကစားကြပုံများကို ဂျာနယ်စာစောင်များတွင် ဖတ်ရှုရပါသည်။ မြန်မာနိုင်ငံတွင်လည်း ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများကသာ ကြီးမှူးကျင်းပပေးနိုင်လျှင် ကောင်းလိမ့်မည်ဟု စဉ်းစားမိပါသည်။ "

ယနေ့ခေတ် မြန်မာတို့၏နှစ်သစ်ကူး ရိုးရာသင်္ကြန် ရေကစားသူအများစုသည် ဘီယာနှင့်မကင်းဖြစ်နေကြပြီး သင်္ကြန်နှင့်ဘီယာ၊ ဘီယာနှင့် သင်္ကြန်ကာလသည် ရောထွေးလျက်ပင်ရှိနေပေပြီ။

သင်္ကြန်ကာလ ရေကစားကြသော ယောကျ်ားလေး၊ မိန်းကလေး အများစုသည် အနည်းဆုံးတော့ ဘီယာ သောက်ထားလေ့ရှိကြသည်။ လွန်ခဲ့သောဆယ်နှစ်ဝန်းကျင်ခန့်က နှစ်နှစ်၊ သုံးနှစ်ဆက်တိုက် ကန်တော်ကြီးပတ် လည်တစ်ဝိုက်တွင် တစ်ရက်တစ်ရက် ဘီယာဘူးခွံ အမှိုက်သယ်ကားဖြင့် တစ်စီးတိုက်ခန့် ရရှိတတ်ကြောင်း ကြားသိခဲ့ဖူးပါသည်။ ထိုတုန်းက နေရာတိုင်းလောက်၌ ခုံလေးတွေ၊ စားပွဲလေးတွေချပြီး ဘီယာ၊ ရေသန့်ဘူးနှင့် ရေခဲများရောင်းချခဲ့လေ့ရှိပုံများကို ယနေ့ထိ မျက်စိထဲမြင်နေဆဲဖြစ်သည်။ နောက် အာဏာပိုင်များက လိုက်သိမ်း၍ထင်သည်။ ထိုခုံလေးများ၊ စားပွဲလေးများဖြင့် လမ်းဘေး ဘီယာရောင်းချသူများ ပျောက်ကွယ်သွားခဲ့သည်။

မြန်မာနိုင်ငံ၌ သင်္ကြန်ကာလကျရောက်တိုင်း ကားတိုက်မှုအများဆုံးတွေ့ရသည်။ ယာဉ်ရော၊ လူရောထိခိုက်မှုများရှိသည်။ မမူးဘဲမောင်းသူများရှိသလို မူးပြီးမောင်းသူများလည်းရှိသည်။ ပျော်ကြ၊ ပါးကြ၊ စကြ၊ နောက်ကြရာမှ အစလွန်၊ အနောက်လွန်၊ အမူးလွန်နေကြပြီး ပြဿနာတက်တာတွေလည်းရှိသည်။ သင်္ကြန်ကာလမှာ ဒဏ်ရာရသူများလည်း ရှိသလို လူသေမှုများလည်းရှိသည်။

မြန်မာတို့၏ နှစ်သစ်ကူး ယဉ်ကျေးမှုရိုးရာသင်္ကြန်ကို အနှစ်သာရရှိရှိ ကျင်းပဖို့ အဓိကတာဝန်ရှိသူမှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပင်ဖြစ်သည်။ မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်၏ ရေကစားခြင်း ယဉ်ကျေးမှုကား ပုဂံခေတ်ကပင် အလွန်ထင်ရှားနေပြီဖြစ်သည်။ ရေခွက်ဖြင့် ရေပက်ပြီးကစားကြခြင်းဖြင့် မိန်းကလေး၊ ယောကျ်ားလေးတစ်ဦးကိုတစ်ဦး ကျီစယ်သည့် အလေ့ဖြစ်သည်။ စရိုက်ကြမ်းရှိသူတို့က ရေပက်ခြင်းဖြင့် ခပ်ကြမ်းကြမ်းကစားတတ်ကြပေမည်။ သိမ်မွေ့နူးညံ့သူများက မိန်းကလေး၊ ယောကျ်ားလေးတစ်ဦးကိုတစ်ဦး ရေခွက်ကိုစောင်းပြီး ရေလောင်းတတ်ကြသည်။ ထိုအရာသည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပင်ဖြစ်သည်။ မွန်လူမျိုးတို့၏ ရိုးရာသင်္ကြန်ကျင်းပပုံများကို မမြင်ဖူးပေမယ့် ရခိုင်တို့၏ ရိုးရာသင်္ကြန်ကျင်းပပုံများကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူကွင်း၌ ကျင်းပခဲ့စဉ်က မြင်ဖူးခဲ့ပါသည်။ မနှစ်ကတော့ သုဝဏ္ဏကွင်းမှာ ကျင်းပပါသည်။ မိန်းကလေး၊ ယောကျ်ားလေးများ၏ ယဉ်ကျေးစွာ ရေကစားနေကြသည်မှာ အလွန်အားကျစရာကောင်းပါသည်။ ရိုးရာယဉ်ကျေးမှုအရ ယောကျ်ားလေးက မိန်းကလေးကို ပက်ချင်သလို ပက်ခွင့်မရပါ။ အစဉ်အလာအရ မိန်းကလေးထံ ယောကျ်ားလေးက 'မရီးရေပေးပါ'ဟု ပြောဆိုရေတောင်းပြီး မိန်းကလေးက ရေပေးပါမှ ထိုမိန်းကလေးကို ယောကျ်ားလေးက ရေလောင်းခွင့်ရပါသည်။ နှစ်ပေါင်းထောင်နှင့်ချီ ကြာလာပြီဖြစ်သော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ကို ယခုခေတ်တွင် ရခိုင်လူမျိုးများနှင့် ဂုဏ်သရေရှိ အစိုးရအသိုင်းအဝိုင်းများ၌သာ တွေ့ရပါတော့သည်။

ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်သည် ဘာသာရေးနှင့် ယှဉ်တွဲလျက်ရှိသည်။ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံတိုင်း ကျင်းပကြသည်။ သင်္ကြန်အချိန်အခါ၌ အမျိုးသားအမျိုးသမီးတိုင်းက ဆွမ်းအုပ်နှင့် ပန်းများကိုင်ဆောင်ကြလျက် ဘုန်းတော်ကြီးကျောင်းများတွင် ရှစ်ပါးသီလခံယူပြီး ဥပုသ်ဆောက်တည်တတ်ကြသည်။ ထိုဥပုသ်ဆောက်တည်ပြီး အပြန်ကျမှ ထိုဥပုသ်သည်ကို ရေလောင်းလေ့ရှိကြသည်။

'သင်္ကြန်ကျလို့ ရေပက်တယ်
အစ်မရေ စိတ်မဆိုးနဲ့
သိကြားမင်းက မှာလိုက်တယ်
ဥပုသ်သည်ကို နာနာပက်ကြ' ဟု ငယ်ငယ်က ဆိုခဲ့ဖူးပါသည်။

အင်္ဂလန်တို့ အမေရိကန်တို့လို နိုင်ငံများမှာ ရောက်ရှိနေကြသည့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မြန်မာ နှစ်သစ်ကူးချိန် ကျရောက်တိုင်း ဘုန်းတော်ကြီးကျောင်းများမှာ လူစုပြီး မုန့်လုံးရေပေါ်လုပ်စားကြ၊ ရွှေရင်အေးလုပ်စားကြ၊ မုန့်ဟင်းခါးလုပ်စားကြ စသည်ဖြင့် မြန်မာတို့၏ ရိုးရာအစားအစာများကို လုပ်စားကြရင်း တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ ရေကစားကြပုံများကို ဂျာနယ်စာစောင်များတွင် ဖတ်ရှုရပါသည်။ မြန်မာနိုင်ငံတွင်လည်း ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများကသာ ကြီးမှူး ကျင်းပပေးနိုင်လျှင် ကောင်းလိမ့်မည်ဟု စဉ်းစားမိပါသည်။ ထိုသို့ ကျင်းပနိုင်ခဲ့လျှင် ငယ်ရွယ်နုပျိုသူ ယောကျ်ားလေး မိန်းကလေးများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စောင့်ရှောက်နိုင်ကြပေမည်။ ယနေ့ ရေကစားမဏ္ဍပ်ကြီးများကို ကုမ္ပဏီကြီးများက တာဝန်ယူဆောက်လုပ်ကြပြီး လူငယ်များကို တင်းကျပ်သည့် စည်းကမ်းထိန်းသိမ်းမှုမျိုး နည်းကြကာ အချို့ရေကစားမဏ္ဍပ်များနောက်ကျော၌ ခွက်ပုန်းခုတ်သောက်သူများလည်း ရှိနေတတ်သည်။ ပြီးခဲ့သည့် သုံးနှစ်ခန့်က စပြီး ကြားလာရသည်ကား မူးယစ်ဆေးဝါးနှင့်ကာမစိတ်ကြွဆေးများ ပါလာကြခြင်းပင်ဖြစ်သည်။ ရေကစားရောက်လာကြသည့် အမျိုးသမီးငယ်လေးများကို ဘီယာသို့မဟုတ် အဖျော်ရည်တိုက်သည်။ ယင်းမိန်းကလေးက ထိုအရည်ကိုသောက်ပြီး စိတ်ကြွကာ မြူးထူးကခုန်ပွဲကြမ်းလာတတ်သည်။ ထိုသို့ ဖြစ်လာလျှင် အမျိုးသားတစ်ဦးဦးက စင်နောက်ခေါ်ဆောင်သွားပြီး အသင့်စီမံထားသည့် အခန်းတွင်းတွင် ကာမမှုကျူးလွန်တတ်တော့သည်။ ၂၀၁၅ ခုနှစ်က ဖြစ်မည်ထင်သည်။ ကိုယ်တိုင်တွေ့ကြုံခဲ့ရသည့် အမျိုးသမီးတစ်ဦး သူ့အဖြစ်မှန်ကို သတင်းစာတစ်စောင်၌ ဖွင့်ချခဲ့ရာတွင် 'အဲဒီဆေးပါတဲ့ ဘီယာသောက်မိလိုက်တဲ့အချိန်ကစပြီး ဘာဆိုဘာမှမသိတော့ဘဲ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားခဲ့တယ်။ အိမ်ကို ဘယ်လိုပြန်ရောက်တယ်ဆိုတာလည်း မသိတော့ဘူး။ မနက်နိုးလာတော့ ခေါင်းတွေတအားကိုက်နေတယ်။ နောက်သုံးလလောက်ရှိလို့ ဆေးစစ်ကြည့်လိုက်တော့ သူ့မှာ ကိုယ်ဝန်ရှိနေတာကို သိလိုက်ရတယ်။ အဲဒီကိုယ်ဝန်ဟာ ဘယ်သူနဲ့ရတယ်ဆိုတာကို မမှတ်မိဘူး'တဲ့။ ထို့ကြောင့် ယင်းအမျိုးသမီးလေးသည် နောက်တစ်နှစ်သင်္ကြန်ကစပြီး ရက်ရှည်တရားစခန်းတွေပဲ ဝင်ဖြစ်သည့်အကြောင်း၊ အခြားမိန်းကလေးများကိုလည်း သူ့လိုမဖြစ်အောင် သတိထားကြဖို့နှင့် တရားစခန်းများမှာသာ အချိန်ကုန်စေဖို့ တိုက်တွန်းထားသည်ကို ဖတ်လိုက်ရပါသည်။

ယခုနှစ်နှစ်လောက်တော့ ရှိမည်ထင်သည်။ မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများကို သင်္ကြန်မတိုင်မီ တာဝန်ရှိသူများက အချိန်မီဖမ်းဆီးအရေးယူနိုင်ခဲ့ကြသည်။ မူးယစ်ဆေးနှင့် ကာမစိတ်ကြွဆေးများသင်္ကြန်နှင့်အတူ အများဆုံးစီးမျောလာနေကြသည်။ အမျိုးသမီးငယ်များကဘာမှမသိ ပျော်ရွှင်ချင်တာပဲ သိခဲ့ကြသည်။ ပျော်ချင်သလိုပျော်၊ မူးချင်သလိုမူး၊ ရူးချင်သလို ရူးပြီး နောက်ဆုံး ဖုံးမရဖိမရကြီးကဘူးပေါ်သကဲ့သို့ ပေါ်လာခဲ့တော့ မိဘများ မျက်နှာအိုးမဲသုတ်နေခဲ့ကြရသည်။ ရှက်ရသည့်အဖြစ်ကတော့ လောကကြီးမှ ထွက်သွားရလောက်အောင်ကိုပင်။

ထို့ကြောင့် မိန်းကလေးများ သင်္ကြန်ကာလတွင် သူတစ်ပါးတိုက်သည့် အရက်၊ ဘီယာ၊ အချိုရည်များ မသောက်သုံးမိဖို့နှင့် အပျော်ထွက်လိုလျှင်လည်း မိသားစုနှင့် သာသွားကြဖို့ ရေးသားတင်ပြလိုက်ရပါသည်။ မြန်မာပြည်၏ ရိုးရာအတာသင်္ကြန်သည် သင်္ကြန်နှင့် ဘီယာ၊ ဘီယာနှင့် သင်္ကြန် ရောထွေးနေ၏သို့သာ. . .။ ။

# နွေရာသီအပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ...

စာမျက်နှာ ၂၅မှ

နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပါက ကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ကာကွယ်ရာတွင် UV ကာကွယ်သည့် ခရင်(မ်)များလိမ်းခြင်း၊ နေကာမျက်မှန်တပ်ခြင်း၊ ချောင်ချိသော အဝတ်အစားများဝတ်ဆင်ခြင်း၊ နေလောင်ဒဏ်ကာကွယ်မှုပေးသည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အရိပ်အောက်တွင်နေထိုင်ခြင်းနှင့် ပူပြင်းသည့်နေရောင်ခြည်အောက်တွင်သွားလာခြင်းမှတတ်နိုင်သမျှ ရှောင်ရှားခြင်းများ ပြုလုပ်သွားသင့်ပါသည်။ အထူးသဖြင့် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည် မွန်းတည့်ချိန်တွင် အများဆုံးဖြစ်သည်။ တတ်နိုင်ပါကနံနက် ၁၀ နာရီမှမွန်းလွဲ ၂ နာရီအချိန်အတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမခံရအောင်ရှောင်ရှားသွားသင့်ပါသည်။

ထိုအချိန်မျိုးတွင် မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေရောင်ခြည်ကာကွယ်ပေးနိုင်သည့် ခရင်(မ်)များလိမ်းခြင်း၊ နေကာမျက်မှန်၊ ထီးနှင့်ဦးထုပ်များ ယူဆောင်သွားသင့်ပါသည်။ ကလေးများသည် လူကြီးများထက် နေရောင်ခြည်နှင့် ထိတွေ့မှုအချိန်ပိုများသဖြင့် နေကာမျက်မှန်နှင့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ ဝတ်ဆင်ထားကြရန် ကြပ်မတ်ပေးသင့်ပါသည်။ အရောင်ရင့်သည့် အဝတ်အထည်များသည် အရောင်ဖျော့သည့်အဝတ်အထည်များထက် နေလောင်မှုဒဏ်ကိုပိုမိုကာကွယ်ပေးနိုင်သည်။

အောက်ခြေလူတန်းစားများသည် စား၊ ဝတ်၊ နေရေးအတွက် နေ့စဉ် မလွှဲမရှောင်သာ ရုန်းကန်လှုပ်ရှားနေရမည်သာဖြစ်သည်။ ထိုသို့လုပ်ငန်းခွင်ဝင်ရာတွင်လည်း ပူပြင်းသောနေရောင်အောက်၌သာ အများဆုံး လုပ်ကိုင်ကြရသဖြင့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်သည်ရှောင်လွှဲ၍မရသော ခြိမ်းခြောက်မှုကြီးပင်ဖြစ်နေသည်။ ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှရှောင်ရှားသွားရန်သည် နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တတ်နိုင်ပါက နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအချိန်အတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်းကိုရှောင်ရှားသွားသင့်ပါသည်။ ထိုသို့ မရှောင်နိုင်ပါကလည်း ခရမ်းလွန်ရောင်ခြည် အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်တပ်ခြင်း၊ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်လျက် လုပ်ငန်းခွင်ဝင်သင့်ပါသည်။

နည်းပညာများအံ့မခန်းတိုးတက်လာသောကမ္ဘာကြီးတွင် အစွန်းရောက်ရာသီဥတုကို ကျွန်ုပ်တို့ လူသားများ ကြုံတွေ့ခံစားလာရပြီဖြစ်သည်။ သစ်ပင်များကို လွန်ကဲစွာ ခုတ်လှဲခြင်း၊ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာထဲသို့ ဓာတုအဆိပ်အတောက်ပစ္စည်းများ စွန့်ပစ်ခြင်း၊ မြေပေါ်မြေအောက်အပါအဝင် အာကာသထဲသို့ပင် ချိုကလီးယား လက်နက်များ ပစ်ခတ်စမ်းသပ်ခြင်းစသည့် လူသားတို့၏ အတ္တပယောဂများကြောင့် ကမ္ဘာကြီးသည် တစ်နေ့တခြား ကျန်းမာရေးချူချာလာနေပြီဖြစ်သည်။ နွေရာသီတွင် အပူလှိုင်းဖြတ်ခြင်း၊ မိုးရာသီတွင် မိုးခေါင်ခြင်း၊မိုးသည်းထန်ခြင်း၊ ဆောင်းရာသီတွင် အအေးလှိုင်းဖြတ်ခြင်းစသည့်အစွန်းရောက်ရာသီဥတုများကိုဆက်တိုက် ကြုံတွေ့လာကြရပြီဖြစ်သည်။ ထို့ကြောင့်ကျွန်ုပ်တို့အားလုံးအချိန်မီပြုပြင်သွားကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ခြုံ၍ဆိုရလျှင် "အသက်ကိုဉာဏ်စောင့် ဉစ္စာကိုကံစောင့်" ဆိုသလို နွေရာသီအပူဒဏ်နှင့်ခရမ်းလွန်ရောင်ခြည် အန္တရာယ်အောက်တွင်ကျန်းမာစွာ ဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများမှန်ကန်ဖို့လိုပါသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကိုဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင် ပြင်ဆင်မှုများပြုလုပ်ထားရန်လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ခံနိုင်ရန်အတွက်သဘာဝနည်းကိုသာအသုံးပြုသင့်သည်။ ဆိုလိုသည်မှာ သဘာဝကျကျနေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ သဘာဝလွန် အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကိုများစွာထိခိုက်စေနိုင်ပါသည်။ ထို့အပြင်နွေရာသီတွင်နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည်လည်း နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ လူကိုအန္တရာယ်ဖြစ်စေနိုင်သော ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှ ကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ကြိုတင် ကာကွယ်ဆင်ခြင်နေထိုင်ခြင်းမရှိပါက မျက်လုံးရောင်ရမ်းခြင်းနှင့်နေလောင်ဒဏ်တို့ကို ခံစားရပြီး နောက်ဆုံးတွင် အရေပြားကင်ဆာရောဂါအဆင့်အထိပြင်းထန်စွာ ခံစားလာရမည်ဖြစ်သည်။ ထို့ကြောင့်နွေရာသီတွင် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုကာကွယ်နိုင်ရေးအတွက် အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်များတွင်နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှရှောင်ရှားသွားသင့်ပါသည်။ ထိုနေရောင်ခြည်အောက်သို့ မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေကာမျက်မှန်နှင့်လုံခြုံသောအဝတ်အစားများကိုသာ ဝတ်ဆင်သွားလာသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# နွေရာသီကာလနှင့်လိုက်ဖက်ညီထွေသော ဆေးဖက်ဝင်ကင်ပွန်းချဉ်ပင်

ဖွဲ့ထက်ရှင်



မြန်မာနိုင်ငံ၏ ပူပြင်းခြောက်သွေ့သော နွေရာသီကာလနှင့် လိုက်ဖက်ညီထွေသော အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်သည့် အပင်တစ်မျိုးမှာ ကင်ပွန်းချဉ်ပင်ဖြစ်ပြီး ကျန်းမာသူများအတွက် အာဟာရဖြစ်၍ မကျန်းမာသူများအတွက်လည်း ဆေးဝါးအစာ အစာလည်းဆေးဖြစ်သည့်အပြင် ကျန်းမာရေးဓာတ်စာအတွက်လည်း ကင်ပွန်းချဉ်ကို တန်ဖိုးနည်းစွာဖြင့် မိသားစုများ လွယ်ကူစွာဖြင့် ချက်ပြုတ်စားသုံးနိုင်ကြပါသည်။

မြန်မာနိုင်ငံရှိဒေသအနှံ့အပြားတွင် ပေါက်ရောက်ကြပြီး ပေါက်ရောက်ပုံမှာ သဘာဝအလျောက်လည်းကောင်း၊ စိုက်ပျိုးပင်အဖြစ်သော်လည်းကောင်း ပေါက်ရောက်ကြပါသည်။ တချို့ဒေသများတွင် ယာနှင့်လယ်စည်းရိုးတို့၌ မိသားစုအတွက်ဟင်းချက်ရန်နှင့် ခြံစည်းရိုးအဖြစ်ကာကွယ်ရန် စိုက်ပျိုးလေ့ရှိကြသည်။

ကင်ပွန်းချဉ်ပင်သည် နွယ်ပင်ယောင်ယောင်ချုံပင်မျိုးဖြစ်၍ ပျော့ပျောင်းသောပင်စည်နှင့်အရွက်များရှိရိုးတံတို့တွင် ဆူးများရှိသည်။ အခက်စိမ်းများ၌ နီမှိုင်းမှိုင်းအရောင်အဆင်းရှိကြသည်။ အရွက်သေးငယ်ကာရွက်ထိပ်ဝိုင်းပြီး အသီးများမှာ သီးတောင့်ရှည် မျိုးပြားဖြစ်၍ ဖြောင့်နေသည်။ အစေ့များကြားတွင် အဆစ်များဖြစ်ကာ ချိုင့်ဝင်နေသည်။ မြို့ရွာဒေသမရွေးအနှံ့အပြား သဘာဝအလျောက် အလေ့ကျပေါက်တတ်သည့် စားသုံးပင်လည်းဖြစ်သည့်ဟုလည်း ဆိုကြသည်။

ကင်ပွန်းချဉ်ပင်ကို ရုက္ခဗေဒအမည် Acacia conncinna DC ဟုခေါ်ပြီး မျိုးရင်း MIMOSACEAE ဖြစ်သည်။ အခေါ်အဝေါ်အရ မြန်မာအမည် ကင်ပွန်းချဉ်၊ အင်္ဂလိပ်အမည် Soap Acacia၊ ပါဠိအမည် သတ္တလာ၊ သက္ကတအမည် သာတ္တလာ၊ မွန်အမည် Sot lapoot ဟုခေါ်ဝေါ်ကြောင်း ဆေးဖက်ဝင် ကင်ပွန်းချဉ်၏ ရုက္ခဗေဒအမည်မှာ အေကာစီယာ ကွန်စင်းနား (Acacia conncinna) ဖြစ်သည်။ သမားလက်စွဲခေါ် ဆေးအဘိဓာန်အဖွင့်ကျမ်းတွင်" ကင်ပွန်းရွက်သည် အပူကြောင့်ဖြစ်သော အခိုးအကင်းကိုလည်းကောင်း၊ ဝမ်းရပ်ခြင်းကိုလည်းကောင်း ပြုတတ်၏။ သည်းခြေကို ငြိမ်းစေ၏" ဟု ဖော်ပြထားသည်။ ဤသို့ ပူပြင်းသော ရာသီဥတုနှင့် လိုက်ဖက်လှသော ဆေးဖက်ဝင်အပင်ဖြစ်ကြောင်း သိရှိရပါသည်။

အပင်၏ပုံသဏ္ဌာန်မှာ ဆူးရှိသော ချုံပင်ဖြစ်သည်။ ပင်စည်ပျော့သည်။ အပွင့်မှာ ပန်းခိုင်ထိပ်တွင် အပွင့်များစုပြုံပွင့်သည်။ အပွင့်အရောင်မှာ အဝါရောင်ဖြစ်သည်။ ပွင့်ညှာမဲ့သည်။ နွေရာသီကုန်ဆုံးကာနီးအချိန်မှ မိုးရာသီအထိ အပွင့်များပွင့်တတ်သည်။ အသီးမှာ ဆောင်းဥတုတွင် အသီးသီးသည်။ အစေ့၏ အရောင်မှာ အနက်ရောင်ဖြစ်သည်။ ၎င်းအပင်၏ အပွင့်အာနိသင်သည် ချို၏။ အေး၏။ လေသလိပ်၊ သည်းခြေကိုနိုင်၏။ အရွက်သည် ပူ၏။ ချဉ်၏။ အပူကြောင့်ဖြစ်သော အခိုးအကင်းကို ငြိမ်းစေ၏။ ဝမ်းကိုခိုင်သည်။ ထက်မြက်၏။ ကြေလွယ်၏။ အစာမကြေရောဂါကို ပျောက်စေ၏။ အသီးသည်ခါး၏။ အေး၏။ ဝမ်းသက်စေ၏။ ကျင်ငယ်များစေ၏။ သည်းခြေရှိ သလိပ်များကိုပယ်၏။ ဦးရေပြားကို အေးစေ၏။ ဆံပင်နက်ပြီး သန်စေ၏။ သန်းနှင့်ဘောက်ကို ဖျက်ဆီးတတ်သည်ဟု ဆေးကျမ်းများ၌ လေ့လာဖတ်ရှုရပါသည်။

ကင်ပွန်းချဉ်ပင်၏ ဆေးဖက်ဝင်အစိတ်အပိုင်းမှာ အရွက်နှင့် အသီးကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြကြောင်း အရွက်ကို ဟင်းလျာအဖြစ်လည်း စားသုံးကြကြောင်း သိရသည်။ အသုံးပြုပုံများမှာ လတ်ဆတ်သော သတ္တုရည်ကို အသည်းရောင် အသားဝါနှင့် သည်းခြေရောဂါတို့အတွက် အသုံးပြုကြောင်း အရွက်ပြုတ်ရည်သည် အဆီကိုကျစေနိုင်ကြောင်း ဖျဉ်းစွဲရောဂါ၊ ငှက်ဖျားရောဂါတို့အတွက်လည်း အသုံးပြုကြောင်းနှင့် ဝမ်းပျော့သောကြောင့် ဝမ်းသက်ဆေးများတွင်လည်း ထည့်သုံးကြကြောင်း သိရပါသည်။

ထိုင်းနိုင်ငံတွင် ခံတွင်းပျက်ခြင်းအတွက် နှုတ်မြိန်ဆေးအဖြစ် အသုံးပြုကြသည်။ ဆီးချိုရောဂါနှင့် အခြားဆီးနှင့်ပတ်သက်သော ရောဂါများတွင် အရွက်သတ္တုရည်သည် ဆေးစွမ်းကောင်းတစ်လက်ဖြစ်သည်။ အသီးနှင့်အရွက်ရော၍ ဝမ်းပျော့ဆေးများ၌ သုံးကြသည်။ အသီးကို မြွေဆိပ်ကုသရာ၌သုံးသည်။ လေဖျဉ်းရောဂါအတွက် အသီးများကို ပြုတ်၍ အသုံးပြုနိုင်သည်။ သွေးနှင့်ဆိုင်သောရောဂါနှင့် အစာအိမ်ရောဂါများ ပျောက်ကင်းစေသည်။ အသီးကိုပြုတ်၍ ခေါင်းလျှော်ပါက ပိုးနှင့်ဘောက်ပျောက်စေသည်။ ဦးရေကိုအေးစေ၍ ဆံပင်သန်ဆေးအနေဖြင့် သုံးသည်။ အသီးပြုတ်ရည်သည် ကိုယ်ဝန်ကိုသက်လျှောစေသည်။ နှလုံးရောဂါ၊ လေချုပ်ခြင်းနှင့် နူနာများကိုလည်း ပျောက်စေသည်။ အစေ့ကို အန်ဆေး၊ ချွဲယိုင်ဆေးများအဖြစ်သုံးကြသည်။ ကင်ပွန်းချဉ်တွင် Alkaloid နှင့် saponin ဒြပ်ပေါင်းများ ပါဝင်သည်ဟုလည်း သိရသည်။

ကင်ပွန်းချဉ်ပင်သည် အသည်းအတွက် အစွမ်းထက် အသုံးဝင်သည်။ ကင်ပွန်းချဉ်အရွက်ကို ဟင်းချိုချက်သောက်ခြင်း၊ အချဉ်ရည်သောက် ချက်ပြုတ် စားသုံးခြင်း၊ ကြော်စားခြင်း၊ မီးကင်စားခြင်းများ ပြုလုပ်စားသုံးနိုင်ပါသည်။ အရွက်နုနုကို ငရုတ်ကောင်း အရည်တွင် စိမ်၍ ဆား၊ မန်းကျည်းသီး၊ ငရုတ်သီးနှင့် ရောထောင်း၍ တိုက်ကျွေးလျှင် အသည်းရောင်အသားဝါရောဂါ၊ သည်းခြေရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်ပါသည်။ အရွက်နုကိုကြိတ်ပြီး အသည်းရောင်သည့် နေရာကို စိတ်ရှည် လက်ရှည် လိမ်းပေးပါက ရောဂါသက်သာသည်ဟုလည်း လေ့လာသိရှိရသည်။

ကင်ပွန်းချဉ်အရွက်နုကို ညက်အောင်ထောင်း တစ်ညသိပ်ပြီး သကြားအနည်းငယ်ထည့်၍ ရေကျက်အေးနှင့် နေ့စဉ်မှန်မှန် သောက်ပေးပါက အဖျဉ်းရောဂါပျောက်ကင်းစေကြောင်း ကိုယ်ဖော၊ ကိုယ်ရောင်၊ အူရောင်၊ မြင်းသရိုက်၊ လေနာ၊ မြစ်ခြောက်ကပ်နာ စသည် တို့ကိုလည်းနိုင်သည်။ ၎င်းကို ရေနွေးဖျော၍ သောက်က ဝမ်းချုပ်၊ လေချုပ်ပျောက်ကင်း၍ ဝမ်းပျော့၊ ဝမ်းမှန်စေသည်။ ဝမ်းဗိုက်လေပွ လေထခြင်းကို တန့်စေသည်။ လေနာ၊ လေအောင့်၊ လေထိုး၊ လေစူးသက်သာသည်။ ကင်ပွန်းရွက် ဟင်းချိုသည် လူနှင့် အခါခပ်သိမ်း တည့်သည်။ ကိုယ်တွင်းအပူကို ငြိမ်းစေသည်။ ကျောက်ကပ်ကို အားပေးသဖြင့် ဆီးရှင်သည်။ ဆီးပူ၊ ဆီးအောင့်၊ ညောင်းကျ၊ ပန်းသေ၊ ပန်းညှိုးမှ အစကောင်းမွန်သည်။ သွေးသားကို သန့်စင်စေသဖြင့် ရုပ်ဆင်းအင်္ဂါ နုပျိုကြည်လင်ကာ အဆီကျ ပေါ့ပါးစေပါသည်။ ငှက်ဖျားရောဂါ၊ အစာအိမ်ရောဂါ၊ သွေးနှင့် ဆိုင်သော ရောဂါ၊ အဖြူကွက်ထ ရောဂါရှိသူတို့ အနေဖြင့် ကင်ပွန်းချဉ်အမြဲစားသုံးသင့်သည်။ နှလုံးရောဂါရှိသူအား ကင်ပွန်းချဉ်ငါးကျပ်သား၊ ထန်းလျက် ၁၀ ကျပ်သား၊ ဆားအသင့်အတင့်နှင့် ကျို၍ တစ်နေ့သုံးကြိမ် မှိဝဲ စေသင့်သည်။ နာလန်ထစ လူမမာအား ကင်ပွန်းရွက်ဟင်းချိုနှင့် ထမင်းပူပူတွင် နှပ်ထားသော ငါးပုပ်ခြောက်တို့နှင့်အတူ ကျွေးပါက စားရသူ လူမမာ အလွန်အဆင်ပြေသည်။

ကင်ပွန်းရွက်ကို အသားငါး တစ်မျိုးမျိုးနှင့် ရောနှော၍ ကြော်စားလျှင် ထမင်းမြိန်ပါသည်။ အစာလမ်းကြောင်း မကောင်းသူများ၊ အစာမကြေရောဂါရှိသူများနှင့် အူရောင်ရောဂါရှိသူများအတွက် ကင်ပွန်းချဉ်ကို အချဉ်ချက်ပြုတ်စားပေးရန် လိုအပ်ပါသည်။

ကင်ပွန်းရွက်နုကို အမှုန့်ရအောင် လှီးပြီး ကြက်သွန်ဖြူ ဆိတ်ဖူး၊ နနွင်း၊ ဆား၊ ငါးပိ၊ ပုစွန်ခြောက်မှုန့်၊ သီဟိုဠ်စေ့သင့်ရုံထည့်၍ ဆီဖြင့် နှံ့အောင်နယ်ပြီး ဂျုံမှုန့်နှင့် အနေတော်ဆုပ်နယ်ကာ မီးပြထားသော ရဲယိုရွက်နှင့် ထုပ်၍ငှက်ပျောရွက်ဖြင့် ထပ်မံထုပ်ပြီးနောက် ညှပ်ဖြင့် အထက်အောက်လှန် မီးကင်ပေးလျှင် အနံ့သင်းသင်း ကင်ပွန်းရွက်ကင်ကို ရရှိပါသည်။ ၎င်းကို နေမကောင်းသူများ၊ ခံတွင်းပျက်သူများအား ဓာတ်စာဆေးဝါးအဖြစ် စားသုံးစေနိုင်ပါသည်။

ကင်ပွန်းရွက်ရင့်ရင့်ကို ဆားအနည်းငယ်ဖြင့် ညက်အောင်ထောင်းပြီး ၎င်းသတ္တုအရည်ကို အနည်အဖတ်ကင်းစင်သန့်ရှင်းအောင် အဝတ်ပါးပါးနှင့် စစ်ယူ၍ မျက်စဉ်းခတ်ပေးလျှင် မျက်စိနာ၊ မျက်ရိုးကိုက် ကင်းစင်စေပါသည်။ မျက်ရည်ပူနှင့် အခိုးအငွေ့ထွက်သဖြင့် မျက်စိ ကြည်လင်စေသည်။ ကင်ပွန်းချဉ်အသီးကို ပြုတ်၍ ဝမ်းပျော့ဆေးအဖြစ် သုံးနိုင်ပြီး အသီးကို အမှုန့်ဖြစ်အောင်ကြိတ်၍ အရေပြားရောဂါများကို လိမ်းပေးနိုင်ပါသည်။ စိန်နှင့် သံပရာရောစားမိပါက ကင်ပွန်းသီးပြုတ်ရည် လက်ဖက်ရည် ပန်းကန်တစ်လုံးခန့်ကိုတိုက်ပေးခြင်းဖြင့် ပြန်အန်ထွက်စေပါသည်။ မြွေဆိပ်ကုဆေးဖော်စပ်ရာတွင်လည်း ကင်ပွန်းသီးကို အသုံးချနိုင်ပါသည်။ ၎င်းအသီးပြုတ်ရည်ကို တရော်ပင် အခေါက်နှင့်တွဲ၍ အမျိုးသမီးများက ဆံပင်သန်ဆေးအဖြစ် ခေါင်းလျှော်လေ့ရှိကြသည်။ ကင်ပွန်းသီး ပြုတ်ရည်က ဆံပင်တွင် ကပ်ငြိနေသော ကြေးညှော်ကို တိုက်ချပေးသည့်အပြင် ဦးရေကို အေးစေသဖြင့် အနံ့အသက်ကင်းသန့်ရှင်းပြီး ဆံပင်သန်စွမ်းဖြောင့်စင်း၍ မည်းနက်စေပါသည်။ မြန်မာနှစ်ဦး နှစ်သစ်ချိန်ခါ ခေါင်းလျှော်ခြင်းဓလေ့ အစဉ်အလာတွင် တရော်ကင်ပွန်း အသုံးပြုသည်ကို တွေ့ရသည်။

ဤကဲ့သို့ မြန်မာနိုင်ငံ၏ပူပြင်းခြောက်သွေ့သော နွေရာသီကာလနှင့် လိုက်ဖက်ညီထွေသော အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်သော အပင်တစ်မျိုးဖြစ်သည့် ကင်ပွန်းချဉ်ပင်ကို စီးပွားဖြစ် စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**နှလုံးရောဂါရှိသူအား ကင်ပွန်းချဉ်ငါးကျပ်သား၊ ထန်းလျက် ၁၀ ကျပ်သား၊ ဆားအသင့်အတင့်နှင့် ကျို၍ တစ်နေ့သုံးကြိမ် မှိဝဲစေသင့် . . .**

**ဖမ္မးခနုမင်္ဂလာဓတောင်းဆုလွှာ**

နန့်ကဗျာသွယ် ၏ (၁၅. ၄. ၂၀၁၇) ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်ခင်ပွန်း-အောင်မြတ်ကျော်
ချစ်သမီး-မေသင်းကဗျာ၊ ချစ်သား-ထက်ဦးဝေယံ

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**Myanmar Culture Land Travel & Tour**
ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်ကမ်းခြေ-မျှော်ရစ် (၅ ရက်) April-17,28 210,000 Ks
မြဝတီ-မဲဆောက်-ဘားအံ (၄ ရက်) April-28 150,000 Ks
အမှတ်(၇၉၇)၊ အခန်း (၉၀၁/A), MAC Tower, ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း:09-799601085, 09-445459946, 09-975809322,09-251045076

**ရွှေထိပ်တန်း** ● ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ခမီ၊ ဇက်ခဲ
+ ဘလောင်းတော်ကာသပ၊ မန္တလေး၊ ပြင်ဦးလွင်၊ ဆစ်ကိုင်း၊ မိုးညှင်း
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း၊ မွေ့တော်ကတ္တူ
01-701015, 09-5403844, 09-5044830 ကားမျိုးစုံငှားရမ်းနိုင်ပါသည်



**BBA**
EMBA . MBA . PhD
အများယုံကြည်မှုကို ရရှိထားသော တစ်ခုတည်းသော BBA ဘွဲ့ကို မိမိဘဝအတွက် ရယူလိုက်ပါ။
**Bachelor of Business Administration(Hons)**
MYANMAR INSTITUTE OF EDUCATION
GATEWAY TO SUCCESS
· 3.5 Years (9 Semesters) / ၃နှစ်ခွဲကြာမြင့်ပါမည်။
· May 2017 Intake အတွက် စတင်စာရင်းပေးသွင်းနိုင်ပါသည်။
· တနင်္လာနေ့မှဗုဒ္ဓဟူးနေ့အထိ တစ်ပတ် ၃ ရက်တက်ရောက်ရပါမည်။
· အာရှ (၃၅)နိုင်ငံမှ အသိအမှတ်ပြု Asia e University, Malaysia မှ ဘွဲ့ကို ရရှိပါမည်။
· သင်တန်းကြေးကို CB BANK Education Loan ဖြင့် လစဉ် အရစ်ကျပေးသွင်းနိုင်သည်။
START YOUR BBA JOURNEY TODAY FROM AS LOW AS MMK 150,000!
၂၀၁၇ မေလ ၄ရက် နောက်ဆုံးထားပြီး ကျောင်းအပ်နိုင်ပါသည်။
AeU asiaeuniversity
CALL US NOW! 09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia, recognized by 34 ACD countries. www.aeu.edu.my

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို ဝင်ရောက်အဆိုပြု တင်ပြနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | မီးစက်<br>Sound Proof (500 KVA)<br>Original Cummins Diesel Engine<br>(Water Cool Type)<br>Original Stamford Dynamo Brushless System<br>100% Copper, A.V.R Type<br>Original A.M.F 20 InteliLite Controller System<br>With A.T.S Post System<br>Country of Origin U.S.A<br>Brand New Generator | 1 No |
| (ခ) | Water Cooler | 12 Nos |
| (ဂ) | Air Con (1.5)HP | 8 Nos |
| (ဃ) | Computer<br>(ProcessorIntel® Core™ i7)<br>CPU @ 3.40 GHz,RAM-4.00GB,<br>System-64 bit, DDR-500GB,<br>Monitor-20", UPS-S1250P, DVD+RDL | 30 Sets |
| (င) | Laser Jet Printer | 8 Nos |
| (စ) | Digital Copier (45PPM)<br>(600×600 dpi Copy/Scan Resolution)<br>(1200×1200 dpi Printing Resolution) | 10 Nos |
| (ဆ) | Fax (Processor 365 MB) | 7 Nos |
| (ဇ) | Scanner (A4,Flatted scanner) | 2 Nos |
| (ဈ) | Wireless Microphone | 3 Nos |
| (ည) | ဖောက်စက်(လတ်) | 2 Nos |
| (ဋ) | ဖောက်စက်(ကြီး) | 3 Nos |
| (ဌ) | ချုပ်စက်(ကြီး) | 2 Nos |
| (ဍ) | ကွင်းဖောက်စက် | 1 No |
| (ဎ) | စက္ကူဖြတ်စက် | 1 No |
| (ဏ) | Cash Counting Machine<br>(1000 Speed-2500Speed, 29Kg) DFS-120,<br>Checking Money,Mix Function,<br>DD Function Printer with Slip | 1 No |
| (တ) | Cash Counting Machine (Desktop Type-<br>1000/1500/200/2400 Notes per minute) | 9 Nos |
| (ထ) | အရာထမ်းစားပွဲ (၆ပေ×၄ပေ×၂. ၅ပေ) (ကျွန်း) | 7 Nos |
| (ဒ) | အရာထမ်းစားပွဲ (၅ပေ×၃ပေ×၂. ၅ပေ) (ကျွန်း) | 14 Nos |
| (ဓ) | အရာထမ်းထိုင်ခုံ (၁. ၈ပေ×၁. ၆ပေ×၃. ၄ပေ) (ကျွန်း)<br>(လက်တင်ပါ) | 49 Nos |
| (န) | အရာထမ်းစားပွဲ (၄ပေ×၂. ၅ပေ×၂. ၅ပေ) (ကျွန်း) | 27 Nos |
| (ပ) | အရာထမ်းထိုင်ခုံ (၁. ၆ပေ×၁. ၆ပေ×၃ပေ) (ကျွန်း) | 41 Nos |
| (ဖ) | စားပွဲ (၁. ၈ပေ×၁. ၈ပေ×၂. ၆ပေ) (ကျွန်း) | 1 No |
| (ဗ) | စာအုပ်တင်စင် (၄ဆင့်) (၆ပေ×၁. ၅ပေ×၅ပေ) (သံစင်) | 1 No |
| (ဘ) | ဆက်တီတစ်ယောက်ထိုင်(ဆိုဖာ) | 16 Nos |
| (မ) | သံဗီရို(၃ပေ×၁. ၅ပေ×၆ပေ) | 30 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၄-၂၀၁၇ရက်မှ (၁၇-၅-၂၀၁၇)ရက်အထိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီး ဌာန၊ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ်စဉ်(က) နှင့် အမှတ်စဉ်(စ)တို့အတွက် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀ဝိ/-နှုန်းဖြင့်လည်းကောင်း၊ ကျန်အမှတ်စဉ်များအတွက် တင်ဒါပုံစံတစ်စောင်လျှင် ၂၀၀ဝိ/-နှုန်းဖြင့် လည်းကောင်း သတ်မှတ်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်နေရာ/နေ့ရက် - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (၁၉-၅-၂၀၁၇)ရက်၊ ၀၉း၃၀နာရီမှ (၁၂း၀၀)နာရီအတွင်း လာရောက်တင်သွင်းရမည်။

၄။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်/အချိန် - ၁၉-၅-၂၀၁၇ရက်၊ ၁၄း၀၀နာရီ။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၆၅၈၁၂၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## နေ့စားလပေးမူလတန်းပြ ဆရာ၊ ဆရာမ ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် မူလတန်းပြဆရာလိုအပ်သည့် မူလတန်းအဆင့်သင်ကျောင်းများ၌ မူလတန်းပြ(နေ့စားလပေး)အဖြစ် ခန့်ထားရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) မိဘနှစ်ပါးအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကိုယ်စိတ်နှစ်ပါးကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ဂ) Ph.D ဘွဲ့ရရှိသူများ(အသက်-၄၀နှစ်အောက်)
(ဃ) M.A,M.Sc ဘွဲ့ရရှိသူများ(အသက်-၃၅နှစ်အောက်)
(င) B.A, B.Sc ဘွဲ့ရရှိသူများ (အသက်-၃၀နှစ်အောက်)
(စ) တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများ၊ ကရင်၊ မွန်စသည့်တိုင်းရင်းသားကျေးရွာများမှ ဒေသခံများဖြစ်ပါက အနိမ့်ဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၃၀)နှစ်အောက်ဖြစ်ပြီး ဒေသခံဖြစ်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်တင်ပြရမည်။
(ဆ) မူလတန်းပြ(နေ့စားလပေး)ဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် တာဝန်ကျသည့်ဒေသ၌ အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင်သင်တန်းဆင်းလက်မှတ်ရရှိပါက မူလတန်းပြအဖြစ် အတည်ပြုခန့်ထားမည်ဖြစ်သည်။
(ဇ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့အတွက် ထောက်ခံစာများနှင့်တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူအထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၇ခုနှစ်၊ ဇွန်လ ၁ရက်နောက်ဆုံးထားတင်ပြရမည်။(အသက်ကန့်သတ်ချက်ကို ၂၀၁၇ခုနှစ်၊ မေလ ၃၁ရက်ဖြင့် တွက်ချက်သည်။)
(ဈ) အရည်အချင်းစစ်စာမေးပွဲကို သက်ဆိုင်ရာမြို့နယ်ရှိ သတ်မှတ်ထားသောစာစစ်ဌာန၌ ၁၅-၅-၂၀၁၇ရက်တွင် (၉)နာရီမှ(၁၀)နာရီအထိ အင်္ဂလိပ်စာ၊ သင်္ချာနှင့်အထွေထွေဗဟုသုတဆိုင်ရာ(၁)နာရီမေးခွန်းကိုဖြေဆိုရမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင်လူတွေ့စစ်ဆေးခြင်းခံယူရမည်ဖြစ်သည်။
(ည) ဖြေဆိုခွင့်ရရှိသူများစာရင်းကို စာမေးပွဲရက်မတိုင်မီ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးတွင် ကြေညာပေးမည်ဖြစ်သည်။
(ဋ) လျှောက်လွှာ စတင်လက်ခံမည့်နေ့ရက်မှာ ၁၁-၄-၂၀၁၇ရက်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်မှာ၁၀-၅-၂၀၁၇ ရက်၊ ညနေ ၄ နာရီအထိဖြစ်ပါသည်။
(ဌ) လျှောက်လွှာများကို မိမိနေထိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် အခမဲ့ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့**
**ထားဝယ်မြို့**

## အသိပေးကြေညာချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ City Bus များ တင်ဆောင်လာသည့် M.V CHANG RONG KOU V.CR 155 သင်္ဘောသည် ၁၈-၄-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ်(၂/၂၀၁၇) (၁၅-၅-၂၀၁၇)မှ (၂၂-၅-၂၀၁၇)ထိ
(ခ) သင်တန်းချိန် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီထိ
၂။ သင်တန်းကြေး(၃၅၀၀၀)ကျပ်
၃။ သင်ကြားပို့ချမည့်ဘာသာရပ်များ
(က)မှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း

**တိုင်းဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(၉)မိုင်၊**
**ပြည်လမ်း၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၆၁၀၆၊ ၀၉-၄၂၀၀၈၂၂၀၀၊ ၀၉-၅၀၇၄၅၀၇**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(သတ္တုရေးရာ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ) ရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း (၇)ခုတို့တွင် အသုံးပြုမည့် ရုံးသုံးစက်ပစ္စည်းကိရိယာများ၊ ရုံးသုံးစာရေးကိရိယာများနှင့် Toner,Catridge & Computer Accessories ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၂-၅-၂၀၁၇ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)၊ ဝန်ကြီးရုံး/ဦးစီးဌာနနှင့် လုပ်ငန်း(၇)ခုတို့တွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(သတ္တုရေးရာ) ဝန်ကြီးရုံး | -ဖုန်း-၀၆၇-၄၀၉၃၇၀ |
| (ခ) | သတ္တုတွင်းဦးစီးဌာန | -ဖုန်း-၀၆၇-၄၀၉၃၇၇ |
| (ဂ) | ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | -ဖုန်း-၀၆၇-၄၁၄၀၇၉ |
| (ဃ) | အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | -ဖုန်း-၀၆၇-၄၀၉၁၆၂ |
| (င) | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | -ဖုန်း-၀၆၇-၄၀၉၃၉၁ |
| (စ) | မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | -ဖုန်း-၀၆၇-၄၁၄၉၀၄ |
| (ဆ) | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | -ဖုန်း-၀၆၇-၄၁၄၀၈၃ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၅)ရပ်ကွက်နေ (ဘ)ဦးလှတင်၊ (မိ) ဒေါ်အမာကြည်တို့၏ သား၊ မောင်ရဲမင်းသန့်(ခ)မင်းမင်း[၈/ပခက(နိုင်)၂၃၇၁၆၆]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**မိခင်-ဒေါ်အမာကြည်[၈/ပခက(နိုင်)၀၄၉၂၈၅]**

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၀၇၃၀၀၀၅
-၀၉-၄၅၁၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၀၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၁၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃



5 Year Warranty

# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊
ခေါင်းလောင်း၊ ဗိမာန် ဒါယိကာမကြီး

**ဒေါ်တင်တင်အုန်း (ဖျာပုံ)**

လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက် နေကြာသာယာကုန်းလမ်း၊ တိုက်(၇)၊ အခန်း(၇)နေ (အောင်ဆန်းသူရိယ ဗိုလ်မှူးအေးချို)၏ ဇနီး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ ၏ ထာဝရငွေပင်အလှူရှင် ဒေါ်တင်တင်အုန်းသည် ၁၂-၄-၂၀၁၇ ရက်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုများနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ကြီးကြပ်ထောက်ပံ့ရေး (အထက်၊ အောက်မြန်မာပြည်)အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွေး(ငြိမ်း)**

**အသက်(၈၀)**

သူငယ်ချင်းဗိုလ်မှူးမျိုးသန့်အောင်(ငြိမ်း) (လက်ထောက်အတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်ရီရီအောင်တို့၏ ဖခင်ဖြစ်သူသည် ၁၃-၄-၂၀၁၇ရက်နေ့ ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)**
**ကျောင်းဆင်းဖက်သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာနေ ဗိုလ်မှူးကြီးမင်းဆွေ (ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ကိုစည်သူမင်းဆွေ-မဝတ်ရည်ဟိန်း၊ ကိုမျိုးမင်းသူ-ဒေါက်တာဖြူဖြူဝင်းတို့၏မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဌေး (စစ်ကိုင်း) အသက်(၆၁) နှစ်သည် ၁၃-၄-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖေသောင်း-ဒေါ်မြင့်မြင့်စီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးသန်း**

**ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

**အသက်(၅၉)နှစ်**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်း အသက်(၅၉)နှစ်သည် ၁၂-၄-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ည ၉ း ၅၀နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော်ခုတင်(၅၀၀) ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးစိုးသန်း(ငြိမ်း)**

D.S.A(20)

**အသက်(၅၉)နှစ်**

**ညွှန်ကြားရေးမှူး၊ မကွေးတိုင်းစည်ပင်သာယာရေးဦးစီးဌာန**

ဒေါ်နန်းစိန်ဥ၏ ခင်ပွန်းဖြစ်သူသည် ၁၂-၄-၂၀၁၇ရက်နေ့ ည ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

## အနိစ္စ

### ဦးလှအေး

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးစီ-ဒေါ်အေးတင်)တို့၏ သား၊ ဒေါ်သိန်းညွန့်၊ ဒေါ်ငွေညွန့်တို့၏ မောင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁၀-ရပ်ကွက်၊ ချယ်ရီလမ်းသွယ်(၂)၊ တိုက်(B-4)၊ အခန်း(003)၊ တက္ကသိုလ်ရိပ်မွန်ဥယျာဉ်အိမ်ရာနေ ဒေါ်တင်တင်ဌေး(ခ)ဒေါ်ဌေးဌေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မေသန်းဦး(ကျောင်းအုပ် အထက-၄၊ ဒဂုံအရှေ့-ငြိမ်း)၊ ဦးသန့်ဇင်-ဒေါ်ရီရီအောင်၊ ဦးအုန်းသန်း-ဒေါ်ညိုညိုစန်း၊ ဦးမင်းဇော်လွင်-ဒေါက်တာအေးအေးစန်း (ကထိက-ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်) တို့၏ မွေးသဖခင်၊ မြေး၁၀ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇(တနင်္ဂနွေနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁၀-ရပ်ကွက်၊ ချယ်ရီလမ်းသွယ်(၂)၊ တိုက်(B-4)၊ အခန်း(003)တက္ကသိုလ်ရိပ်မွန်ဥယျာဉ်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မောင်ခေါင်ဘုန်းဦး

**စတုတ္ထနှစ်(သမိုင်း)၊**
**အဝေးသင်တက္ကသိုလ်**

**အသက်(၂၆)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်ဝင်း-ဒေါ်ခင်တင့်)၊ (ဦးဝင်းထိန်)-ဒေါ်နွဲ့နွဲ့တို့၏မြေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄၇/ဈ-၁)၊ ဦးဖိုးသုန်ရိပ်သာ လမ်းနေ ဦးခေါင်မင်း (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်သီတာဝင်း (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန) တို့၏သားကြီး၊ မောင်ခေါင်ပိုင်စိုး (တတိယနှစ်-မြန်မာစာ)၊ မမေသီခေါင် (B.A,Psycho) တို့၏ အစ်ကိုကြီး မောင်ခေါင်ဘုန်းဦးသည် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၇ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

### ဒေါ်နု

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်တင့်ဆန်း-ဒေါက်တာ သီတာသန်းမောင်၊ ဦးဝင်းနိုင်-ဒေါ်အေးအေးသက်တို့၏မိခင်သည် ၁၄-၄-၂၀၁၇ (သောကြာနေ့) နံနက် ၉း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွေး (ငြိမ်း)

ကြည်း-၈၄၂၄

**အသက်(၈၀)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၂)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ နှင်းဆီလမ်းသွယ်(၁)နေ (ဒေါ်တင်တင်မေ)၏ ခင်ပွန်း၊ (ဒေါ်မိုးသီတာအောင်)-ဦးတင်ကိုလတ်(ဦးစီးအရာရှိ၊လဝက၊တနိုင်းမြို့နယ်)၊ ဗိုလ်မှူးမျိုးသန့်အောင်(ငြိမ်း) (စိုက်/မွေး/ဆည်ဝန်ကြီးဌာန) (သမဝါသမ) (လက်ထောက်အတွင်းဝန်) (စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ)-ဒေါ်ရီရီအောင်၊ ဦးစိုးမိုးအောင် (1st Engineer MTM Shipping Co.,Ltd.)၊ ဒေါ်ဝင်းစန္ဒာမြင့်၊ ဒေါ်သိင်္ဂီအောင် တို့၏ ဖခင်၊ မောင်ပြည့်ဖြိုးကိုကိုအောင်၊ မအေးချမ်းမိုး၊ မောင်သွင်စစ်ကိုထူး၊ မောင်သွင်ညီညီထူး၊ မခိုင်မြတ်နိုးဦး၊ မောင်ခန့်ငြိမ်းကျော်တို့၏ အဘိုးသည် ၁၃-၄-၂၀၁၇ ရက် ည ၇း၁၅ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွေး (ငြိမ်း)

ကြည်း-၈၄၂၄

**အသက်(၈၀)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၂)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ အမှတ်(၁၈၉)၊ နှင်းဆီလမ်းသွယ်(၁)နေ (ဒေါ်တင်တင်မေ)၏ ခင်ပွန်း၊ (ဒေါ်မိုးသီတာအောင်)-ဦးတင်ကိုလတ်(ဦးစီးအရာရှိ၊လဝက၊တနိုင်းမြို့နယ်)၊ ဗိုလ်မှူးမျိုးသန့်အောင်(ငြိမ်း)(စိုက်/မွေး/ဆည်ဝန်ကြီးဌာန)(သမဝါယမ)-ဒေါ်ရီရီအောင်၊ ဦးစိုးမိုးအောင် (MTM Shipping Co.,Ltd.)-ဒေါ်ဝင်းစန္ဒာမြင့်၊ ဒေါ်သိင်္ဂီအောင်တို့၏ဖခင်၊ မောင်ပြည့်ဖြိုးကိုကိုအောင်၊ မအေးချမ်းမိုး၊ မောင်သွင်စစ်ကိုထူး၊ မောင်သွင်ညီညီထူး၊ မခိုင်မြတ်နိုးဦး၊ မောင်ခန့်ငြိမ်းကျော်တို့၏ အဘိုးသည် ၁၃-၄-၂၀၁၇ ရက် ည ၇း၁၅ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးတစ်စု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦးအောင်ကြီးမြင့်(ခ)ဦးဂျော့ဖွား

**အသက်(၇၂)နှစ်**

တောင်ငူမြို့နေ (ဆရာဖွား-ဆရာမကြီးဒေါ်ပု)တို့၏သားလတ်၊ ဆရာမကြီး (ဒေါ်အယ်နီဖွား)၊ ဦးဖွားမောင်မောင်-ဒေါ်မေရီ၊ ဒေါက်တာဦးဌေးအောင်-ဒေါ်ဆယ်လီဖွား၊ (ဒေါက်တာဦးကိုလွင်)-ဒေါ်အယ်မာဖွားတို့၏ ညီ/မောင်၊ ဦးပီတာဖွား(ခ)ဦးမိုးကျော်-ဒေါ်ကြည်ညွန့်တို့၏ အစ်ကို ၊ အမှတ်(၁၇၀) ပ-ထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးအောင်ကြီးမြင့်(ခ)ဦးဂျော့ဖွားသည် ၁၃-၄-၂၀၁၇ရက် ညနေ ၅း၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရှိသော ဈာပနဝတ်ပြုခြင်း အစီအစဉ်ကို ၁၅-၄-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမိတ်ဆွေများ လာရောက်မေတ္တာပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ရီ(ပုသိမ်)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့နေ(ဦးစံချိန်-စက်ရှင်တရားသူကြီး-ငြိမ်း)၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်စန်းစန်းဝင်း၊ (ဦးနီထွေး)-ဒေါ်မေမေမြ၊ ဒေါ်အေးအေးချိန်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၄-၂၀၁၇ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၅-၄-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ရက် နံနက် ၇ နာရီတွင် အမှတ်(၈)၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဆရာမကြီးဒေါ်သန်းမြင့်

(မအူပင်)

**အသက်(၈၆)နှစ်**

မအူပင်မြို့နေ ဆရာမကြီးဒေါ်သန်းမြင့်သည် ၁၀-၄-၂၀၁၇(တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ မအူပင်မြို့၊ အမှတ်(၆၇)၊ မင်းလမ်းရှိ ဦးထွန်းမြင့်သန်း-ဒေါ်သန်းဆင့်တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်လှ(ခ)တော်စွန်ထိုင်(ခ)ဦးဂေါ်ဇီလာ

**အသက် (၆၇)နှစ်**

(ပဲခူး)

ပဲခူးမြို့နေ (ဦးသန်း-ဒေါ်ကျင်ဝိုင်း)တို့၏သား၊ (ဦးဟန်စိန်-ဒေါ်ကျင်မွှေး)တို့၏ သားသမက်၊ ဦးအောင်သန်းဝင်း-ဒေါ်အေးကျော့စံ၊ ဒေါက်တာစိုးကိုကိုဝင်း-ဒေါ်မေသကြဲန်စိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ပဲခူးမြို့၊ အမှတ်(၂၈၅/A)၊ ရွှေမော်ဓောဘုရားလမ်းနေ ဒေါ်စန်းစန်းရီ၏ ခင်ပွန်းသည် ၁၃-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါ နေအိမ်မှဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဦးဝင်းစိန်

B.A.(Law)LL.B., D.B.L.,D.M.L

**တရားလွှတ်တော်ရှေ့နေ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရှေ့နေအသင်း**
**(M.B.A)**
**ဥက္ကဋ္ဌ၊ တောင်ငူမြို့နယ်အသင်း**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(A-5)၊ ရွှေငုဝါလမ်း၊ ရွှေစံပယ်ရိပ်မွန်၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်ခင်-ဒေါ်ခင်ကြည်)တို့၏ သား၊ ဒေါ်နွေတီ (အထက်တန်းရှေ့နေ)၏ ခင်ပွန်း၊ (ဒေါ်နီနီဝင်းဆွေ)၊ ဦးပိုင်ဝင်းအောင် - ဒေါ်ဝေလွင်ထွန်း၊ ဒေါ်သန္တာဝင်း(ခေတ္တ-ဂျပန်)၊ ဦးအောင်သူ (တရားလွှတ်တော်ရှေ့နေ)၊ ဦးဆန်းအောင်ကြည်-ဒေါ်ခင်ပြုံးအေး၊ ဦးမိုးဇော်-ဒေါ်ချယ်ရီဝင်းဆွေတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးဝင်းစိန် သည် ၁၄-၄-၂၀၁၇ (သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၇ (ကြာသပတေးနေ့)တွင် ရွှေစံပယ်ရိပ်မွန် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### လင်းသူဝင်းမောင်(ခ) မိုဟာမတ်အီဘရာဟင်

**အသက် (၂၇)နှစ်**

**CE-35 ရေကြောင်းကောလိပ်**

ရန်ကုန်မြို့၊ အမှတ်(၄၄၈)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဟာဂျီဦးဝင်းမောင်-ဟာဂျီမဒေါ်တင်တင်နွယ်တို့၏ တစ်ဦးတည်းသောသား၊ ဦးအောင်မြင့်၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်ဖြူ၊ ဒေါ်စောရင်လှတို့၏ တူ၊ ဒေါ်စောကလျာဝင်း၊ ဒေါ်စောသီတာဝင်းတို့၏ မောင်သည် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစိုးဝင်း(မြင်းခြံ)

**ဦးစီးအရာရှိ(ငြိမ်း)ပြည်တွင်းအခွန်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မီးဒုံးလမ်းသွယ်(၁)၊ တိုက်(၁၀၈/၆)နေ (ဦးချစ်တီး-ဒေါ်အုံး) တို့၏ သား၊ (ဦးငွေလှိုင်-ဒေါ်ထားစိန်)တို့၏ သားသမက်၊ ဒေါ်စောရီ၏ခင်ပွန်း၊ (ဦးမြသောင်း)-ဒေါ်သောင်းရွှေတို့၏မောင်၊ (ဦးဝင်းမြင့်-ဒေါ်လှရီ)တို့၏ညီ၊ (ဦးသိန်းတိုး-ဒေါ်နီနီ)၊ ဦးစိန်ဝင်းမောင်-ဒေါ်နော်အေမီချစ်(တကက-သားဖွား၊ ငြိမ်း)တို့၏ အစ်ကို၊ (ဦးသက်ဦး)၊ ဦးစိန်လင်း၊ ဒေါ်အေးအေးသက်၊ ဦးလွင်ဦး-ဒေါ်မာမာသိန်း၊ ဦးမောင်မောင်ဦး-ဒေါ်ဌေးဌေးဝင်း၊ဦးရန်နိုင်မိုးတို့၏ဖခင်၊ မောင်လင်းမြတ်ဟိန်း၏ အဘိုးသည် ၁၄-၄-၂၀၁၇ (သောကြာနေ့) နံနက် ၇း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၇ (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ရွှေ

**အသက်(၇၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးမြို့၊ ဘူတာလမ်းနေ ဦးချောမောင်(မွှေးမွှေးကုန်စုံဆိုင်)၏ ဇနီး၊ အရှင်ဒေဝိန္ဒ(မေ့ပါရဂူတိုက်သစ်၊ ရန်ကုန်)၏ မယ်တော်ကြီး၊ ဒေါက်တာမျိုးအောင်-ဒေါ်စန်းစန်းအေး(မန္တလာဆေးရုံ၊ မန္တလေးမြို့)၊ ဦးမောင်မောင်-ဒေါ်အေးအေး(ပေကုန်းရွာ)၊ ဒေါ်မွှေးမွှေး၊ ဒေါ်ခင်လေး၊ ဒေါ်ခင်မျိုးဌေး၊ ဦးစိုင်းမျိုးနိုင်-ဒေါ်ဥမ္မာတင့်(ဓာတ်ခွဲမှူး၊ ရန်ကုန်မြို့)၊ ဦးစိုးနိုင်-ဒေါက်တာရီရီခိုင် (မြင့်မိုရ်ဦးဆေးဆိုင်၊ မန္တလေးမြို့)တို့၏ မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်ရွှေသည် ၁၃-၄-၂၀၁၇ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မော်လူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

**ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။**

**ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲမထွက်မီ (၁၅)မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့်-

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့မဟုတ်)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင်သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"**

- မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့်ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။
- ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မန်းရွှေစက်တော်ဘုရားသို့ ဘုရားဖူးလာပြည်သူများ အထူးများပြား



**မင်းဘူး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ပါဒခြေတော်ရာနှစ်ဆူဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်ထိ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရား၏ (၃၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုလည်း ဧပြီ ၁၂ ရက်က စည်ကားစွာကျင်းပခဲ့သည်။

ယခုနှစ် သင်္ကြန်အကြိုနေ့တွင် ဘုရားဖူးယာဉ်များ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး နံနက်လင်းချိန်မှစ၍ ဘုရားဖူးလာသည့်ယာဉ်တန်းကြီးမှာ လျော့မသွားဘဲ မန်းရွှေစက်တော်ဘုရားပွဲတော်၏ ဘုရားဖူးအများဆုံး လာရောက်သည့် စံချိန်တင်နေ့တစ်နေ့ဖြစ်ခဲ့ကြောင်း သိရသည်။ ဘုရားဖူးလာသူများအတွက် တည်းကျောင်းဇရပ်များမှာ သတ်မှတ်နှုန်းထားအတိုင်း ဈေးနှုန်းသက်သာသောကြောင့် ယခုနှစ်တွင် ဘုရားဖူးလာရောက်သူများ စိတ်ကျေနပ်မှု **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့ အထူးစည်ကား

**မန္တလေး ဧပြီ ၁၄**

မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် နှစ်သစ်ကို စိတ်သစ်ဖြင့်ဖြတ်သန်းရန် မန္တလေးမြို့တော်တစ်ခွင်လုံး၌ ပြည်သူများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့်အညီ ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။ မန္တလေးမြို့ ကျုံးပတ်လည်ရှိ ဌာနဆိုင်ရာသင်္ကြန်အလှပြမဏ္ဍပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ်များ၊ ကျုံးတောင်ဘက် (၂၆)လမ်းတစ်လျှောက်ရှိ ရိုးရာသင်္ကြန်စစ်စစ် လမ်းလျှောက်သင်္ကြန် ရေကစားမဏ္ဍပ်များ၊ အလှပြမဏ္ဍပ်များတွင် မိသားစုလိုက်၊ အဖွဲ့လိုက် အနယ်နယ်အရပ်ရပ်မှ လာရောက်ရေကစားကြသည့် ပြည်သူများသည် အေးချမ်းစွာပါဝင်ဆင်နွှဲလျက်ရှိရာ သင်္ကြန်မဏ္ဍပ်ရှေ့၌ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မန္တလေးမြို့တော်၏ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ■



မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။


Mingalar Cinemas

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၇၇ ၀၁-၂၄၃၀၇၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၅၇၇၈၄၂၈၁၂ ၀၉ ၅၇၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၈၀၀ ၀၉၄၅၇၈၄၂၈၀၀ | မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပဲခူး) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉ ၂၆၁၃၀၀၁၁၃၅ ၀၉ ၂၆၁၃၀၀၁၁၆၆ | မင်္ဂလာ (ဂမုန်းပွင့်) (လည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၇၀၅၅၆၇၂ ၀၉၇၇၇၀၅၅၆၇၃ | ဝင်းလိုက် မန္တလေး ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ မန္တလေး ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄ | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၆၀၉၁၁၂၁၁ ၀၉၉၆၀၉၁၁၃၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၈၇၄၁ ၀၉ ၇၆၈၅၂၈၇၄၂ ၀၉ ၇၆၈၅၂၈၇၄၄ | ပွဲချိန် - ၁၀း၁၀ နာရီ၊ ၁၂း၁၀ နာရီ၊ ၃း၁၀ နာရီ၊ ၆း၁၀ နာရီ၊ ၉း၁၀ နာရီ ၁၇.၄.၂၀၁၇ မြန်မာနှစ်ဆန်း(၁)ရက်နေ့မှစတင်ပြသမည် | | |

**ကြိုးဖြင့်ချည်ထားသော ဟာရာကာသီ**

ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ၊ မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာ(ဂမုန်းပွင့်)

မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာမန်းနေပြည်တော်

ပြည် - မင်္ဂလာထွန်းသီရိ

ပဲခူး - မင်္ဂလာ Icon Shopping Mall

တောင်ငူ - NEW 3D CINEMA မကွေး - မင်္ဂလာစံပြ

**FAST & FURIOUS 8 (3D)**

ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်၊ မင်္ဂလာစံပြ မင်္ဂလာ(၂)ဒဂုံစင်တာ(၂) မင်္ဂလာ(ဂမုန်းပွင့်)

မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

ပြည် - မင်္ဂလာထွန်းသီရိ

ပဲခူး - မင်္ဂလာ ICON

**ချိုးချိုးချက်ချက်**

ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)

မန္တလေး - မင်္ဂလာ ဒိုင်းမွန်း

**THE BOSS BABY (3D)**

ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)

တောင်ငူ - NEW 3D CINEMA မကွေး - မင်္ဂလာစံပြ

**မာယာဝတိုင်**

ရန်ကုန် - မင်္ဂလာဝဇီရာ(လှိုင်သာယာ)

**POWER RANGERS**

ရန်ကုန် - နေပြည်တော်













